www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

အောင်မြင်စာပေ

# ကြိုခဏ္ဍ

အထိကရပညာလမ်း



www.burmeseclassic.com

www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

...အမှတ် ၅၀၁၁၃၉၀၄၀၀
...ချက်အမှတ် ၅၀၁၅၈၀၃၀၅၀၀

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။


**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**

အောင်မြင့်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ (ဩဂုတ်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်။

၈၉၅.၈၃

ကြီးစက္က
အထိကရပညာလေး/ကြီးစက္က။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁၊
၂၄၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊
(၁) ကြီးစက္က



www.burmeseclassic.com

www.burmeseclassic.com

# (အမှာစာ)

"ခရေပင်ဖောက်ထိုး" ဟူသောအမည်မှာ မြစ်ဝကျွန်းပေါ် အရပ်ဒေသ၌ နေထိုင်ကြသောသူများ မကြားဖူးသူ မရှိသလောက် ထင်ရှားသော အမည် တစ်ခုပင် ဖြစ်ပေသည်။

သို့သော်လည်း ခရေစေ့တွင်းကျ သိသူ တစေ့ အတော်တလေး ရှားလှပေသည်။

အချို့က ခရေပင်ဖောက်ထိုးကို ဥစ္စာသိုက် တစ်ခုဟု ထင်ကြသည်။ အချို့ကတော့ ပညာသိုက် တစ်ခုဟု ပြောသည်။

အချို့က နတ်ကြီးသောနေရာ၊ အချို့က အစောင့် အရှောက် များသောနေရာ၊ တစ္ဆေ သရဲ ကြမ်းသောနေရာတစ်ခုဟု ထင်ကြ ပေသည်။

ကျွန်တော် ရေးသားသော ဇာတ်လမ်းမှာ ဖြစ်ရပ်မှန်နှင့် အနီး စပ်ဆုံး ဇာတ်လမ်းပင် ဖြစ်ပါသည်။

ခရေပင်ဖောက်ထိုးနှင့် ပတ်သက်၍ ဖဝေဖဝါ ဖြစ်နေပါက ထိုစာအုပ်ကို ဖတ်ပါက သက်ဆိုင်သော အကြောင်းအရာ တစ်ခုတော့ သိရမည်ဖြစ်ပါသည်။

သို့သော်လည်း ဖြစ်ရပ်မှန်အတိုင်း ခရေစေ့တွင်းကျ တော့ ရေးသား၍လည်း မဖြစ်ပေ။

သို့ကြောင့် ဖြစ်ရပ်မှန် အကြောင်းရင်း လည်း ပါစေ၊ ဝတ္ထုသဘောလည်း အဆင်ပြေစေရန် မူလဖြစ်ရပ်မှန် ကျောရိုးကို အခြေခံလျက် ကျွန်တော့် စိတ်ကူးဖြင့် ဤဝတ္ထုဖြစ်အောင် ရေးသားခဲ့ခြင်းဖြစ်ပါ ကြောင်း စာဖတ်သူများအား ကြိုတင် အစီရင်ခံအပ် ပါသည်။

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ...

တြိစက္က

www.burmeseclassic.com

www.burmeseclassic.com

# ဒဿမနုလက်ဆောင်

- ဆိုးဝါးမှုများ တစ်ခုပြီးတစ်ခုနှင့် အစုလိုက်အပြုံလိုက် ရောက်ရှိလာပြီးလျှင် ပျော်ရွှင်ဖွယ်ရာများသည်လည်း မကြာခင်မှာ ရောက်လာရန်အတွက် အလှည့်စောင့်နေကြပါသည်။ သို့သော်...တစ်ခုတော့ရှိသည်။ ဆိုးဝါးမှုများ ကြုံတွေ့နေရချိန်မှာ စိတ်ဓါတ်ကျပြီး အရှုံးမပေးမိဖို့တော့ အရေးကြီးပါသည်။

- **သင့်ကံကြမ္မာကို**
**သင်ကိုယ်တိုင် ဖန်တီးနိုင်သည်ဆိုစေကာမူ**
**အချိန်တိုင်းမှာတော့ မရနိုင်ပေ။**
**ကံကြမ္မာသည် တစ်ခါတစ်ရံ၌ မကောင်းမှုများ ရှိရာသို့ အလည်ရောက်နေတတ်သည်။**

- ပြဿနာဟူသည် လူတိုင်းမှာရှိနေတတ်သည်။ ထိုပြဿနာကို အကောင်းဆုံး ဖြေရှင်းနိုင်ခြင်းသာ တစ်ဦးနှင့်တစ်ဦး မတူကြခြင်းဖြစ်သည်။

- လှိုင်းလေပြင်းထန်သော ပင်လယ်ထဲတွင် သင်္ဘောအား တည်ငြိမ်မှု ရှိစေရန် ထိန်းပေးနိုင်သည့် (Gyroscope) အထိန်းကိရိယာ ပါရှိရသလို...
မိမိစိတ် ယိမ်းယိုင်ပျက်ပြားလာသောအခါ အပြုသဘောဆောင်သည့် အထိန်းကိရိယာနှင့် ထိန်းပေးရပါမည်။

- **အောင်မြင်မှုများ ရရှိနေချိန်တွင်**
**စိတ်လွှတ်လက်လွှတ် ပျော်ရွှင်နေမည့်**
**အစား ကျဆုံးသွားချိန်တွင်**
**မည်သို့မည်ပုံ ရင်ဆိုင်ကျော်ဖြတ်ရမည်**
**အတွက် ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။**

- ချစ်သူနဲ့ မတွေ့ရခင်မှာ ဘဝအကြောင်းများကို အလေးအနက်ထားပြီး စဉ်းစားထားပါ၊
ချစ်သူနှင့် တွေ့သောအခါ...
သူ့အကြောင်းကို အလေးအနက်ထားပြီး ပြောဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com

✿ ရယ်စရာ ပျော်ရွှင်စရာများကို
မကြာခဏ တွေ့ရတတ်ပါသည်။
သို့သော်လည်း အကောင်းဆုံး မဟုတ်မချင်း
ကျေနပ်လက်ခံရမည် မဟုတ်ပေ။

✿ ပန်းတစ်ပွင့်သည်
ချစ်ခြင်းမေတ္တာအတွက်
သက်သေတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။
အချစ်အတွက် အကောင်းဆုံး သက်သေမှာ
ဘဝအတွက် ခိုင်မြဲမှု ရှိစေရန်
ကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်သည်။

✿ စိတ်ကူးဖြင့် အကောင်အထည်
ဖော်နေခြင်းထက်
ထိုစိတ်ကူးထဲမှာ မိမိယုံကြည်မှု
ဘယ်လောက်ရှိသလဲ ဆိုသည်ကို
လေ့လာကြည့်သင့်ပါသည်။

✿ တကယ်မလိုချင်သောအရာများတွင်
အာရုံများနေခြင်းထက်
မိမိတကယ်လိုချင်သော အရာတစ်ခုအပေါ်တွင်
အာရုံထားခြင်းက ပိုကောင်းပါသည်။

✿ ယခုကာလသည်
အချစ်ကို အလွယ်တကူ တွေ့နိုင်သော်လည်း
အချစ်ကို ရှာဖွေရမှာတော့
များစွာခက်ခဲသွားပြီ ဖြစ်ပေသည်။

✿ ချစ်ခြင်းမေတ္တာကို
တန်ဖိုးမထားတတ်သူအဖို့
သစ္စာကိုလည်း အလေးထားမည် မဟုတ်ပေ။
ထိုသူသည် အကာသာရှိပြီး
အနှစ်မရှိသော သစ်ပင်၏ခံစားမှုမျိုး
ရှိသူသာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်၌ပါဝင်သောအခန်းများ


အမှာစာ
အခန်း(၁) သိဒ္ဓိ(၁၀)ပါးနှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ
အခန်း(၂) ကျိုက်ထိုမြို့မှ စောင့်ဆိုင်းနေသူ
အခန်း(၃) ကွယ်ပျောက်နေသည့် ရွှေစေတီ ပြောတ်ဆု
အခန်း(၄) ထွက်ရပ်ပေါက် ဆရာတော်ကြီးနှင့် တွေ့ဆုံရခြင်း
အခန်း(၅) ဗုဒ္ဓိုဗ်သုံးဆူကို ရရှိကြခြင်း
အခန်း(၆) ပရလောကသားအနှောင့်ယှက်မှ ခံရခြင်း
အခန်း(၇) အစောင့်မရှိသောမြို့မှ အစောင့်များ
အခန်း(၈) ဒိဗ္ဗစက္ခုပ်နှင့် ပရလောကသား
အခန်း(၉) ဆရာကြီး သူရှနှင့် တွေ့ရခြင်း
အခန်း(၁၀) ရွှေစေတီနှင့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ
အခန်း(၁၁) မောင်ထွန်းမြတ်နှင့် တွေ့ကြရခြင်း
အခန်း(၁၂) လမ်းမှ တွေ့ဖသော အန္တရာယ်
အခန်း(၁၃) အရိုးဂူအတွင်းမှ ပရလောကသားများ
အခန်း(၁၄) အဝိဇ္ဇာကရ ခရေပင်ဖောက်ထိုး
အခန်း(၁၅) သမုတ်ပလ္လင်ဂူအတွင်းမှ ကရင်မောင်နှမ
အခန်း(၁၆) ခရေပင်ဖောက်ထိုးနှင့် ပရလောက မာယာ ညွတ်ကွင်း
အခန်း(၁၇) ခွဲ့အနုတ်မပါသော်လည်း အရှုံပါလာခဲ့သူ






# အခန်း(၁)

# သိဒ္ဓိ(၁၀)ပါးနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ

တစ်နေ့သ၌ ကျွန်ုပ်သည် ထူးခြားဆန်းကြယ်ေသော ဂမ္ဘီရဝ ်းချင်းတစ်အုပ် ရေးသားရန်အတွက် အချက်အလ က်များကို ရှာ ဖွေစုဆောင်းနေစဉ်အချိန်ဖြစ်ပါသည်။

သာမန်ဝတ္ထုများကို ရေးသားရသည်ထက် ဂမ္ဘီရ ဆန်းစွာ ဆန်းကြယ်လှသောဝတ္ထုများကို ဖန်တီးရေးသားရာ၌ စာ ရေးသူ ဘစ်ေ သာက်အနေနှင့် များစွာအားထုတ်မှုပြုရပါသည်။

သာမန်ရေးမည်ဆိုလျှင်လည်း ဝတ္ထုတစ်အုပ် ပြီးမြောက်ပါ သော်ပည်း အချက်အလက် ဗဟုသုတများ မှန်ကန် ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



အောင် ရေးသားမည်ဆိုလျှင်တော့ စာရေးသူတစ်ယောက်အနေနှင့် များစွာသင်ပန်းလှပါသည်။

ပထမအချက်အနေဖြင့် မိမိရေးသားမည့် ဇာတ်လမ်းအကြောင်းအရာသည် ဖြစ်ရပ်မှန်ကန်သော အကြောင်းအရာဖြစ်စေရပါမည်။

သို့မဟုတ်သည့်တိုင် ထိုအကြောင်းအရာကို အမှီပြုပြီး ရေးသားသည့် ဝတ္ထုဇာတ်လမ်းမျိုးဖြစ်စေရပါမည်။ ဒုတိယအချက်အနေနှင့်ကတော့ မိမိရေးသားမည့် ဇာတ်လမ်းဇာတ်ကွက်နှင့် သက်ဆိုင်သော နေရာပတ်ဝန်းကျင်များနှင့် ထိုအထဲတွင် ပါဝင်သော အချက်အလက်များ တိကျမှန်ကန်စေရန် ကြိုးစားအားထုတ်ရခြင်းဖြစ်ပေသည်။

သာမန်ရေးမည်ဆိုလျှင်တော့ . .

"တစ်နေ့သ၌ ဧရာဝတီမြစ်ကမ်းနံဘေးရှိ ရွာကြီးတစ်ရွာ" ဟု ယေဘုယျ ရေးသားမည်ဆိုလျှင်လည်း ဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ အစအဆုံး မိုင်ပေါင်း ရာထောင်ချီပြီး ရှည်သော ဧရာဝတီမြစ်၏ဘယ်နေရာကို ခံစားရမှန်း သိမည်မဟုတ်တော့ပေ။

သူများက ဟိမဝန္တာ ရေး၍ ဟိမဝန္တာ လိုက်ရေးသည်။ သူများက တိဗက်ရေးသဖြင့် တိဗက်အကြောင်း လိုက်ရေးသည်။

ဟိမဝန္တာနှင့်တိဗက်တို့၏အကြောင်းကို ဂယနဏ သိသူများ မဟုတ်သောကြောင့် ရာသီဥတုနှင့် နေရာဒေသအပါအဝင် ဓလေ့စရိုက်များပါ အလွဲလွဲအမှားမှားဖြစ်ကြရပေသည်။





စာရေးသူတစ်ယောက်အနေနှင့် ကိုယ်တိုင်ကိုယ်သိသော အကြောင်းအရာများကိုသာ ရေးသင့်ပြီး ကိုယ်ကျွမ်းကျင်ပိုင်နိုင်သော နေရာဒေသများအကြောင်းကို ရွေးချယ်ရေးသားပါက မိမိဖန်တီးသော ဝတ္ထုရှသများ ပိုမိုပေါ်လွင်လာမည် ဖြစ်ပေသည်။

အများအားဖြင့်တော့ အခြားသူ ရေးသားထားသော အကြောင်းအရာများကို မှီငြမ်းရေးသားသောအခါ သူမသိသေးသော အရပ်ဒေသ၊ သူတစ်ကြိမ်မှ မရောက်ဖူးသေးသော အရပ်ဒေသ ဖြစ်သောကြောင့် အဘယ်မျှပင် မှီငြမ်းရေးသားသည်ဆိုစေကာမူ စမ်းတဝါးဝါးနှင့် ရေးရမည်သာဖြစ်ပေသည်။

သို့ကြောင့် ဖတ်ရသည့်အခါမှာလည်း ဟာကွက်များကြောင့် ပေါ့ပျက်ပျက် ဝတ္ထုအမျိုးအစားဖြစ်လာရပေတော့သည်။

ကျွန်တော်က ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးနယ်သားဖြစ်သောကြောင့် ထိုနယ်ဘက်မှ အကြောင်းအရာများကို ရေးသားသောအခါ အခက်အခဲမရှိ ရေးသားနိုင်ပေသည်။

ကျွန်တော်တို့အရပ်ဒေသဘက်မှ ထူးခြားသော နေရာများ၊ ပတ်ဝင်စားဖွယ်ကောင်းသော (ဥပမာ မျောက်ငစ်ရာ၊ မိန်းမသေကျွန်း၊ ထော်စီထော်ပိုင်၊ ကျွန်းညိုကြီး၊ ပြင်စလူ၊ လုံးမဂယက်)နေရာများကို ရေးသားရာတွင် အခက်အခဲမရှိ ရေးသားနိုင်သော်လည်း နောက်မှ လိုက်ရေးသူများအတွက်ကတော့ တစ်ခေါက်မှ မရောက်ဖူးသေးသောကြောင့် စိတ်မှန်းဖြင့်သာ ရေး



www.burmeseclassic.com

www.burmeseclassic.com



သွားကြရမည်ဖြစ်ပေသည်။

ထိုအခါ မူလက စိတ်ဝင်စားဖွယ်ကောင်းသောနေရာများမှာ ပျက်စီးခြင်းသို့ ရောက်ရပေတော့သည်။

စာရေးသူတစ်ယောက်အနေနှင့် မိမိရေးသားမည့် ဝတ္ထုအကြောင်းအရာနှင့် သက်ဆိုင်သောနေရာများသို့ အနည်းဆုံး တစ်ကြိမ်တော့ နှံ့နှံ့စပ်စပ် ရောက်ဖူးသင့်လှပေသည်။

ထိုအခါမှ ဝတ္ထုဇာတ်လမ်းရေးသားသည့်အခါ၌ အခက်အခဲမရှိ ရေးသားနိုင်ကြမည်ဖြစ်ပေသည်။

ကျွန်ုပ်သည် စာရေးဆရာတစ်ယောက်ဖြစ်သော်လည်း ခရီးသွားလာရခြင်းကို များစွာဝါသနာပါသော်လည်း ကျွန်ုပ်၏ မိတ်ဆွေကြီးများဖြစ်ကြသော ဆရာကြီးသူရဿ၊ ဦးဗန်ကောင်း၊ ဒေါက်တာမင်းထင်ကျော်တို့လောက် ခရီးနှံ့စပ်အောင် သွားလာခဲ့ဖူးသူတစ်ယောက်တော့ မဟုတ်ခဲ့ပါချေ။

၎င်းတို့ ခရီးထွက်သည့်အခါများနှင့် ကြုံကြိုက်လျှင် ၎င်းတို့နှင့်အတူ လိုက်ပါသွားလေ့ရှိပြီး အကယ်၍ ကိုယ်တိုင်မလိုက်နိုင်ပါက ၎င်းတို့ထံမှ အတွေ့အကြုံများကို အသေးစိတ် မှတ်သားယူရလေ့ရှိသည်။

၎င်းတို့ကလည်း အသေးစိတ်မှတ်တမ်းများ ရေးမှတ်လာပြီး ကျွန်ုပ်အား ပေးလေ့ရှိကြသည်။

သို့ကြောင့် ဝတ္ထုရေးသားသည့်အခါမှာ အခက်အခဲမရှိ ရေးသားနိုင်ခဲ့ပေသည်။

ယခုလည်း ရှေးအခါက ရှိခဲ့ဖူးသည့် သိဒ္ဓိဆယ်ပါးတွင်





အပါအဝင်ဖြစ်သော အာယုသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ မနသိဒ္ဓိ ရှိသည့် သိဒ္ဓိများနှင့် ပတ်သက်၍ ရှေးမှတ်တမ်းဟောင်းတစ်ခု ရှာဖွေရရှိထားရာ ထိုအကြောင်းများကို အခြေခံလျက် ဝတ္ထုရှည် ဘစ်ပုဒ် ရေးသားရန် ကြံစည်စိတ်ကူးလျက်ရှိပေသည်။

သို့သော်လည်း ဝတ္ထုအကြောင်းအရာ မစတင်မီ ထို့ထက် ပိုမိုပြည့်စုံသောအချက်အလက်များ ရလျှင်ဖြင့် ပို၍ကောင်းမည်ဟု တွေးတောမိသောကြောင့် ဝတ္ထုရေးသားခြင်းကို အလျှင်စလို မစသေးဘဲ အချက်အလက်များ ပိုမိုပြည့်စုံစေရန် ရှာဖွေလျက်ရှိနေရာမှ ထိုအကြောင်းများကို ပြည့်ပြည့်စုံစုံ သိနိုင်မည့် ဆရာကြီးသူရဿကို သတိရသဖြင့် ၎င်းနှင့် ဆွေးနွေး တိုင်ပင်ပါက ပိုမိုအကျိုးရလိမ့်မည် ထင်မိသဖြင့် ဆရာကြီးနေ ဆိုင်ရာ ရွှေဂုံတိုင်ကြားဟု ယခု ခေါ်တွင်သောနေရာသို့ လန်ဒန်ဘားစီး၍ သွားခဲ့လေသည်။

ကျွန်ုပ်နေထိုင်သောနေရာမှာ ရွှေဂုံတိုင်(ယခုမှ ဂုံတိုင်) လမ်း၊ ငါးထပ်ကြီးဘုရားအနီးရှိ ရပ်ကွက်တစ်ခုတွင် ဖြစ်သောကြောင့် ယခင်က နို့စားနွား မွေးမြူသော ကုလားများ ဘ နေထိုင်ကြသည့် ရွှေတောင်ကြားရပ်ကွက်သို့ သွားရာတွင် ဘောင်ဒရီလမ်း(ယခု ဓမ္မစေတီလမ်း)မှ သွားမှသာ လွယ်ကူပေသည်။

သို့သော်လည်း ယခင်အချိန်က ထိုလမ်းတလျှောက်မှာ ယခုကဲ့သို့ ကတ္တရာခင်းထားသည့် ကျောက်ချောလမ်း မဟုတ်ပါဘဲ ဒိုးပုံးခဲများသာ စီခင်းထားသောကြောင့် လန်ချားဆွဲသော ကုလားများက ထိုနေရာဘက်သို့ ခေါ်ပါက မလိုက်လို ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ငါးမူးမျှသာ ပေးရသောခရီးကို တစ်ကျပ်၊ တစ်ကျပ်တန် သောလမ်းကို တစ်ကျပ်ခွဲလောက် ပိုပေးမှသာ လိုက်ပို့ပေးကြသည်။

သို့သော်လည်း လန်ချားပေါ်မှ လိုက်ရသည်ဆိုစေကာမူ သက်တောင့်သက်သာတော့ မရှိလှပေ။

တဒုံးဒုံး၊ တဒိုင်းဒိုင်းနှင့် ဘယ်ယိမ်းညာယိုင်ဖြစ်ကာ လိုက်ပါသွားရခြင်းဖြစ်ပေသည်။

ဆရာကြီးသူရဋ္ဌ နေထိုင်သောခြံမှာ ဒေါက်တာမှင်းထင်ကျော် နေသောဘက် မဟုတ်ဘဲ အတွင်းဘက်သို့ အတော်ကလေး ဝင်ရသေးသည်။

လန်ချားဆွဲသောကုလားက ထိုနေရာအထိ မလိုက်လိုသောကြောင့် အနီးဆုံးနေရာမှာ ဆင်းပြီး လမ်းလျှောက်ဝင်ခဲ့ရလေသည်။

ဆရာကြီးသူရဋ္ဌ နေထိုင်သောခြံမှာ ကျယ်ဝန်းရုံသာမက သစ်ပင်ကြီးများဖြင့် အုံ့အုံ့ဆိုင်းဆိုင်းနှင့် အေးချမ်းတိတ်ဆိတ်သောနေရာတစ်ခုဖြစ်ပေသည်။

ကျွန်ုပ်ရောက်သွားသောအချိန်မှာပင် ဆရာကြီးသူရဋ္ဌ ဘုရားဝတ်ပြုပြီးချိန်နှင့် ကြုံကြိုက်သောကြောင့် အေးအေးဆေးဆေး တွေ့ခွင့်ရလေသည်။

"စောစောစီးစီးရောက်လာပုံထောက်တော့ အကြောင်းတိစ္စထူးများ ရှိလို့လား ကိုမင်းအောင်"

"ဟုတ်ကဲ့ . . ဆရာကြီးဆီက သိချင်တာလေးတွေရှိလို့





မေးဖို့ လာခဲ့တာပါ"

"သိချင်တာရှိရင် မေးပေါ့ဗျာ၊ သိသမျှတော့ ပြောပြပေးပါမယ်"

ဟု ပြောကာ အိမ်သူအိမ်သားများ လာပို့ပေးသော ကော်ဖီနှင့် လက်ဖက်ခြောက်များများခပ်ထားသော လက်ဖက်ရည်ကြမ်းတို့နှင့် ဧည့်ခံလေသည်။

"တဲ . . . ကော်ဖီလည်းသောက်၊ မေးစရာရှိတာကိုလည်း မေးပေါ့ဗျာ"

"တခြားတော့ မဟုတ်ပါဘူး ဆရာကြီး၊ ရှေးက လူတွေ အသုံးပြုခဲ့ကြတဲ့ သိဒ္ဓိဆယ်ပါးဆိုတာ စာထဲမှာပဲ ရှိတဲ့ပညာလား၊ ဒါမှမဟုတ် တကယ်လက်တွေ့အသုံးချလို့ရတဲ့ ပညာရပ်တွေလားဆိုတာ သိချင်လို့ပါ ဆရာကြီး"

ဆရာကြီးသူရဋ္ဌက လက်ထဲမှာ ကိုင်ထားသော လက်ဖက်ရည်ကြမ်းပန်းကန်ကို မော့သောက်လိုက်ပြီး ပြန်ချထားလိုက်သည်။

"သိဒ္ဓိဆယ်ပါးဆိုတာ စာထဲမှာတင် ရေးထားတဲ့ ပညာရပ်တွေ မဟုတ်ဘူးဗျ၊ တကယ်လက်တွေ့ အသုံးချလို့ရတဲ့ ပညာရပ်တွေဗျ၊ အချို့ပညာရပ်တွေကတော့ သာမန်လူတွေ မလုပ်နိုင်လို့ ကွယ်ပျောက်သလိုရှိခဲ့ပေမယ့် အချို့ပညာရပ်တွေကတော့ ကြိုးစားရင် ရနိုင်တဲ့အဆင့်မျိုးမှာ ရှိပါသေးတယ်"

"သိဒ္ဓိဆယ်ပါးအကြောင်းကို နည်းနည်းလောက် ပြောပြပေးပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က တောင်းပန်သဖြင့် ဆရာကြီးသူရဇ္ဇက သိဒ္ဓိဆယ်ပါးအကြောင်းကို အကျဉ်းချုပ်ကာ ပြောပြလေသည်။

သိဒ္ဓိဆယ်ပါးတို့မှာ...

(၁) စိန္တာမယဉာဏ်သိဒ္ဓိ - အတတ်ပညာဖြင့် စိတ်မှ ရွတ်ဆို၍ ကောင်းကင်၌ဆင်မြင်းစသည့် ထူးဆန်းသော အရာမှန်သမျှတို့ကို ဖန်ဆင်း၍ပြနိုင်ခြင်း၊

(၂) ဉာဏသိဒ္ဓိ - ရေပြင်ပေါ်မှာ ကုလားထိုင်ပုတ်လေးပါးဖြင့် ပြုလုပ်နေထိုင်နိုင်ခြင်း၊

(၃) ပထဝီသိဒ္ဓိ - ယူဇနာ ထောင်သောင်း ဝေးကွာသော ခရီးတို့ကို မျက်စိမှိတ်ကာမျှနှင့် လိုရာခရီးရောက်စေနိုင်ခြင်း၊

(၄) ဓနသိဒ္ဓိ - ရတနာရွှေငွေ၊ ဆန်ရေစပါးစသည်တို့ကို အလိုရှိသမျှ လက်ညှိုးဖြင့် ထိုးကာမျှဖြင့် ပြီးစီးဖြစ်မြောက်စေခြင်း၊

(၅) အာယုသိဒ္ဓိ - အသက်ရာထောင်ရှည်စွာ ရှိနေသော်လည်း မိမိ အလိုရှိသောအရွယ်ဖြင့် တင့်တယ်စွာ နေနိုင်ခြင်း၊

(၆) အာကာသသိဒ္ဓိ - ကောင်းကင်ခရီးဖြင့် လိုရာခရီးသို့ သွားရောက်နိုင်ခြင်း၊

(၇) အာရောဂျသိဒ္ဓိ - အသက်ရှည်သမျှ ကာလပတ်လုံး အနာရောဂါ ကင်းရှင်းစွာဖြင့် နေနိုင်ခြင်း၊





(၈) ကာယသိဒ္ဓိ - မိန်းလှဲ့၊ သေနတ်၊ အမြောက်တို့ပြီးစီးခြင်း၊

(၉) ပီယသိဒ္ဓိ - မြင်မြင်သမျှ သတ္တဝါတို့မှာ မေတ္တာသက်ဝင်ချစ်ခင်မှု ရှိခြင်း၊

(၁၀) ဣဒ္ဓိဝိဇသိဒ္ဓိ - တန်ခိုးအမျိုးမျိုး ပုံသဏ္ဍာန်အမျိုးမျိုးတို့ကို ဖန်ဆင်းပြုလုပ်ပြနိုင်ခြင်း

အစရှိသည်တို့ ဖြစ်ပေသည်။

"ဒီသိဒ္ဓိဆယ်ပါးစလုံးကို ကြိုးစားအားထုတ်ယူရင် ရနိုင်ပါသလား ဆရာကြီး"

ထိုစကားကြားသောအခါ ဆရာကြီး သူရဇ္ဇက ပြုံးလေသည်။

"ကိုမင်းအောင်က သိဒ္ဓိဆယ်ပါးစလုံးကို အားလုံးလိုချင်နေပုံရတယ်၊ လောကမှာ ကြိုးစားရင် ဘုရားအဖြစ်ကိုတောင် ရောက်နိုင်သေးတာပဲ၊ ကျန်တာတွေကတော့ ကြိုးစားရင် ရတာချည်းပဲပေါ့၊ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ဘယ်ရပါ့မလဲ"

"မှန်ပါတယ် ဆရာကြီး"

"တချို့သိဒ္ဓိတွေက သူတော်စင်အဖြစ်ကို ရောက်မှ ရနိုင်သေမယ့် လောကီနဲ့ သက်ဆိုင်တဲ့သိဒ္ဓိတွေဖြစ်တဲ့ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အဟာရသိဒ္ဓိ စတဲ့သိဒ္ဓိတွေကတော့ ကြိုးစားမယ်ဆိုရင် ကျန်တဲ့သိဒ္ဓိတွေလောက် မခက်ခဲဘဲ ရနိုင်ပါတယ်"

"ဘယ်လိုလုပ်ရင် ရနိုင်ပါသလဲ ဆရာကြီး"

"လုပ်ရပ်လမ်းစဉ်ကို လိုက်တဲ့သူတွေဆိုရင် ဒီသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



လေးမျိုးကို ရစေနိုင်ပါတယ်"

"လှုပ်ရှပ်လမ်းစဉ်ဆိုတာ ဘယ်လိုမျိုးလဲ ဆရာကြီး"

"လှုပ်ရှပ်လမ်းစဉ်ဆိုတာ အဂ္ဂိရတ်ထိုးတဲ့လမ်းစဉ်ကို ပြောတာပါ၊ အဂ္ဂိရတ်လမ်းစဉ် အောင်မြင်သွားရင် အဲဒီသိဒ္ဓိ လေးမျိုး ရနိုင်ပါတယ်၊ အထူးသဖြင့်တော့ ဒီလမ်းစဉ်ကို လိုက်တဲ့ သူတွေဟာ ကာယသိဒ္ဓိ၊ နေသိဒ္ဓိ၊ ပီယသိဒ္ဓိတွေကို အလိုရှိကြလို့ မဟုတ်ဘဲ အနိမ့်ဆုံး အာယုသိဒ္ဓိ ပြီးမြောက်အောင် ကြိုးစားကြ တယ်၊ 'ရသာယန' ဆေးများ ရရှိပြီးလျှင် အသက်ရာပေါင်း ထောင်ပေါင်းများစွာအထိ နေနိုင်ကြတယ်၊ ဒီရသာယနဆေး အကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ရေးသားဖော်ပြထားတာ ရှိပါတယ်၊ ကိုမင်းအောင် ဗဟုသုတအဖြစ် လေ့လာနိုင်အောင် ထုတ်စာအုပ်ယူပြပါ့မယ်"

ဟု ပြောဆိုကာ ဆရာကြီးသူရဋ္ဌက နေရာမှ ထကာ စာကြည့်ခန်းအတွင်းသို့ ဝင်သွားလေသည်။

ကျွန်ုပ်လည်း ကော်ဖီသောက်ရင်း စောင့်နေလိုက်သည်။ အတန်ကြာမှ ပြန်ထွက်လာကာ လက်ထဲမှာ ပါလာသော ထုတ်စာအုပ်ကို ကျွန်ုပ်အား ပေးသည်။

"အဲဒီစာရွက် ညှပ်ထားတဲ့နေရာကို ဖတ်ကြည့်လိုက်ပါ"

ဟု ပြောသဖြင့် ၎င်းနေရာကို လှန်၍ဖတ်ကြည့်လိုက်သည်။

"ရသာယန ဘေသဇ္ဇံဝနေ့ သုစိရံ ပိတာလံ ဗီဇိတံ ပဝဍ္ဍေတုံ သင်္ဂေါ့ဟိယော"





"ရသာယန ဘေသဇ္ဇံပန ရသာယန ခေါ်ပြာခေါ်ဆေး တန်ခိုးသည်ကား သုစိရံ ပိတာလံ အနှစ်(၁၀၀)တန်းမှ (၁၀၀၀)တန်းတစ်သွယ်၊ များမြောင်နှစ်ပေါင်းတစ်သောင်း ရှည်မြင့်လှသော ကာလပတ်လုံး ဇီဝိတံအသက်ကို (ဝါ) အသက်ရှည်ခြင်း၊ အနာကင်းခြင်းကို ပဝဍ္ဍေတုံ ဖြစ်စေခြင်းငှာ ဟိယော စွမ်းနိုင်သည်သာလျှင်တည်း. . ."

ထို့ပြင်. . .

နေတ္တိပါဠိတော်မှာလည်း ဤကဲ့သို့ ဖော်ပြထားပြန် သည်။

"ရသာ အာယန္တိ ဝလန္တိ ဧတေနာတိ ရသာယနံ"

ရသာ ရက်လနှစ်ပေါင်းထောင်သောင်းမက ခိုင်မြဲလှ သောအဆွေးအသားတို့ကို ဖြစ်စေတတ်သော ရသာမည်သော ဓါတ်တို့သည် အာယန္တိ ဝသန္တိ နေ့စဉ်မခြား အကျိုးများတို့ ပွားဖြစ်ထွန်းတတ်ကုန်၏။

ဧတေန ထိုသို့ရသာဓါတ်တို့၏ တိုးပွားဖြစ်ထွန်း ကြောင်း ဖြစ်သောတန်ခိုးကြောင့် တံ ထိုဓါတ်ပြာဓါတ်ဆေး သည် ရသာယနံ 'ရသာယန' မည်၏"

ဟု ဖော်ပြထားပေသေးသည်။

ထိုကဲ့သို့ ဘုရားဟောကျမ်းဂန်များမှာ ဖော်ပြထားမှုကို တွေ့ရှိပြီးလျှင် ကံဟူသောတရားနှင့်မကင်း စပ်လျဉ်း၍ ဖြစ် တတ်သော လောကီပညတ်၊ ဈာန်ပျံမရွေ့ ရှင်ရသေ့တို့သည် အားဖြင့် စီရင်ကြကုန်သော ရသာယနခေါ်ပြာ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးတို့၏တန်ခိုးသည် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ မျက်စိမွဲခြင်း၊ အသားအရေ ရှုံ့တွတွန့်လိမ်ခြင်း၊ နားထိုင်းခြင်း၊ ခါးကိုင်းခြင်း အစရှိသော 'ဇိရဏာ' နယ်ပါ ဥတုဇ ဇရာကို တစ်ခါတည်း ကွယ်ကာ၍ ပျောက်စေပြီးလျှင် တသီးတခြား ကြီးပွားတိုးတက် အသက်ရှည်ကြာ ဤခန္ဓာသည် မှန်စွာဖြစ်လှပေ၏။

ဟု အရှင်ဒေဝပိယ ရှင်ရသေ့ စီရင်ရေးသားသော ပဗ္ဗက္ကဒ္ဓိ ပါဠိကကျမ်း၌ ရသာယနအကြောင်းကို ရေးသားဖော်ပြထားပေသည်။

လောကုတ္တရာကျမ်းဂန်များ၌ 'ဇာတိဇရာ ဗျာတိမရဏာ' ဟု ဆိုအပ်သော လေးပါးသောတရားတို့သည် အသခ်တပါတ်မှ တစ်ပါး အခြားသော လောကီပါတ်တို့ဖြင့် ကုန်စင်အောင် ပြုနိုင်သည်ဟု ကျမ်းအစောင်စောင်တို့၌ ဖော်ပြမထားသော်လည်း အထက်မဂ်ဖိုလ်သို့ တက်လှမ်းရာ၌ လမ်းခရီးတွင် သမထ၊ ဝိပဿနာများကို အားထုတ်ကြသောပုဂ္ဂိုလ်တို့မှာ သဘာဝရာသီဥတု နှောင့်ယှက်မှုကို မခံနိုင်ကြသောကြောင့် တရားအလုပ်အားထုတ်ခြင်း၌ ပျက်ယွင်းကြရပေသည်။

သို့ကြောင့် တရားအလုပ် ကောင်းစွာအားထုတ်နိုင်ရန် ကိုယ်ခန္ဓာ ယိုယွင်းခြင်းနှင့် ဆိုးဝါးသောရာသီဥတု နှိပ်စက်မှုဒဏ်များကို တွန်းလှန်ဖယ်ရှားနိုင်ရန်အတွက် ဓါတ်အရှင်တို့ကို ပြီးမြောက်အောင် ဖန်ဆင်းခဲ့ကြခြင်းဖြစ်ပေသည်။

ထိုလမ်းစဉ်အတိုင်း သိဒ္ဓိပြီးမြောက်သွားသော ပုဂ္ဂိုလ်များစွာတို့ ရှိကြသည်အနက်မှ အောက်ပါပုဂ္ဂိုလ်တို့မှာ ကျော်စော





င်ရှား၍ လူသိများခဲ့ကြလေသည်။

(၁) အရိမဒ္ဒန ပုဂံပြည်မှ ပြဒါးဝိဇ္ဇာအဖြစ်ဖြင့် ထွက်ရပ်ပေါက်ခဲ့သော အရှင်အရှဂေါ်ဏ၊

(၂) ပုဂံမြို့ကျော်စွာမင်းလက်ထပ်တွင် ဝိဇ္ဇာမယစိန္တာ မည်သောအင်းကို အကြိမ်ကြိမ် ကြိုးစားကစားသဖြင့် အင်းဝိဇ္ဇာအဖြစ်နှင့် ထွက်ရပ်ပေါက်သွားခဲ့သော ဘုန်းတော်ကြီး အရှင်ဥာဏဝံသ၊

(၃) ဒွာရဝတီမြို့၌ ပြဒါးဝိဇ္ဇာအဖြစ်ဖြင့် ထွက်ရပ်ပေါက်ခဲ့သော ရေတိမ်ရွာသား ရေတိမ်ဆရာဘုန်းတော်ကြီး အရှင်ကဝိန္ဒသာရ၊

(၄) အင်းဝမြို့ နှောင်တော်ကြီးမင်းတရားလက်ထက်၊ အောင်ချမ်းသာရွာ၊ ရွာဟောင်းတောရကျောင်းဆရာတော် အရှင်ကုဿစရိယ အမည်ရှိသော ပြဒါးဝိဇ္ဇာတစ်ပါး၊

(၅) အမရပူရမြို့ နှောင်တော်ကြီး ဆက်၍ နန်းစံတော်မူစဉ် ရင်းမြို့တော်၏အရှေ့တောင်ထောင့်ယွန်းယွန်း တောင်သမန်ရွာ၏အနီး နွားနို့စုရွာကြီး၌ အရှင်နာဂိန္ဒသာရ အမည်ရှိသော ဘုန်းတော်ကြီးသည် 'မတိရနလောပ' မည်သောသံကို စီရင်၍ ထွက်ရပ်ပေါက်သွားသော သံဝိဇ္ဇာကြီးတစ်ပါး၊

(၆) ရတနာပူရ အင်းဝမြို့တည် သတိုးမင်းဖျားလက်ထက်



www.burmeseclassic.com

www.burmeseclassic.com



မခုသခ်ရာဇာ မည်သော ပြဒါးဝိဇ္ဇာတစ်ပါး၊

(၇) မြင်စိုင်းမြို့ ဇေယျသခ်မင်းလက်ထက် ပညာသီရိကျော် မည်သော ဆေးဝိဇ္ဇာလည်းတစ်ပါး၊

(၈) အင်းဝမြို့ ဘိုးတော်လက်ထက် သရေခေတ္တရာပြည် မယားမင်းရွာသား ဆရာအောင်ဟု အမည်ရှိသော ရသေ့အောင်ဟု ခေါ်သော ပြဒါးဝိဇ္ဇာလည်းတစ်ပါး၊

(၉) ဘိုးတော်ဦးဝိုင်းလက်ထက်တွင် အင်းပညာဖြင့် ထွက်ရပ်ပေါက်သော ဘိုးဘိုးအောင်ဟု ခေါ်သည့် ပထမ ဦးအောင်လည်း တစ်ပါး၊

(၁၀) အရှေ့မောနယ်အတွင်းရှိ အရှင်ဉာဏဇောတ္ခ ပထမ ဆရာကြီးလည်း တစ်ပါး၊

(၁၁) ခရေပင်ဇောက်ထိုးရှိရာ ဖျာပုံမြို့ဇာတိ မင်းကျောင်း၌ သီတင်းသုံးနေရာမှ ထွက်ရပ်ပေါက်ပြီးနောက် နေရာ အနှံ့ လှည့်လည်သီတင်းသုံးနေသော အဟာရသိဒ္ဓိ၊ အာယုသိဒ္ဓိ ပြီးနေသော ဦးသုန္ဒရ ဆရာတော်ကြီး တစ်ပါး

စသည်ဖြင့် ရှိကြပေသည်။

သိဒ္ဓိအမျိုးမျိုးဖြင့် ထွက်ရပ်ပေါက်ခဲ့ကြသော ပုဂ္ဂိုလ် အကျော်အမြားတို့ ရှိကြပါသော်လည်း အချို့က ထွက်ရပ် ပေါက်ပြီးနောက်တွင် လူသိမခံ၊ လူတွေ့မခံသောကြောင့် မတွေ့ ကြရတော့ပေ။

ကျွန်ုပ်သည် ဆရာကြီးသူရရွှ ပေးသော ကျမ်းစာအုပ်ကို





ဖတ်ရှုပြီး ပြန်ပေးလိုက်လေသည်။

"ဒီအဖြစ်အပျက်တွေ တကယ်ရှိတာကိုတော့ လက်ခံပါ တယ်၊ ဒါပေမယ့် လက်တွေ့သိရရင်တော့ ပိုကောင်းမှာပေါ့ ဆရာကြီးရယ်"

"ဒါကတော့ ဒီမှာထိုင်ပြီး တွေ့ချင်လို့ကတော့ ဘယ် တွေ့ရပ့ါမလဲ ကိုမင်းအောင်ရယ်၊ သိဒ္ဓိရှိတဲ့ပုဂ္ဂိုလ်တွေကတော့ ကိုယ့်ဆီ ဘယ်လာပ့ါမလဲ၊ ကိုယ်က တွေ့ချင်ရင် သူတို့ဆီ သွားမှ တွေ့ရမှာပေါ့"

ဟု ခပ်ပြုံးပြုံးအမူအယာဖြင့် ပြောလိုက်လေသည်။

"ပုဂ္ဂိုလ်တွေက ဘယ်နေရာမှာ ရှိမှန်းမှ မသိနိုင်တာ၊ ဘယ်မှာ သွားတွေ့ရမှာလဲ ဆရာကြီးရဲ့"

"စောစောက မှတ်တမ်းထဲမှာ ပါတဲ့ ခရေပင်ဇောက်ထိုး ရှိတဲ့ ဖျာပုံမြို့ မင်းကျောင်းဆရာတော်ကြီးက ထွက်ရပ်ပေါက် သွားပြီးနောက် ဂန္ဓာရီလှည့်ပြီး အမိဋ္ဌာန်ဝင်နေတယ်၊ သူနဲ့ တွေ့ ချင်လို့ ကြိုးစားမယ်ဆိုရင် တွေ့နိုင်မှာပေါ့"

"ဒီလိုသာ တွေ့ခွင့်ရမယ်ဆိုရင် ကြိုးစားချင်တာပေါ့ ဆရာကြီး၊ နေရာတော့ ပြောဦးမှပေါ့"

"အခု ကိုမင်းအောင် ရောက်လာတာ အတော်ပဲ၊ အခု အဲဒီဆရာတော်ကြီးနဲ့ တွေ့ဖို့ မောင်ထင်ကျော် ခရီးထွက်ဖို့ ပြင် ဆင်နေတယ်၊ ကိုမင်းအောင် လိုက်ချင်သပဆိုရင် သူနဲ့သာ တွေ့ ပြီး လိုက်ဖို့ စီစဉ်ပေါ့ဗျာ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ရေငတ်တုန်း ရေ



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲ ကျသကဲ့သို့ ဖြစ်သွားကာ ဆရာကြီးကို နှုတ်ဆက်ပြီး နောက် ဒေါက်တာမင်းထင်ကျော် နေအိမ်သို့ ထွက်လာခဲ့လေတော့သည်။







## အခန်း(၂)

# ကျိုက်ထိုမြို့မှ စောင့်ဆိုင်းနေသူ

ကျွန်ုပ်ရောက်သွားသောအချိန်မှာ ဒေါက်တာမင်းထင်ကျော်နှင့် အဆင်သင့်ပင် တွေ့ရလေသည်။

၎င်းမှာ ခရီးထွက်ရန်အတွက် ပြင်ဆင်နေဟန် ရှိလေသည်။ မမျှော်လင့်ဘဲ ကျွန်ုပ်ရောက်လာသည်ကို မြင်သောအခါ အံ့ဩသွားဟန် ရှိလေသည်။

"အလို. . . မျှော်တုန်းမျှော်ဆဲ ဆရာလည်း ရောက်လာဆိုသလိုပါလား၊ ဘယ်ကနေဘယ်လို သတင်းကြားလို့ ရောက်လာတာလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြားဆို ကျုပ်က အခုပဲ ဆရာကြီး သူရွှေဆီကို ရောက်ခဲ့ပြီးပါပြီ၊ သူ့ဆီကပဲ မောင်ထင်ကျော် ခရီးထွက်မယ့်အကြောင်းလည်း သိခဲ့ရပြီးပြီဆိုပါတော့"

ထိုသို့ ပြောလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်သဘောကျစွာဖြင့် ရယ်မောလိုက်ပြီး လှုပ်လက်စ အလုပ်များကို ရပ်ထားခဲ့ပြီး ကျွန်ုပ်ရှိရာသို့ ထလာလေသည်။

"ဒါထက် ဆရာကြီးဆီက ဘာတွေများ သိခဲ့ရပြီလဲ ဆရာရဲ့"

"ပြောပြတာတွေကတော့ အများကြီးပဲ၊ ဒီအထဲမှာတော့ အဟာရဆိဒ္ဓိ၊ အာယုသိဒ္ဓိ ပြီးမြောက်ပြီး သိဒ္ဓိပေါက်သွားတဲ့ ဆရာတော်ကြီးတစ်ပါးနဲ့ တွေ့ရမယ့်ကိစ္စလည်း အဓိက ပါတာပေါ့"

"အမှန်ပေါ့ ဆရာရယ်၊ ယခု ခရီးထွက်မယ့်ကိစ္စက ဆရာတော်ကြီးကို ဖူးတွေ့ဖို့ကိစ္စက အဓိကပဲ၊ ပြီးမှ နောက်ထပ်သွားရမယ့် ခရီးစဉ်တွေကို ဆက်သွားရမှာပဲ"

"ဆရာတော်ကြီးက ထွက်ရပ်ပေါက်နေပြီဆိုတော့ အလွယ်တကူ တွေ့နိုင်ပါ့မလား"

"အလွယ်တကူတော့ ဘယ်တွေ့နိုင်ပါ့မလဲ၊ လိုက်ရှာမှ တွေ့သင့်ရင် တွေ့ရမှာပေါ့"

"ဒါထက် အခု ဆရာတော်ကြီးက ဘယ်နေရာမှာ ရောက်နေတယ်လို့ သဲလွန်စ ရသလဲ"

"သထုံ မြသပိတ်တောင်ပေါ်မှာ ရောက်နေတယ်လို့





ဆရာကြီးက ပြောတယ်၊ အခု အဲသည်ကို သွားကြရမှာ၊ ဆရာတော လိုက်မှာ မဟုတ်လား"

"မေးမှ မေးရက်ပလေ မောင်ထင်ကျော်ရယ်၊ ဒီလောက်စိတ်ဝင်စားဖို့ကောင်းတဲ့ခရီးမျိုးကိုမှ ရှောင်သွားရင်ကျုပ်လောက်မိုက်မဲတဲ့လူမျိုး ရှိပါဦးတော့မလား၊ ဒါထက် ခရီးထွက်ရင် ဆရာကြီးလည်း တပါတည်း လိုက်မှာ မဟုတ်လား"

"ဆရာကြီးလည်း လိုက်မှာပါ၊ ဒါပေမယ့် ကျွန်တော်တို့နဲ့တော့ အတူတူ လိုက်မှာ မဟုတ်ဘူး၊ သူက သူ့အစီအစဉ်နဲ့သူ သွားမှာ၊ ကျွန်တော့်ကို ပြောတာကတော့ ကျွန်တော်တို့နဲ့အတူ မြသပိတ်တောင်ကို လိုက်မှာမဟုတ်ဘူး၊ ဒေးဝွန်ပါ စေတီတော် ဖူးဖို့ ဝင်ဦးမယ်လို့ ပြောတယ်"

"ဒေးဝွန်ပါဘုရား ဖူးဖို့ သွားတာများဗျာ. . . ဝေးတာမှတ်လို့"

"အို. . . အခုတွေ့မြင်နေရတဲ့ စေတီတော်က အများသူငါ ဖူးဖို့ တည်ထားတဲ့ စေတီတော်လို့ ပြောတယ်၊ တကယ် ဒေးဝွန်ပါ ရွှေစေတီအစစ်က သာမန်လူတွေ ဖူးတွေ့ခွင့်မရဘဲ အရိယာ သူတော်စင်တွေနဲ့ ဝိဇ္ဇာတွေပဲ ဖူးတွေ့ကြရတယ်၊ သာမန်လူတွေလည်း အလွန်ကံကောင်းတဲ့လူတွေလည်း ဖူးတွေ့ရတာ ရှိပါတယ်"

"ကျုပ်တို့လည်း ဒေးဝွန်ပါ ရွှေစေတီအစစ်ကို ဖူးတွေ့ခွင့်ရရင် ကောင်းမှာပဲ"

"ဒါကတော့ ဆရာကြီးနဲ့ သွားတာပဲ၊ ကံကောင်းရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ တွေ့ချင် တွေ့ရမှာပေါ့၊ နောက်တစ်ခုလည်း ရှိသေးတယ် ဆရာရဲ့"

"ဘာများလဲ"

"အခု သွားရမယ့်ခရီးက သာမန်ခရီးမျိုး မဟုတ်ဘူးတဲ့၊ အနှောင့်အယှက် အဖျက်အဆီးတွေနဲ့ အတော်ကလေး တွေ့ရမယ့်လို့လည်း ပြောတယ်"

"ဒါများ မောင်ထင်ကျော်ရယ်၊ အရင်သွားတဲ့ခရီးတွေမှာလည်း အနှောင့်အယှက်တွေကတော့ အနည်းနဲ့အများ တွေ့ရတာပဲ မဟုတ်လား၊ ဒီလိုပဲ ရင်ဆိုင်ရုံ ရှိတာပေါ့"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာနေပြီး အတန်ကြာမှ စကားဆက်လေသည်။

"အခု တွေ့ကြုံရင်ဆိုင်ရမယ့် အနှောင့်အယှက် အဖျက်အဆီးတွေက သာမန်လူတွေ မဟုတ်ဘူး၊ ပရလောကသားတွေနဲ့ တွေ့ရမှာလို့ ပြောတယ်"

"ဒါလည်း တစ်နည်းတော့ စိတ်ဝင်စားစရာ ကောင်းတာပေါ့၊ ကျုပ်တို့က ဘုရားတရား ယုံကြည်သူတွေပဲ၊ ဘာများပူစရာ ရှိမလဲ၊ နောက်ပြီး ကျုပ်တို့နောက်မှာ ဆရာကြီးတစ်ယောက်လုံးလည်း ရှိနေတာပဲဗျာ၊ ကြောက်စရာ မလိုပါဘူး"

ကျွန်ုပ်ပြောသောစကားကို ကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာအားရှိသွားဟန်ရှိလေသည်။

"ပထမတော့ ဒီခရီးကို ကျွန်တော်တစ်ယောက်တည်း သွားရမယ်လို့ ထင်နေတာ၊ အခု ဆရာပါ လိုက်မယ်ဆိုတော့





အားရှိစရာ ဖြစ်သွားတာပေါ့"

"ဒါထက် ဘယ်တော့ ခရီးထွက်ကြမလဲ မောင်ထင်ကျော်"

"ဆရာ ပြင်ဆင်စရာရှိတာတွေ စီစဉ်ပြီးရင် မနက်ဖြန်ပဲ ခရီးစထွက်ကြတာပေါ့"

"ကောင်းပြီလေ. . . သွားမယ့်အချိန်ရောက်ရင် ဝင်ခေါ်ပေါ့၊ ကျုပ် အဆင်သင့်ပြင်ပြီး စောင့်နေပါ့မယ်"

ဟု ပြောဆိုကာ နေအိမ်သို့ ပြန်လာလေသည်။

"အင်း. . . ရသာယန ဓါတ်ပြာဆေးတွေအကြောင်း သိချင်လို့ ဆရာကြီးဆီကို သွားပါတယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ကိုယ်တိုင်လိုက်ရှာရမယ့်အဖြစ်မျိုးနဲ့ တွေ့ရတယ်၊ ပိုကောင်းတာပေါ့လေ"

ဟုလည်း စိတ်ထဲမှ တွေးမိလေသည်။

နောက်တစ်နေ့ မနက်စောစောအချိန်တွင် ဒေါက်တာမင်းထင်ကျော်က မော်တော်ကားဖြင့် ရောက်လာပြီး ခေါ်သဖြင့် ကျွန်ုပ်လည်း အသင့်ပြင်ဆင်ထားသောအိတ်ကို ဆွဲ၍ လိုက်လာခဲ့လေသည်။

မော်တော်ကားမောင်းသူက ကျွန်ုပ်တို့နှစ်ယောက်ကို မျက်နှာတွမ်းမြို့ဘူတာကြီးသို့ လိုက်ပို့ပေးလေသည်။ ရထားလက်မှတ်တို့တော့ ဒေါက်တာမင်းထင်ကျော်က ကြိုတင်၍ ယူထားပြီး ကြောင်း ပြောလေသည်။

ကျွန်ုပ်တို့ သွားမည့် သထုံခရီးစဉ်အတွက် ရထားတစ်

www.burmeseclassic.com



ဆက်တည်း မရောက်နိုင်သေးသောကြောင့် ရန်ကုန်မှ ကျိုက်ထို၊ ကျိုက်ထိုမှတဆင့် သထုံရောက်အောင် ခရီးဆက်ကြရမည် ဖြစ်ပေသည်။

နေ့အခါက ရန်ကုန်ကွမ်းခြံဘူတာမှ ကျိုက်ထိုဘူတာသို့ သွားရန် ရေနွေးငွေ့ဖြင့် မောင်းနှင်သော မီးရထားသုံးစီးဖြင့် ခြေဆွဲပေးပါသည်။

မနက်ကစ်စီး၊ နေ့လည်တစ်စီး၊ ညနေပိုင်း တစ်စီးစီ ထွက်ပေးပါသည်။

ရထားလက်မှတ်များကို ကွမ်းခြံဘူတာရုံ၌ ဝယ်ယူနိုင်သလို ကုန်စျေးတန်း၌လည်း ဝယ်ယူနိုင်ကြသည်။

ရထားတွဲများကို ဒုတိယတန်းတွဲ၊ တတိယတန်းတွဲဟု ခွဲခြားထားသည်။

တတိယတန်းတွဲတွင် ဂဏန်း(၃)ကို တပ်ထားသည်။

တတိယတန်းတွဲ၌ပင် ဥရောပတိုက်သားများအတွက်သာ(Europeans Only)နှင့် မိန်းမများအတွက်သာ (Ladies Only)ဟူသော စာတမ်းများ ကပ်ထားလေသည်။

တတိယတန်းတွဲမှ စီးလျှင် ရန်ကုန်မှ ကျိုက်ထိုဘူတာအထိ လက်မှတ်ခမှာ တစ်ကျပ်ခွဲ နှစ်ပြားတင်းဖြစ်သည်။

ရန်ကုန်မှ ကျိုက်ထိုသို့ သွားလျှင် မနက်ပိုင်း ရထားစီးပါက ပိုမို၍အဆင်ပြေလေသည်။

မနက်ရထားသည် ကွမ်းခြံဘူတာမှ (၇)နာရီ (၁၀)မိနစ် အချိန်တွင် စတင်ထွက်ခွာမည် ဖြစ်ပေသည်။





ကျွန်ုပ်တို့ ရောက်သွားသောအချိန်မှာ ရထားထွက်ခွာမည့် အချိန်နီးနေပြီဖြစ်သောကြောင့် စားသောက်စရာများပင် အွေတွေထူးထူး မဝယ်နိုင်ကြတော့ပဲ ရထားပေါ်သို့ တက်ကြရသေးသည်။

မိမိတို့ ရရှိထားသော လက်မှတ်နံပါတ်ပါသည့် တွဲနေရာထိုင်ခုံများတွင် နေရာယူကြပြီးသည့်နောက် မီးရထားက ဘူတာကြီးမှ စတင်ထွက်ခွာလေသည်။

နံနက်(၉)နာရီအချိန်ခန့်တွင် ဒါးပိန်ဘူတာသို့ ရောက်လေသည်။

ထို့နောက်. . .

ထုံးကြီး၊ ကျောက်တန်းရွာများသို့ ဖြတ်ကျော်လာပြီး အများအားဖြင့်တော့(၁၀)နာရီ (၁၀)မိနစ် အချိန်ခန့်တွင် ပဲခူးဘူတာသို့ ဆိုက်ရောက်လေ့ရှိပါသည်။

ပဲခူးဘူတာတွင် ရထားက နာရီဝက်ခန့် ရပ်နားပေးသောကြောင့် ရထားပေါ်တွင် လိုက်ပါလာကြသော ခရီးသည်များမှာ နံနက်စာ စားသောက်ချိန် ရကြလေသည်။

ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့လည်း မနက်စောစောအချိန်တွင် ဘာမှ မစားမသောက်ရသေးသဖြင့် ပဲခူးဘူတာတွင် ရောင်းချသော ထမင်းနှင့်ဟင်းများကို ဝယ်ယူပြီးနောက် နံနက်စာအဖြစ် စားသောက်ကြလေသည်။

ရထားက ပဲခူးဘူတာတွင် နာရီဝက်ခန့် ရပ်နားပြီး ဆက်လက်ခုတ်မောင်းလာရာ ကလိ၊ ရှမ်းရွာကြီး၊ နောင်ပတ္တုရ၊ ကျိုက်



www.burmeseclassic.com

www.burmeseclassic.com



လှ၊ ဝေါ၊ အဖျားစစ်သာလမ်း၊ ဘူတာငယ်ကလေးများကို ဖြတ်ကျော်လာခဲ့ပြီးနောက် ညောင်ခါးရှည်ဘူတာသို့ ဆိုက်ရောက်လေသည်။

ညောင်ခါးရှည်ဘူတာတွင် အချိန်အနည်းငယ်ကြာအောင် ရပ်နားပေးသောကြောင့် နေ့လည်စာအဖြစ် လက်ဖက်ရည်၊ ကော်ဖီ စသည်တို့အပြင် ဒေသထွက် အစားအသောက်များဖြစ်သော ကောက်ညှင်းထုပ်၊ မုန့်စိမ်းပေါင်း၊ ဘဲဥပြုတ်တို့ကို ဝယ်ယူစားသောက်ကာ ဝမ်းဖြည့်ကြရလေသည်။

တောရွာများတွင် နေထိုင်ကြသူများမှာ ဒေသထွက်ဖြစ်သော ဘဲဥ၊ ကြက်ဥ၊ မုန့်ပဲသွားရေစာများကို လာရောက်ရောင်းချကြရာ တစ်ကျပ်တစ်ပြား ရလျှင်ပင် ဝမ်းသာပျော်ရွှင်နေကြလေသည်။

ထိုသို့ရရှိရန် ဘူတာတိုင်းတွင် ရောင်းချ၍မရဘဲ ရထားအချိန်အတော်ကြာကြာ ရပ်နားသော ပဲခူးဘူတာ ညောင်ခါးရှည်ဘူတာများ၌သာ အားကိုးအားထားပြုပြီး ရောင်းချရလေ့ရှိသည်။

သို့ကြောင့်လည်း ထိုဘူတာကလေးများတွင် ဈေးသည်လေးများ အများအပြား ရှိနေကြပြီး ရထားဆိုက်ကပ်လာချိန်တွင် သူ့ထက်ငါ ဦးအောင် အသံကျယ်ကျယ်ဖြင့် အော်ဟစ်ကာ ရောင်းချရလေ့ရှိသည်။

တွံတေးနှင့် ဒေါက်တာမင်းထင်ကျော်တို့မှာ ပဲခူးဘူတာ၌ နံနက်စာ စားပြီးခဲ့ပြီ ဖြစ်သော်လည်း ရထားဆောင့်သောကြောင့် ဝမ်းဗိုက်ဟာနေပြီဖြစ်ရာ ညောင်ခါးရှည်ဘူတာတွင် လာရောက်





ရောင်းချသော ကောက်ညှင်းပေါင်းနှင့် လက်ဖက်ရည်ကို ဝယ်ပြီး ဝမ်းဖြည့်ကြရသေးသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ဒီနေရာက ရောင်းတဲ့ အစားအသောက်တွေက တောရွာတွေက လာရောင်းတယ်သာ ဆိုရတယ်၊ အရသာ တယ်ရှိလှပါလား"

"အရသာ ရှိမှာပေါ့ ဆရာရယ်၊ သူတို့က ဒေသမှာ ထွက်တဲ့ အသီးအနှံ သားငါးတွေကို သဘာဝအတိုင်း ရောင်းတာကိုး၊ ဒါကြောင့် စားရတာ အရသာရှိတာပါ၊ ရန်ကုန်ရောက်တော့ အရသာက မတူတော့ဘူးလေ"

"ဘာကြောင့်များပါလိမ့်"

"ရန်ကုန်ရောက်တော့ သားငါး အသီးအနှံတွေက လတ်ဆတ်တော့ဘူး၊ ဒီကြားထဲ ရေထိုး ဆေးဆိုး လုပ်ထားမှတော့ သဘာဝ အရသာ ဘယ်ရနိုင်ပါတော့မလဲ"

"အင်း. . . ဒါလည်း ဟုတ်ပေတာပဲ၊ ကျုပ်တို့မြို့ဘက်က ထွက်တဲ့ ရာဇူတိုင် ငါးသလောက်ဆို အရသာရှိတဲ့နေရာမှာတော့ နာမည်ကြီးပေါ့၊ ဒါပေမယ့် ရန်ကုန်မှာ ရာဇူတိုင် ငါးသလောက်လို့ အော်ရောင်းနေတဲ့ငါးတွေ ချက်စားကြည့်ပြန်တော့ အရသာ ရှိတာချင်းကို မတူတော့တာ"

"ဘယ်တူပါ့မလဲ ဆရာရယ်၊ ရာဇူတိုင် ငါးသလောက်သာ ဆိုပေမယ့် ရန်ကုန်ရောက်တဲ့အခါမှာ အနည်းဆုံး နှစ်ရက်သုံးရက်တော့ အနည်းဆုံး ကြာနေပြီ. . .

ဒီတော့ လတ်လတ်ဆတ်ဆတ် ချက်စားရတဲ့လောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်မှာ အရသာ ရှိပါတော့မလဲ"

ကျွန်ုပ်တို့နှစ်ယောက်မှာ စကားတပြောပြောနှင့် ရှိနေစဉ် ရထားက ခြောင်ခါးရှည်ဘူတာမှ ဆက်ထွက်လာပြန်လေသည်။

ထိုဘူတာမှ ထွက်လာပြီး မကြာမီအချိန်မှာပင် စစ်တောင်းမြစ်ကို ဖြတ်ထားသော စစ်တောင်းတံတားကို ကူးဖြတ်လာလေသည်။

တံတားကြီးမှာ ရှေးနှစ်ပေါင်းအတော်ကြာကတည်းက ဆောက်ထားသည် ဖြစ်သောကြောင့် အကယ်၍ မသွားဖူးသူများ ဆိုပါက ထိုတံတားပေါ်မှ ဖြတ်ကျော်ရသည်မှာ အသည်းယားဖွယ်ရာ ဖြစ်လေသည်။

ထို့နောက် စစ်တောင်း၊ မုပ္ပလင်၊ ကျိုက္ကသာ၊ ဘိုရားကြီးတို့ကို ကျော်ဖြတ်ခဲ့ပြီးနောက် မွန်းလွဲနှစ်နာရီခန့်အချိန်တွင် ကျိုက်ထို ဘူတာသို့ ဆိုက်ရောက်လေတော့သည်။ ကျွန်ုပ်တို့လည်း ရထားပေါ်မှ ဆင်းကာ သထုံဘက် သွားမည့် မော်တော်ကား ရှိမရှိ စုံစမ်းကြည့်ရာ ထိုနေ့ ညနေပိုင်းအချိန်တွင် သထုံဘက် သွားမည့် မော်တော်ကား မရှိဘဲ နောက်တစ်နေ့ နံနက်စောစော အချိန်မှသာ ထွက်ခွာမည့် မော်တော်ကားတစ်စင်း ရှိကြောင်း စုံစမ်းသိရလေသည်။ သို့ကြောင့် ထိုညအဖို့မှာတော့ ကျိုက်ထိုမြို့ရှိ ရွှေကြိုများအိမ်မှာ တစ်ညတည်းခိုရန် စီစဉ်ရလေသည်။

ရွှေကြိုဆိုသည်မှာ ဘုရားရွှေချရန် ရွှေဆိုင်းရောင်းချသူများဖြစ်ပေသည်။





ထိုအချိန်က တည်းခိုစရာ အခြားနေရာမရှိပဲ ကျိုက်ထီး ရိုးဘုရားဖူး လာသူများမှာ ကျိုက်ထိုမြို့မှ ရွှေကြိုများနေအိမ်တွင် တည်းခိုပြီး နောက်တစ်နေ့ မနက်စောစောအချိန် ရောက်မှသာ ကင်မွန်းစခန်း ရောက်အောင် လှည်းများ ငှား၍ သွားကြရသည်။

ရွှေဆိုင်းရောင်းချသော ရွှေကြိုများသည် ဘုရားကြီး ဘူတာမှပင် စတင်ကာ ဘုရားဖူးများအား ၎င်းတို့နေအိမ်မှာ တည်းရန်နှင့် ရွှေချမည်ဆိုပါက ရွှေဆိုင်းများ ဝယ်ယူပါရန် သူ့ ထက်ငါ ဦးအောင် ဈေးဆွယ်ကြလေသည်။

ထိုအချိန်က ညအချိန်ရောက်လျှင် ရွှေဆိုင်းရောင်းချသော ရွှေကြိုများအိမ်တွင် တည်းခိုနေကြသော ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိနေတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း သထုံရောက်ပါက ဘုရား ရွှေချရန်အတွက် ရွှေဆိုင်းများ ဝယ်ယူပြီးနောက် ရွှေကြိုများအိမ် မှာပင် တစ်ညတည်းရန် စီစဉ်ရပေတော့သည်။

ရွှေကြိုများက နေအိမ်တည်းခိုမှုအတွက် အခကြေးငွေ မယူသော်လည်း ရွှေဆိုင်းရောင်းချမှုအပေါ်မှာတော့ အနည်း ငယ် ဈေးတင်ထားကြလေသည်။

ရန်ကုန်တွင် သုံးလက်မပုံကြီး ရာဆိုင်းတစ်ဆိုင်းကို ငါးကျပ်ပေါက်ဈေး ရှိနေချိန်တွင် ကျိုက်ထို ရွှေကြိုများထံမှာ အစိပ်ဆိုင်းကလေး တစ်ဆိုင်းကိုပင် ငါးကျပ်ပေးရသည်။ တစ်ရာ ဆိုင်းဆိုပါက ငွေနှစ်ဆယ်အထိ ပေးဝယ်ရသည်။ တစ်ဖက်မှာ တည်းခိုခ မယူတော့ ရောင်းချသော ရွှေဆိုင်းအပေါ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဈေးတင်ထားခြင်းဖြစ်မေသည်။

ထိုညက ကျွန်ုပ်တို့ တည်းခိုသောအိမ်တွင် လူသိပ်မများလှသောကြောင့် နေရာထိုင်ခင်း လုံလောက်စွာ ရလေသည်။ ညနေပိုင်းအချိန်တွင် အချို့ဘုရားဖူးအဖွဲ့များက အသင့်ယူဆောင်လာသော ဖိုးခွက်ပန်းတန်များနှင့် ထမင်းဟင်းများ ချက်ပြုတ်စားသောက်ကြလေသည်။

ကျွန်ုပ်တို့နှစ်ယောက်ကတော့ အဆင်သင့် ဝယ်ယူရရှိသော အစားအသောက်များကို ဝယ်ယူကာ စားသောက်ကြလေသည်။ ထိုအချိန်မှာပင် ကျွန်ုပ်တို့အနီးသို့ လူတစ်ယောက် ရောက်လာလေသည်။

အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး သျှောင်ထုံးထုံးထားပြီး နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးအရှည်များ ရှိလေသည်။

၎င်းသည် သစ်ခေါက်ပြုတ်ရေ ဆိုးထားသော တိုက်ပုံအကျီနှင့်လုံချည်ကို ဝတ်ထားသည်။ တိုက်ပုံအကျီကို တစ်ထပ်တည်း ဝတ်ထားပြီး ကြယ်သီးများဖြင့် တပ်ထားသည်။ အညိုရောင် လွယ်အိတ်တစ်လုံးကို လွယ်ထားပြီး တောင်ဝှေးတစ်ချောင်းကို ကိုင်ထားလေသည်။

"စောစောက သထုံဘက် သွားဖို့ မော်တော်ကား စုံစမ်းနေကြတာ မောင်ရင်တို့နှစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဆင်ပြေကြရဲ့လား"

"အခု ညနေပိုင်းတော့ လမ်းပန်းအခြေအနေ မအေး





သို့ သွားမယ့်မော်တော်ကား မရှိပါဘူး၊ မနက်စောစောမှာ မော်တော်ကားတစ်စင်း ထွက်မယ်လို့ သိခဲ့ရပါတယ်၊ ဖြစ်လို့လဲ ဆရာကြီး"

"ဘာမှ မဖြစ်ပါဘူးကွယ်၊ ကျုပ်လည်း သထုံဘက်ကို ချင်လို့ မေးတာပါ၊ ဒါထက် မောင်တို့က အကြောင်းကိစ္စနဲ့ ကြမှာလား"

"မဟုတ်ပါဘူး ဆရာကြီး၊ ဘုရားဖူး သွားကြမှာပါ"

"တိုက်ဆိုင်လိုက်လေကွယ်. . . ကျုပ်လည်း အဲဒီဘက် ဘုရားဖူး သွားမှာဆိုတော့ မနက်ဖြန်များ ကားထွက်ဖို့ အဆင် ရင် ကျုပ်ကိုပါ တဆိတ်လောက် အသိပေးကြပါ"

"ကောင်းပါပြီ. . . ကျွန်တော်တို့ သွားကာနီးရင် ဆရာ တို့ လာပြောပါ့မယ်"

ဟု ပြောလိုက်တော့မှ ထိုလူကြီးမှာ ခေါင်းတညိတ်ညိတ် ၎င်းနေသောနေရာသို့ ပြန်သွားလေသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ကျုပ်တို့နှစ်ယောက်ကို ဆရာကြီးသူရဋ္ဌက သထုံသွားဖို့ကိစ္စကို လျှို့လျှို့ဝှက်ဝှက် လုပ်ရ ယ်လို့ မှာလိုက်တာကြောင့် ကျုပ်တို့လည်း လျှို့ဝှက်စွာ လုပ်ကြ ပါလျက်၊ ဒီလူကြီးက ဘယ်လိုများ သိသွားလို့ လာမေးတာလဲ သိဘူးနော်"

"ကျွန်တော်တို့ ကားစုံစမ်းနေတာကို သိသွားလို့ လာမေး ဖြစ်မှာပေါ့ ဆရာရဲ့"

"ဘာပဲဖြစ်ဖြစ် နောက်ပိုင်းတော့ ဘာပဲလုပ်လုပ် သတိ



www.burmeseclassic.com

www.burmeseclassic.com



ဝီရိယလေးနဲ့ သိုသိုသိပ်သိပ် လုပ်ကြမှ ဖြစ်မယ်"

တု ပြောဆိုတိုင်ပင်ကာ နှစ်ယောက်သား အနားယူကြရန် ပြင်ဆင်ကြလေတော့သည်။







## အခန်း(၃)

# တွယ်ပျောက်နေသည့် ရွှေစေတီခြောက်ဆူ

နောက်တစ်နေ့ နံနက်စောစောအချိန်တွင် ကျိုက်ထိုမှ ဇွတ္တမ ရောက်အောင်သွားမည့် မော်တော်ကားရှိသောကြောင့် ကျွန်ုပ်တို့နှစ်ယောက်လည်း လိုက်ခဲ့ကြလေသည်။

ကျိုက်ထိုမှ ဘီလင်း၊ ဒုံဝန်း၊ သိမ်ဆိပ် စသည်တို့ ကျော်ဖြတ်ခဲ့ပြီးသောအခါ သထုံသို့ ရောက်လေသည်။

ကျွန်ုပ်တို့နှင့် ကားပေါ်မှာ ပါလာသော အညိုရောင် အဝတ်အစားနှင့် ဆံရာကြီးမှာ ရိပ်ကနဲသာ တွေ့လိုက်ရပြီး ခဏကြာတော့ လူအများနှင့် ရောနှောကာ ပျောက်သွားလေသည်။

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့မှာ ထွက်ရပ် ပေါက်သွားပြီးနောက် ဂန္ဓာရီ လှည့်ကာ အဓိဋ္ဌာန် ဝင်နေသော ဆရာတော်ကြီးတစ်ပါးကို ရှာဖွေရန် ဆရာကြီး ညွှန်ကြားလိုက် သည့်အတိုင်း သထုံသို့ ရောက်လာကြပြီဖြစ်သော်လည်း ဘယ် နေရာသို့ သွားပြီး ဘယ်နေရာမှာ ရှာရမှန်း မသိကြသေးသော ကြောင့် သထုံမြို့သစ်၌ တည်ထားသော ရွှေစာရံစေတီတော်ကို တက်ရောက်ဖူးမျှော်ရင်း ကျိုက်ထိုမြို့မှ ဝယ်ယူလာသော ရွှေ ဆိုင်းများကို ကပ်လှူပူဇော်ကြပါသည်။

ရွှေစာရံစေတီတော် ရှိသော ယခု သထုံမြို့ တည်နေရာ မှာ မြို့ဟောင်းမဟုတ်ဘဲ နောက်မှ ရွှေ့ပြောင်းတည်ခဲ့သော မြို့သစ်ဖြစ်ကြောင်း သမိုင်းကြောင်းအရ သိနိုင်ပေသည်။

သာသနာသက္ကရာဇ်(၂၃၇) ဘီစီ(၃)ရာစုအချိန်လောက် တွင် သောဏနှင့် ဥတ္တရမထေရ်တို့ ဗုဒ္ဓသာသနာပြု ကြွရောက်ခဲ့ ရာ သုဝဏ္ဏဘူမိမြို့တော်မှာ ကေလာသတောင်ပေါ် ဘုရား၏ အနောက်မြောက်ထောင့်တွင် တောင်ပေါ်တစ်ဝက်၊ တောင် အောက်တစ်ဝက် (တောင်လေး၊ ပိုင်ဒန်၊ ယက္ကန်းသည်မ၊ ဝင်းကား ကင်းရွာ)တွင် တည်ရှိခဲ့ကြောင်း ထင်ရှားလှပေသည်။

စူဋသီရိမာသောကမင်းလက်ထက်တွင် သုဝဏ္ဏဘူမိ နေပြည်တော်၏ အရှေ့မြောက်ထောင့် တောင်ထိပ်ပေါ်တွင် ရဟန္တာ မထေရ်မြတ်တို့၏အစီအမံဖြင့် မနုသီဟ ကျောက်ရုပ်ထု ကြီးတစ်ရုပ်ကို စိုက်ထူထားခဲ့ပေသည်။

ဎင်းကျောက်ရုပ်ထုကြီး၏မျက်နှာမှာ ပင်လယ်ဘက်သို့





မျက်နှာမူထားလေသည်။

ထိုမနုသီဟ ကျောက်ရုပ်ထုကြီးကို ခရစ်သက္ကရာဇ် (၁၅)ရာစုတွင် ဝဲဒူးမင်း ဓမ္မစေတီက သုဝဏ္ဏဘူမိမြို့ဟောင်းတွင် တွေ့ရှိခဲ့ကြောင်း ကျောက်စာ၌ ဖော်ပြထားခဲ့ပေသည်။

(၁၈)ရာစုသို့ ရောက်သောအခါမှာလည်း ကျောက်စာ ဝန် ဒေါက်တာဖော့ချမ်းမားကလည်း ထိုမနုသီဟရုပ်ထုကြီးကို သုဝဏ္ဏဘူမိမြို့ဟောင်းတွင် တွေ့ရှိရကြောင်း မှတ်တမ်းတင်ထား လေသည်။

သုဝဏ္ဏဘူမိမြို့ဟောင်းတွင် အုတ်တံတိုင်းအရာများနှင့် အလျားကိုကျောက်စာလာ မနုသီဟရုပ်ထုကြီးသာ ကျန်ခဲ့ ကြောင်း၊

ထူးဆန်းသောကျောက်တုံးရုပ်ပုံကြီးမှာလည်း ကုမာရ စေတီ၏တောင်ဘက် ရေကန်ငယ်ကလေးအနီး မြေကြီးထဲတွင် တစ်ဝက်နစ်မြုပ်နေပြီဖြစ်ကြောင်း၊

ကျိုက်တုမယ် ခေါ် ကုမာရစေတီမှာလည်း ကေလာသ တောင်၏အနောက်မြောက်ထောင့် တောင်စွန်းပေါ်၌ တည်ရှိ ကြောင်း၊

အဆိုပါစေတီကို ယခုအခါ ပြုပြင်မွမ်းမံထားပြီးဖြစ် ကြောင်း စနစ်တကျ သုတေသနပြုကာ မှတ်တမ်းတင်ထားခဲ့ကြ လေသည်။

သုဝဏ္ဏမြို့ဟောင်းနေရာတွင် လက်ရှိ ရွာတည်ထား သော ယက္ကန်းသည်မရွာ၊ ဝင်းကရွာရှိ ရှေးမှီနောက်မီ လူကြီးသူမ



www.burmeseclassic.com

www.burmeseclassic.com



များကတော့ ရှင်းတို့ဘိုးဘွားများလက်ထက်တွင် မနုသီဟ ကျောက်ရုပ်ကြီးကို မှန်ကူတောင်ပေါ်တွင် တွေ့ရှိခဲ့ကြကြောင်း။

အချို့ကလည်း တောင်ပေါ်မှ တောင်အောက်သို့ လိမ့်ကျသွားခဲ့ကြောင်း၊ ကုမာရစေတီ၏တောင်ဘက်၌ ရှိသော ရေကန်ငယ်တလေးအတွင်းသို့ ဦးစိုက်ဇောက်ထိုးကျကာ နစ်မြုပ်နေကြောင်း ပြောဆိုကြလေသည်။

ယခုအခါမှာ ကုမာရစေတီအနီး၌ ရေကန်မရှိတော့ပေ၊ ရေကန်နေရာမှာ မြေဖို့သွားပြီဖြစ်ပေသည်။

သုတေသနပြုသူများကတော့ ကုမာရစေတီ၏ အနောက်ဘက် လယ်ကွင်းစပ်တွင် သုဝဏ္ဏမြို့ဟောင်းအုတ်တိုင်အမှတ်(၄)ကို တူးဖော်တွေ့ရှိခဲ့ကြသည်။

ထို့ပြင်. . .

ကုမာရစေတီတော်အနီးတဝိုက်တွင် ဖားလိုလို ကျားလိုလို ထူးဆန်းသော ဂဝံရုပ်ထုကြီးများကိုလည်း တူးဖော်တွေ့ရှိကြသည်။

ကုမာရစေတီမှာလည်း ရှားပါးသောဂဝံအုတ်ကျောက်များဖြင့်သာ တည်ထားသောစေတီတစ်ဆူဖြစ်လေသည်။

ကုမာရစေတီမှာ သုဝဏ္ဏဘူမိမြို့ဟောင်း ယက္ကန်းသည်မ ရွာမှ ဝင်းတရွာသို့ သွားသော လမ်းမကြီးနံဘေး၌ တည်ရှိလေသည်။

သုဝဏ္ဏဘူမိမြို့တော်မှာ ဗုဒ္ဓသာသနာတော် စတင်ထွန်းကား ပြန့်ပွားခဲ့သောနေရာဖြစ်သောကြောင့် ရှေးအခါက ရဟန်း





...များ သီတင်းသုံးခဲ့သော ကျောင်းတိုက်ပေါင်း(၁၀၀၀)၊ ...ကျောင်းတိုက်ပေါင်း(၁၀၀၀) ရှိခဲ့ကြောင်း မှတ်တမ်းများ ...ဖော်ပြထားကြလေသည်။

ခရစ်သက္ကရာဇ်(၄)ရာစုလောက် ရောက်သောအခါ ...ဝဏ္ဏဘူမိတွင် စာပေအရေးအသား ထွန်းကားလာပြီဖြစ် ...ကြောင်းနှင့် ထိုရာစုကာလမှာပင် သုဝဏ္ဏဘူမိ သထုံပြည်ဟု ...ရေးသားဖော်ပြခဲ့ကြလေသည်။

သထုံနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုး ကွဲပြား...ချက်ရှိပေသည်။

'သုဝဏ္ဏမုံ' (ကောင်းသောအကြောင်းတရားရှိသောမြို့) ...ဟု ခေါ်ရာမှ ဝဏ္ဏကို ဖယ်၍ 'သုမုံ' (ကောင်းသောမြို့)မှ သုထုံ ...ထိုမှ သထုံဖြစ်လာခဲ့ကြောင်း ဖော်ပြထားလေသည်။

အချို့မှာလည်း. . .

ကေလာသတောင်ခြေရင်း၌ တည်သော 'သုဓမ္မာပုရ ...သုဓမ္မဝတီ' ဟူသောမြို့ကို သုဓမ္မာဟု ခေါ်ရာမှ သုဓမ္မာမှ 'သုဓမ်' ...ဟု ဖြစ်လာသည်။

သုဓမ်မှ သုဓံ၊ သုဓုံ၊ သထုံဟု အဆင့်ဆင့် ပြောင်းလဲ ...ခေါ်ဝေါ်ကြကြောင်း ဖော်ပြထားသည်လည်း ရှိပေသည်။

မည်သို့ပင်ရှိစေ. . .

သုဝဏ္ဏဘူမိ သထုံပြည်ဟု လူသိများသော်လည်း သု...ဝဏ္ဏဘူမိက ယခင်အခေါ်ဖြစ်ပြီး သထုံက နောက်မှ ခေါ်ဝေါ်...သော အမည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုဝဏ္ဏဘူမိ သထုံပြည်နှင့် ဓမ္မပါလမင်း နန်းစံတော်မူစဉ် ခရစ်သက္ကရာဇ်(၄)ရာစုလောက်တွင် ရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် သီဟိုဠ်သို့ ကြွရောက်ပြီး ပိဋကတ်(၉၃)ပုံကို ကူးယူခဲ့လေသည်။

ရှင်မဟာဗုဒ္ဓဃောသအသည် ပိဋကတ်ပါဠိတော်များကို အဋ္ဌကထာကျမ်းများအဖြစ် အဖွင့်ကျမ်းများကို ပြုစုတော်မူခဲ့ပေသည်။

သထုံမြို့သို့ ပိဋကတ်စာပေများ ရောက်လာသောအခါ မြန်မာတစ်ပြည်လုံးရှိ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် သထုံသို့ ကြွရောက်ကြပြီး ဗုဒ္ဓစာပေများကို လေ့လာသင်ယူကြလေသည်။

ထိုကာလအချိန်တွင် သုဝဏ္ဏဘူမိ သထုံပြည်၌ ဗုဒ္ဓဘာသာ သာသနာ နေရောင်လရောင်ဖမ်ဘ ထွန်းလင်းတောက်ပလာခဲ့လေသည်။

ကေလာသတောင်ခြေရင်းမှ သုဝဏ္ဏဘူမိ သထုံမြို့တော်ကြီးသည် ဝင်လယ်ရေ တိုက်စားမှုကြောင့် မြို့တဝက်ကျော်မျှ ပင်လယ်ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်ခဲ့ရပေသည်။

ထိုအခါ ယခုလက်ရှိနေရာသို့ ရွှေ့ပြောင်းတည်ထောင်ခဲ့ရာမှ သထုံပြည်ဟု ထင်ရှားလာခဲ့ပေသည်။

ကေလာသတောင်ခြေ၌ ရှိသော သုဝဏ္ဏဘူမိမြို့ဟောင်းနှင့် ယခု သထုံမြို့ တည်ထားသောနေရာမှာ တောင်နှင့်မြောက် မိုင်(၄၀)ကျော်မျှ ကွာဝေးလေသည်။





သထုံရာဇဝင်တွင် သုဝဏ္ဏဘူမိ သထုံမြို့ဟောင်းကြီးမှာ သာသနာသက္ကရာဇ်(၄၅၀)တွင် ပင်လယ်ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားခဲ့ကြောင်း ဖော်ပြထားပေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့ ရောက်ရှိနေသော သထုံမြို့ရှိ ရွှေစာရံစေတီတော်မှာ စူဠသီရိမာသောကမင်း ထက်ထက် တည်ထားခဲ့သော ဗုဒ္ဓမြတ်စွာ၏သွားတော်စေတီ(၃၃)ဆူစာရင်းဝင်သော ရှေးဟောင်းစေတီတော်တစ်ဆူလည်း ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ကျိုက်ထိုမှ ဝယ်ယူလာသော ရွှေဆိုင်းများကို ရွှေစာရံစေတီတော်မှာ ရွှေချ၍ ဘုရားကန်တော့ပြီး နေ့လည်အချိန်ရောက်သောအခါ နေ့လည်စာ စားရန်အတွက် ဘုရားရင်ပြင်တော်အောက်ဖက်နှင့် မနီးမဝေး မော်တော်ကားဂိတ်နံဘေး၌ ရှိသော ထမင်းဆိုင်တန်းဘက်သို့ ဆင်းလာကြလေသည်။

အောက်သို့ ရောက်သောအခါ အရိပ်အာဝါသ ကောင်းပြီး သန့်ရှင်းသပ်ရပ်သော ထမင်းဆိုင်တစ်ဆိုင်သို့ ထမင်းစားရန် ဝင်ရောက်ခဲ့ကြပြီး သင့်တော်သောစားပွဲတစ်လုံး၌ ဝင်ထိုင်လိုက်ကြသည်။

ထိုအချိန်မှာပင် အပြင်ဘက်မှ အဝတ်အစား ဟောင်းနွမ်းနွမ်းနှင့် အဖိုးကြီးတစ်ယောက် ဆိုင်အပေါက်ဝ၌ ရပ်နေသည်ကို မြင်သောအခါ ဆိုင်ပိုင်ရှင်က အခြားနေရာသို့ သွားရန် ပြောဆိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားနေရာကိုသာ သွားတောင်းပါရှင်၊ ဒီမှာတော့ ဆိုင်ထဲမှာ စားသောက်မယ့်သူ များနေလို့ပါ"

"ကျုပ် သူတောင်းစား မဟုတ်ပါဘူး မိန်းကလေးရယ်၊ ဘုရားဖူး လာတဲ့ ခရီးသွားတစ်ယောက်ပါ၊ ရေလေးတစ်ခွက် လောက် သောက်ချင်လို့ပါကွယ်"

ထိုသို့ပြောဆိုနေသောအသံများ ကြားရသဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ ထသွားလေသည်။

"အဘ အထဲကို လာပါ၊ ကျွန်တော်တို့နဲ့အတူတူ စားသောက်လို့ရပါတယ်"

ဟု ပြောဆိုကာ အဖိုးကြီးအား ဆိုင်အတွင်း ခေါ်လာပြီး ကျွန်ုပ်တို့စားပွဲဝိုင်းမှာပင် ထိုင်စေသည်။

အဖိုးကြီးမှာ အသက်အရွယ်ကြီးလှပြီး အသားညိုညို အရပ်မြင့်မြင့်ဖြစ်သည်။

ရင်းဝတ်ဆင်ထားသော အဝတ်အစားများမှာ အဖြူရောင် ဖြစ်ဟန်ရှိသော်လည်း တစ်ထည်တည်းကိုပင် မလဲမဖယ် ဘဲ အချိန်ကြာစွာ ဝတ်ဆင်ထားသောကြောင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

လည်ပင်းတွင် ပုတီးတစ်ကုံးကို ဆွဲထားပြီး လွယ်အိတ် ဟောင်းတစ်လုံးကိုလည်း လွယ်ထားလေသည်။

"ကဲ. . . အဘစားချင်တဲ့ အစားအစာကို မှာပါ၊ ကြိုက်လို့ ကျွန်တော်တို့က ကျွေးပါ့မယ်"

"သာဓုကွယ်. . သာဓု. . သာဓု၊ အဘအတွက်ကတော့





သက်သက်လွတ်ထမင်းနဲ့ ဟင်းပဲ စားပါ့မယ်"

ဟု ပြောသဖြင့် ဆိုင်ရှင်ကို ခေါ်ပြီး သက်သက်လွတ် ချက်ပြုတ်ထားသော ထမင်းနှင့်ဟင်းများကို မှာယူလိုက်လေသည်။

"သက်သက်လွတ်ဟင်းနဲ့ထမင်း သုံးပွဲပေးပါ"

ဆိုင်ရှင်ပြန်ထွက်သွားသောအခါ အဘိုးအိုက စားပွဲပေါ်ရှိ ရေတကောင်းအတွင်းမှ ရေတစ်ခွက် ငှဲ့သောက်နေလေသည်။

"အဘက ဘုရားဖူး လာတာဆိုတော့ သထုံမှာ ရှိတဲ့ ဘုရားတွေတော့ အတော်များများ ရောက်ပြီးရောပေ့ါ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"သထုံတင် မကပါဘူးကွယ်၊ ဒီနယ်တဝိုက်မှာ ရှိတဲ့ နာမည်ကြီး ဘုရားစေတီအတော်များများ ရောက်ခဲ့ပြီးပါပြီ၊ ကျိုက်ထီးရိုး၊ ဇင်းကျိုက်၊ နွားလပို့၊ ကေလာသအစုံပေ့ါ"

"အဘအသက်အရွယ်နဲ့ ဒီလောက်ဝေးလံတဲ့ခရီးတွေကို သွားနိုင်လာနိုင်တာကိုတော့ အံ့သြစရာပဲ၊ အတော်ပင်ပန်းမှာပေါ့"

"ပင်ပန်းတယ်လို့လည်း သဘောမထားပါဘူး၊ စိတ်ကကြည်လင်ပြီး သွားနေတော့လည်း ခန္ဓာကိုယ် ပင်ပန်းတယ် မပင်ပန်းဘူးဆိုတာတောင် သတိမရတော့ပါဘူး၊ ဒီဘဝမှာ အခုလို ပင်ပန်းခံထားမှ နောင်တစ်ဘဝမှာ သက်သက်သာသာ နေရမှာ ပေါ့ငြမ်းရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမှာ မေ့မေ့လျော့လျော့နဲ့ သက်တောင့်သက်သာ နေချင်ရင် နေ့ခင်းတစ်ဘဝ ရောက်ရင် ပင်ပန်းဆင်းရဲမှုတွေနဲ့ ကြုံရတတ်တယ်"

အဘိုးအိုထံမှ အဓိပ္ပါယ် လေးနက်ကျယ်ဝန်းသော စကားမျိုး ကြားရသောအခါ ဒေါက်တာမင်းထင်ကျော်တော့ ဘယ်လိုနေသည်မသိပေ။

ကျွန်ုပ်စိတ်ထဲမှာတော့ တစ်စုံတစ်ခုကို စိုးရိမ်သွားသကဲ့သို့ ခံစားရလေသည်။

ထိုအချိန်မှာပင် ထမင်းပွဲဟင်းပွဲများ လာရောက်ချပေးသဖြင့် မောမောပန်းပန်းနှင့် မြိန်ယှက်စွာ စားသောက်ကြလေသည်။

အဖိုးအိုမှာ ထမင်းနှင့်ဟင်းကို အနည်းငယ်သာ စားသောက်ပြီး စားပွဲပေါ်မှာ ချပေးထားသော ထန်းလျက်ခဲနှင့် လက်ဖက်ရည်ကြမ်းခါးခါးကို စားသောက်နေလေသည်။

"ဒါထက် အဘက ဒီမှာရှိတဲ့ဘုရားတွေ ဖူးပြီးရင် ဘယ်ကို ခရီးဆက်မှာလဲ"

"ဒီမှာ ဘုရားဖူးလို့ မပြီးသေးပါဘူးကွယ်၊ ရွှေစေတီခြောက်ဆူကို တွေ့အောင်ရှာပြီး ဖူးဖို့ ကျန်ပါသေးတယ်"

"ဟင်. . . ရွှေစေတီခြောက်ဆူ ဟုတ်လား၊ ဒီသထုံနယ်မှာ ရွှေစေတီခြောက်ဆူ ရှိတယ်လို့ တစ်ခါမှ မကြားမိပါလား"

"ဘယ်ကြားဖူးပါ့မလဲ. . . ရွှေစေတီခြောက်ဆူ ရှိတယ်လို့သာ စာရင်းရှိတာကိုး၊ တကယ်ဖူးတွေ့နိုင်တာက နှစ်ဆူပဲ





ကျန်တဲ့လေးဆူက ကွယ်ပျောက်နေတာကိုးကွယ့်"

ထိုစကားကြားသောအခါ ကျွန်ုပ်ရော ဒေါက်တာမင်းထင်ကျော်ပါ များစွာစိတ်ဝင်စားသောကြောင့် ထမင်းစားခြင်းကို သတ်လိုက်ပြီး အချိုပွဲနှင့် လက်ဖက်ရည်ကြမ်း သောက်ရင်း သိချင်တာကို ဆက်မေးရလေသည်။

အဖိုးအိုကလည်း အမောဖြေရင်း ကျွန်ုပ်တို့ သိချင်သောအကြောင်းအရာများကို အတိုချုပ်ကာ ပြောပြလေသည်။

ဗုဒ္ဓမြတ်စွာ နှစ်ဝါမြောက်တွင် ရှင်နူရုဒ္ဓါ အမှူးပြုသောရဟန္တာခြောက်ပါးတို့က အစွန်အဖျားနေရာတွင် နေထိုင်ကြသူတို့အကျိုးအတွက် ကိုးကွယ်ပူဇော်ရာကို မြတ်စွာဘုရားထံ တောင်းခံထားကြလေသည်။

အစွန်အဖျား နေရာဒေသဆိုသည်မှာ မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသမှ ကြည့်လျှင် ပင်လယ်သမုဒ္ဒရာ ခြားသောနေရာမျိုးဖြစ်ပေသည်။

ထိုအချိန်က သုဝဏ္ဏဘူမိ ဟုတည်ရှိသော အရပ်ဒေသသည် မဇ္ဈိမအရပ်ဒေသမှ အရှေ့ဘက် ပင်လယ်သမုဒ္ဒရာ ခြားသော ကျွန်းဆွယ်ကြီးတစ်ခုပင်ဖြစ်ပေသည်။

ထိုအခါ မြတ်စွာဘုရားက ထိုအရပ်ဒေသတွင် နေထိုင်ကြသူတို့၏အကျိုးစီးပွားကို မျှော်ကိုးလျက် ဦးခေါင်းတော်ကို သပ်၍ သွန်ဖြူ၍သပ်ရာ ဆံတော်မြတ်(၆)ဆူ ပါလာသောကြောင့် ပေးသနားတော်မူလေသည်။

ရဟန္တာကြီးများလည်း ဆံတော်မြတ်ခြောက်ဆူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပင့်ဆောင်ကာ တောင်းကင်ခရီးဖြင့် သုဝဏ္ဏဘူမိအရပ်ဒေသ ဘက်သို့ ကြွတော်မူလေသည်။

ရဟန္တာ(၆)ပါးတို့သည် သုဝဏ္ဏဘူမိ တည်ရှိရာအရပ်သို့ ရောက်သောအခါ ကေလာသတောင်ပေါ်သို့ ဆင်းသက်တော်မူပြီး ဆံတော်မြတ်တစ်ဆူကို ဌာပနာ၍ စေတီတော်တစ်ဆူ တည်ထားတော်မူလေသည်။

ဤသို့ဖြင့် နေရာဒေသအတိုင်း ရွှေစေတီခြောက်ဆူကို အစဉ်အတိုင်း တည်ထားတော်မူရာ ရွှေစေတီတော်(၆)ဆူမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(၁) သိကြားမင်း တည်ထားအပ်သော သက္ကထူပ၊
(၂) ပဏ္ဍုနတ်သား တည်ထားအပ်သော ပဏ္ဍုနထူပ၊
(၃) မဏိမေခလာနတ်သမီး တည်ထားအပ်သော မဏိမေခလာထူပ၊
(၄) ခရီးသည်သင်္ဘောသူကြီး တည်ထားအပ်သော ဒွိကနဝိကထူပ၊
(၅) ဝရုဏနဂါးမင်း တည်ထားအပ်သော ဝရုဏနာဂထူပ၊
(၆) ဒမိဠကျေးကုန်သည် တည်ထားအပ်သော ဒမိဠထူပ

အစရှိသော ရွှေစေတီခြောက်ဆူတို့ဖြစ်ကြပေသည်။

ရွှေစေတီခြောက်ဆူအနက် လက်ရှိကာလ၌ လူအများ ဖူးတွေ့နိုင်သောရွှေစေတီမှာ သုံးဆူသာရှိပြီး ကျန်သုံးဆူကတော့ နတ်သိကြားများ ကွယ်ဖျောက်ထားခဲ့ကြပေသည်။

ဖူးတွေ့နိုင်သောသုံးဆူမှာ. . .





ကျိုက်ထိုမြို့နယ်အတွင်း၌ ရှိသော စစ်တောင်း ကျိုက္ကသွန်ပွန်းစေတီတော်ကြီး၊ ကေလာသတောင်ထိပ်၌ တည်ရှိသော ကေလာသစေတီတော်၊ မဏိမေခလထူပဟု အမည်ရှိသော မဏိမေခလာ နတ်သမီး တည်ထားကိုးကွယ်ခဲ့သည့် သိမ်ဇရပ်ရှိ သိန်းတန်စေတီတော်သုံးဆူတို့ပင်ဖြစ်ပေသည်။

ကျန်သော ဒွိကနာဝိကထူပ၊ ဝရုဏနာဂထူပ၊ ဒမိဠထူပ အစရှိသော ရွှေစေတီသုံးဆူတို့မှာ ပျောက်ကွယ်နေကြလေသည်။

ရဟန္တာအရှင်မြတ်များ ရွှေစေတီ တည်စဉ်က ကေလာသတောင် ပဏ္ဍုနထူပနှင့် တစ်ဝါဂုတ် ခြား၍ တည်ထားခဲ့သည် အဆိုရှိသောကြောင့် သုဝဏ္ဏဘူမိမြို့ဟောင်းနှင့် ကေလာသတောင်တဝိုက်မှာပင် တည်ရှိနိုင်ကြောင်း ယူဆရပေသည်။

ဤနေရာ ဤဒေသတွင် မျက်စိလည် လမ်းမှား၍ တောတောင်များအတွင်း ရောက်သွားခဲ့သူအချို့မှာ ရွှေရောင်ဝင်းဝင်းနှင့် မြေပေါ်က်ရွှေစေတီကို မမျှော်လင့်ဘဲ ဖူးတွေ့ရသူ အချို့ပင် ရှိနေပါသည်။

အဆိုပါ ကေသဓါတ်ဝင် ရွှေစေတီတို့သည် ဘုရား ဗျာဒိတ်တော်၊ ရဟန္တာအရှင်မြတ်တို့၏ဗျာဒိတ်တော်တို့အရ လွန်စွာ ထူးခြားအံ့ဩဖွယ်ကောင်းသော စေတီတော်များဖြစ်ကြလေသည်။

လက်ဖက်ရည်ကြမ်း သောက်ရင်း ပြောပြနေသော အဘိုးအိုစကားများကြောင့် ရွှေစေတီ(၆)ဆူအကြောင်းကို သိကြ



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် အဖိုးအိုကို များစွာကျေးဇူးတင်မိလေသည်။

"ဒါထက် ငါ့မြေးတို့က ဒီအရပ်ကို ဘုရားဖူး လာကြတာလားကွယ့်"

"မှန်ပါတယ် အဖိုး. . . ဘုရားလည်း ဖူးရင်း တခြားကိစ္စတစ်ခုလည်း ရှိလို့ လာကြတာပါ"

အဖိုးအိုက ခေါင်းညိတ်ပြရင်း စားသောက်နေမှုများကို လက်စသတ်လိုက်လေသည်။

"သထုံ ရောက်မှတော့ မြသပိတ်တောင်ကိုလည်း ရောက်အောင်သွားကြကွယ့်၊ အဲဒီတောင် ရောက်ရင် မြသပိတ်တောင်နဲ့ မနီးမဝေးမှာ တောထူထပ်တဲ့ တောင်ပုလေးတစ်လုံး တွေ့ရလိမ့်မယ်၊

အခုတော့ အဲဒီတောင်မှာ သိဒ္ဓိပေါက်နေတဲ့ ဘုန်းကြီးတစ်ပါးရောက်ပြီး အဓိဋ္ဌာန်ဝင်နေတယ်၊

ငါ့မြေးတို့နဲ့ အကြောင်းအဆက် ပါရင်တော့ ဖူးကြရမှာပေါ့။ ကဲ. . , အဖိုးလည်း ခရီးဆက်ရဦးမှာမို့ သွားလိုက်ဦးမယ်"

ဟု ပြောဆိုကာ နေရာမှ ထကာ အပြင်သို့ ထွက်သွားလေတော့သည်။

ထိုအခါမှ ကျွန်ုပ်တို့နှစ်ယောက်လည်း အံ့ဩမှုများစွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေသည်။





## အခန်း(၄)

## ထွက်ရပ်ပေါက်ဆရာတော်ကြီးနှင့် တွေ့ဆုံရခြင်း

ရှေးအခါက မြသပိတ်တောင်နှင့် ပတ်ဝန်းကျင်ဒေသ [illegible]မှာ အေးချမ်းတိတ်ဆိတ်ပြီး တောတောင်ထူထပ်လှသော [illegible]များဖြစ်ပေသည်။

တောတောင်ထူထပ်ရုံမက လူကို အန္တရာယ်ပေးတတ်[illegible] တောကောင်ကြီးများပင် နေထိုင်ကျက်စားရာနေရာ ဖြစ်[illegible]ကြောင့် တော်ရုံလူတို့ အကြောင်းမရှိပါပဲ မသွားမလာဝံ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သောနေရာများဖြစ်ပေသည်။

သို့သော်လည်း လူသူအနှောင့်အယှက် ကင်းရှင်းကာ တရားအားထုတ်လိုသူများအတွက်တော့ များစွာသင့်လျော်သည့် အရပ်ဒေသတစ်ခုပင်ဖြစ်လေသည်။

ခေါက်တာမင်းထင်ကျော်သည် မြသပိတ်တောင်ပေါ်မှ လှမ်းမြင်နေရသော တောင်ပုကလေးရှိရာသို့ လှမ်းကြည့်နေလေသည်။

ထိုတောင်မှာလည်း သစ်ပင်ကြီးများဖြင့် ညို့ညို့မှိုင်းမှိုင်း ရှိလေသည်။

“ဘယ်လိုလဲ မောင်ထင်ကျော်၊ ဟိုအဖိုးကြီး ပြောသွားတာ အဲဒီတောင်ပဲ ဖြစ်မယ်ထင်တယ်”

“ဒီအနီးတဝိုက်မှာတော့ အနီးဆုံး ရှိနေတာ ဒီတောင်ပဲ ရှိတာဆိုတော့ ဒီတောင်ပဲဖြစ်နိုင်ပါတယ်”

“သူပြောတဲ့အတိုင်းရော ဖြစ်နိုင်ပါ့မလား”

“အကြောင်းမဲ့တော့ လာပြောမယ် မထင်ဘူး၊ ဟုတ် မဟုတ် သိရအောင် သွားကြည့်မှပဲ သိရမှာပဲ”

“အချိန်တော့ သိပ်မရှိတော့ဘူး၊ အခုနေ သွားမယ်ဆိုရင် မမှောင်ခင်တော့ တောင်ပေါ်ရောက်နိုင်ပါလိမ့်မယ်”

“ကဲ. . . ဒီလိုဆိုရင်လည်း စဉ်းစားနေတာထက် လက်တွေ့ လုပ်တာက ပိုပြီးခရီးရောက်တယ်ဆိုတဲ့စကားအတိုင်း အခုပဲ သွားလိုက်ကြရအောင်”

ဟု ပြောဆိုကာ နှစ်ယောက်သား မြသပိတ်တောင်ပေါ်





မှ ပြန်ဆင်းကာ လှမ်းမြင်နေရသော ထိုတောင်ရှိရာသို့ ဦးတည်၍ သွားကြလေသည်။

တကယ်တော့ ကျွန်ုပ်တို့နှစ်ယောက်မှာ ထိုခရီးလမ်းကို တစ်ခါတစ်ခေါက်မှ မရောက်ဖူးသလို လမ်းလည်း မသိကြသောကြောင့် မှန်း၍သာ သွားကြရသည်။

ထိုသို့သွားရာမှာ လမ်းမရှိသောကြောင့် သင့်တော်သလို သွားကြရလေသည်။

အချိန်မှာ ညနေပိုင်း သုံးနာရီအချိန်ခန့်ရှိနေပြီဖြစ်သော်လည်း တောရိပ်တောင်ရိပ်များကြောင့် နေရောင်ခြည်ကို မမြင်ရတော့ပေ။

တစ်နာရီခန့် သွားမိသော်လည်း လမ်းခရီးတလျှောက်လုံးမှာ မည်သည့်အန္တရာယ် အနှောင့်အယှက်မျှ မတွေ့ကြရဘဲ ကျွန်ုပ်တို့ သွားလိုသောတောင်ခြေသို့ ရောက်သွားကြလေသည်။

ထိုတောင်ခြေတဝိုက်၌လည်း ဘုန်းကြီးမဆိုထားနှင့်၊ အသွားအလာ လူတစ်ယောက်တစ်လေမှပင် မတွေ့ကြရပေ။

“မမှောင်ခင် တောင်ပေါ် ရောက်အောင် တက်ကြမှ ဖြစ်မယ် ဆရာ”

“ကောင်းတာပေါ့. . . လမ်းတော့ မရှိဘူး၊ အဆင်ပြေတဲ့နေရာကပဲ တက်ကြတာပေါ့”

တကယ်တော့ ကျွန်ုပ်တို့နှစ်ယောက်မှာ မြို့သားများ ဖြစ်ကြစေကာမူ ခရီးသွားလာမှု များသောကြောင့် တောတောင်ခရီးလမ်းများအတွက် အခက်အခဲတော့ မရှိလှပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးကတော့ ကျွန်တော်တို့နှစ်ယောက်ကို ဒီနေရာကို လာဖို့ အကြောင်းမဲ့တော့ လွှတ်မယ်မထင်ဘူး၊ ကျွန်တော်တို့ ရှာနေတဲ့ ထွက်ရပ်ပေါက်ဆရာတော်ကြီးကိုတော့ ဖူးတွေ့ခွင့်ရရင်တော့ တစ်နေရာမဟုတ် တစ်နေရာမှာ ဖူးတွေ့ရမှာပါ"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောသည်။

တောတောင်တို့၏သဘာဝအတိုင်း တောင်ခြေမှာ အသွားအလာ ခက်ခဲလောက်အောင် ရှုပ်ထွေးနေသော်လည်း အပေါ်ပိုင်း ရောက်လာလေလေ တောခြေက ရှင်းလာလေလေ ဖြစ်လာသည်။

ချုံနွယ်ပိတ်ပေါင်းများ သိပ်မရှိတော့ဘဲ သစ်ပင်ကြီးများသာ ရှိတော့သဖြင့် အသွားအလာ လွယ်ကူလာသဖြင့် ပို၍ခရီးတွင်လာသည်။

သို့သော်လည်း လျင်လျှင်မြန်မြန်တော့ မသွားနိုင်ကြပေ၊ တောင်တက်လမ်းတို့၏ သဘာဝအတိုင်း အမြင့်ပိုင်း ရောက်လာလေလေ မောဟိုက်လာလေ ဖြစ်သောကြောင့် ဖြေးဖြေးမှန်မှန်သာ တက်ကြရသည်။

ထို့ထက် ကျောပိုးအိတ်များ ပါသောကြောင့် အပေါ်ပိုင်း ရောက်လာလေလေ ပို၍လေးလံလာလေဖြစ်သည်။

ထိုသို့တက်နေရင်းမှပင် သစ်ပင်ကြီးများအောက်မှာ တစ်ပါးတည်း တရားထိုင်နေသော ဘုန်းကြီးကို တွေ့ရလေမလားဟု မျက်စိရှင်ရှင်ထားကာကြည့်ရှုရသေးသည်။

အချိန်မှာ ညနေပိုင်းလေးနာရီအချိန်သာသာခန့်ပင် ရှိ





သေးသော်လည်း တော၏အောက်ခြေမှာတော့ အမှောင်ရိပ်များက သမ်းစပြုလာချေပြီ။

ကျွန်ုပ်မှာ ပတ်ဝန်းကျင်ကို ကြည့်ရင်း လျှောက်နေသောကြောင့် တစ်ခါတစ်ခါ ဒေါက်တာမင်းထင်ကျော်နှင့် အတန်ငယ်ဝေးသွားသောကြောင့် ကသုတ်ကယက်ဖြင့် နောက်မှ အမှီလိုက်ရလေသည်။

အကယ်၍ တောင်ထိပ်ပေါ် ရောက်ကာမှ ဘုန်းတော်ကြီးနှင့် မတွေ့ရပါက ဘယ်ပုံဘယ်နည်း ခရီးဆက်ရမည်ကို မသိရသေးသောကြောင့် စိတ်ကတော့ ခပ်လေးလေး ရှိနေလေသည်။

တစ်နေရာ ရောက်သောအခါ ရှေ့မှ သွားနေသော ဒေါက်တာမင်းထင်ကျော်မှာ ခြေလှမ်းကို ရပ်ပြီး တစ်နေရာသို့ လှမ်းကြည့်နေသည်ကို တွေ့ရသဖြင့် ကပျာကယာ အနားရောက်အောင် လျှောက်သွားပြီး ၎င်းကြည့်သောနေရာသို့ လှမ်းကြည့်လိုက်သည်။

အခြားမဟုတ်ပေ. . . ။

သစ်ပင်ကြီးများအောက်မှာ ထိုးထားသော တဲဟောင်းတစ်လုံးပင်ဖြစ်လေသည်။

တဲကိုသာ မြင်ရသော်လည်း လူရိပ်လူခြည်တော့ မတွေ့ရသေးပေ။

"အတွင်းမှာ လူရှိမယ်ထင်တယ် ဆရာ၊ အနားသွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အတွင်းမှာ ကျုပ်တို့ ရှာနေတဲ့ဘုန်းကြီးများ ရှိနေမလား"

"ကြည့်မှပဲ သိရမှာပေါ့"

ဟု ပြောဆိုကာ နှစ်ယောက်သား စကားမပြောဘဲ တဲရှိရာသို့ တက်လာကြလေသည်။

အလင်းရောင် နည်းနေပြီဖြစ်သောကြောင့် တဲအတွင်းသို့ ကောင်းစွာမမြင်ရတော့ပေ။

ကျွန်ုပ်စိတ်ထဲမှာတော့ တဲအတွင်းမှ အဝါရောင်သင်္ကန်းရုံထားသော ဘုန်းကြီးတစ်ပါးပါး ထွက်လာလိမ့်မည်ဟု မျှော်လင့်နေမိသည်။

တဲနှင့် မလှမ်းမကမ်း ရောက်သောအခါ တဲနောက်မှ အဝါရောင်နှင့်တော့ ထွက်လာသည်။ သင်္ကန်းရုံထားသော ဘုန်းတော်ကြီးတော့ မဟုတ်ပေ၊ ကိုးတောင်ကျားကြီးတစ်ကောင်ပင် ဖြစ်တော့သည်။

တောကောင်ကြီးမှာ ကျွန်ုပ်တို့ကို မြင်သောအခါ နီရဲသောပါးစပ်ကြီးကို အစွမ်းကုန် ဖြဲကာ ခါးကြီးတန့်န့်ဖြင့် ကျွန်ုပ်တို့ ရှိရာသို့ ဆင်းလာလေတော့သည်။

ယခုမှ ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေမျိုး ရောက်တော့သည်။

ခါတိုင်း ခရီးထွက်ကြသည်မှာ ကျွန်ုပ်တို့နှင့်အတူ သေနတ်ခါးလှံများက အပြည့်အစုံ ပါကြလေသည်။

ယခုလို အခြေအနေမျိုးနှင့် ရင်ဆိုင်ဟိုးလျှင် အမဲပစ်





သေနတ်အသုံးပြု၍ ရင်ဆိုင်ရုံသာရှိပေသည်။

ယခုအခါမှာတော့ ဘာသာရေးနှင့် သက်ဆိုင်သောခရီးမျိုး ထွက်လာကြခြင်းဖြစ်သောကြောင့် လက်နက်ဆို၍ ဓါးမြှောင်တစ်ချောင်းပင် မပါကြပေ။

ဒေါက်တာမင်းထင်ကျော်မှာ အန္တရာယ်နှင့် ရင်ဆိုင်တွေ့လျှင် သွေးအေးအေးနှင့် ရင်ဆိုင်တတ်သူပီပီ ခါးကြီးတန့်န့်ဖြင့် ဆင်းလာနေသောကျားကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

ကျားတို့မည်သည် လူနှင့် မျက်နှာချင်းဆိုင် တွေ့သည့်အခါ မျက်နှာချင်းဆိုင် ဝင်လေ့မရှိဘဲ နောက်မှ လှည့်ချောင်းကာ ချုန်အုပ်လေ့ရှိသည့်အတိုင်း တောကောင်ကြီးက ကျွန်ုပ်တို့နောက်ဘက်မှ ပတ်ချောင်းရန် ဟန်ပြင်နေလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်စပျိုးလာချေပြီ အကယ်၍ တောတွင်းမှာ အမှောင်ဖုံးသွားပါက ကျွန်ုပ်တို့အတွက် အခြေအနေကောင်းနိုင်စရာ မရှိနိုင်တော့ပေ။

ထိုအချိန်မှာပင် မလှမ်းမကမ်းရှိ တဲအတွင်းမှ ချောင်းဟန့်သံတစ်ချက် ပေါ်လာလေသည်။

"အဟမ်း. . ."

ထိုချောင်းဟန့်သံ ကြားလိုက်ရသော တောကောင်ကြီးမှာ နှုတ်ခမ်းထိုပ်ခိုးထည်ဖြင့် မိသော ကြောင်တစ်ကောင်ပမာ ကက်ကလေး ပုဝင်သွားပြီးနောက် တောတွင်း ပြန်ဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ တျွန်ုပ်တို့နှစ်ယောက်မှာ သက်ပြင်းချနိုင်ပြီး အသက်ဝအောင်ရှုနိုင်ကြလေတော့သည်။

တျွန်ုပ်တို့နှစ်ယောက်လည်း ချောင်းဟန့်သံသာ ကြားရပြီး မီးရောင်လည်းမမြင်ရ၊ လူရိပ်လူခြေလည်း မတွေ့ရသော တဲဖက်သို့ လှမ်းကြည့်နေစဉ် နောက်ထပ်ချောင်းဟန့်သံ ထပ်ပေါ်လာသည်။

"အဟမ်း. . . , အဟမ်း"

ဒီတော့မှ တဲအတွင်းမှာ လူရှိနေမှန်း သိရသဖြင့် ဝမ်းသာအားရဖြင့် တဲအနီးသို့ ရောက်အောင်သွားကြလေသည်။

တဲပေါက်ဝအနီးသို့ ရောက်သောအခါ အတွင်းဘက်မှ လှုပ်ရှားသံ ကြားရပြီး တဲပေါက်ဝသို့ ဘုန်းကြီးတစ်ပါး ထွက်လာလေသည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း ဝမ်းသာအားရ ဖြစ်သွားကြပြီး လွယ်ထားသော အထုပ်အပိုးများကို အောက်ချပြီး ရှိသေစွာ ကန်တော့လိုက်ကြသည်။

ဘုန်းကြီးက ကျွန်ုပ်တို့နှစ်ယောက်ကို အသေအချာ ကြည့်ပြီး. . .

"ရောက်အောင်တော့ လာနိုင်ကြသားပဲ"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်သံကို ကြားလိုက်ရလေသည်။

ထို့နောက်. . .

ကျွန်ုပ်တို့နှစ်ယောက်ကို တဲပေါ် ခေါ်၍ထိုင်စေသည်။





ပြီးမှ တဲအောက်သို့ ဆင်းသွားပြီး မည်သို့မည်ပုံ မွှေးထိုတ်သည် မသိပေ။

ရေနံဆီ လောင်းချလိုက်သကဲ့သို့ မီးသေနေပြီဖြစ်သော မီးဖိုမှာ ခဏချင်း မီးတောက်များ ထလာပြီး အလင်းရောင်နှင့် အနွေးဓါတ်များ ရလာလေသည်။

"တောကောင်တွေကတော့ ဒီနေရာတဝိုက်မှာ အတော်တလေး များတယ်၊ တစ်ခါတစ်လေ နှစ်ကောင်သုံးကောင် အထိ လာချင်လာကြတာပါပဲ၊ သူတို့အပေါ်မှာ မေတ္တာမပျက်ရင်တော့ ရန်မမူပါဘူး"

ဟု ရေရွတ်ပြောဆိုကာ တဲပေါ် ပြန်တက်လာပြီး ကျွန်ုပ်တို့နှစ်ယောက်အား ငှက်ပျောသီးမှည့်တစ်လုံးစီ ကျွေးပြီး ရေတိုက်ရာ ငှက်ပျောသီးစား၊ ရေသောက်ပြီးနောက် တစ်လမ်းလုံး ပင်ပန်းလာသမျှများ လျော့ပါး ပြေပျောက်သွားသကဲ့သို့ ခံစားရသည်။

"ဘယ်အတွက် ဒီနေရာအထိ ရောက်အောင် လာခဲ့ကြသလဲ"

"ဆရာတော်ကြီးကို ဖူးတွေ့ရအောင် တမင်လာရှာကြတာပဲဘုရား"

"ငါ ဘယ်သူဘယ်ဝါဆိုတာရော သိကြလို့လား"

"ဖျာပုံမြို့ ခရေပင်ဇောက်ထိုး ပေါက်တဲ့မင်းကျောင်းက ထွက်ရစ်ပေါက် ဆရာတော်ကြီး ဦးသုန္ဒလို့ ထင်ပါတယ်ဘုရား"

"အင်း. . . အမြင်လေးတော့ ရှိပေသားပဲ၊ မင်းတို့ လာ



www.burmeseclassic.com

www.burmeseclassic.com



တာကို ငါသိပါတယ်၊ ဒါကြောင့် တန်းတန်းမတ်မတ် ရောက်လာနိုင်အောင် အကြိုတစ်ယောက် လွှတ်လိုက်တာကို သထုံမှာ တွေ့ခဲ့ကြတယ် မဟုတ်လား"

ထိုအခါမှ ထမင်းဆိုင်မှာ တွေ့ခဲ့သော အဖိုးကြီးကို ပြန်လည်သတိရလေသည်။

"တွေ့ခဲ့ပါတယ်ဘုရား"

"မင်းတို့ကို ငါနဲ့ တွေ့ဖို့ လွှတ်လိုက်တဲ့ဆရာကြီးကရော ဘယ်မှာကျန်ခဲ့သလဲ"

"ဒေးစွန်ပါမှာ အမိဌာန်ဝင်ရင်း စောင့်မယ်လို့တော့ မှာလိုက်ပါတယ်ဘုရား"

"အေး. . . သူလည်း ပါရမီ ရှိသူတစ်ယောက်ပဲ၊ တစ်နေ့ကျရင်တော့ သူ့ရည်ရွယ်ချက်တွေ ပြည့်ပြီး ဝိဇ္ဇာလမ်းကို ရောက်မယ့်သူပါပဲ"

ဟု ပြောရာ ကျွန်ုပ်တို့မှာ ဆရာကြီးသူရဋ္ဌအတွက် များစွာဝမ်းသာသွားမိလေသည်။

"တဲ့. . တဲ့. . ရောက်လာမှတော့ သိချင်တာ မေးကြပေါ့"

ထိုသို့ ခွင့်ပေးသောအခါ ဒေါက်တာမင်းထင်ကျော်က မေးလေသည်။

"တပည့်တော်တို့ မှန်းဆသလို ဆရာတော်ကြီးက မင်းကျောင်းဆရာတော်ကြီး ဦးသုန္ဒပါလား ဘုရား"

ခေါင်းညိတ်ပြသည်။





"သက်တော် ဘယ်လောက်ရှိပါပြီလဲဘုရား"

"(၁၅၀)ကျော်ပြီပေါ့၊ ကျောင်းက စထွက်တုန်းကတော့ အခု မြင်ရတဲ့အတိုင်း သက်တော်ငါးဆယ်အရွယ်လောက်ပဲပေါ့"

ဟု ပြောပြသည်။

ဆရာတော်ကြီးအရွယ်မှာ သက်တော်(၁၅၀)ကျော်ပြီဆိုသော်လည်း မူလရုပ်ရည်အတိုင်း ငါးဆယ်ဝန်းကျင်အရွယ်ခန့်သာ ရှိနေသည်။

"ဆရာတော်ကြီးရဲ့ ထွက်ရပ်ပေါက်လမ်းစဉ်အကြောင်းကို တပည့်တော်တို့ ဗဟုသုတအနေနဲ့ သိခွင့်ရှိတာတွေကို သိချင်ပါတယ် ဘုရား"

ဟု လျှောက်ထားသောအခါ ဆရာတော်ကြီးက တည်ငြိမ်အေးဆေးသောအသံဖြင့် ပြောပြလေသည်။

"ဘယ်အလုပ်မျိုးမဆို ကြိုးစားရင် ရနိုင်တာပါပဲ၊ ငါက ဂိုဏ်းရပ်လမ်းစဉ်နဲ့ ထွက်ရပ်လမ်း ရောက်ခဲ့သူပါ၊ ဒီလမ်းစဉ်တွေကို ငါ့ရဲ့ဆရာတော်ကြီးဆီကတဆင့် ရခဲ့တာပေါ့၊

ငါ့ရဲ့အရင် ငါ့ဆရာတော်ကြီးက အရင်ထွက်တော်မူတယ်၊ သူထွက်ပြီးတော့မှ ညွှန်ပြခဲ့တဲ့လမ်းစဉ်အတိုင်း ကြိုးစားအောင်ရွက်ခဲ့လို့ ဒီလိုအောင်မြင်မှုမျိုး ရခဲ့တာပါပဲ၊

တကယ်တော့ ဒီလမ်းစဉ်ကို အောင်မြင်အောင် ကြိုးစားခဲ့တယ်ဆိုတာ အသက်ရှည်ရှည်၊ အနာရောဂါကင်းကင်းနဲ့ သူများအားထုတ်ချင်လို့ပါပဲ၊

ငါ ခရေပင်ဈောက်ထိုး ရှိတဲ့အရပ်က စွန့်ခွာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီ”

ဟု အစချီကာ တစ်ဖက်၌ ရေးသားဖော်ပြသော အကြောင်းအရာအချို့ကို မိန့်ကြားပြောပြလေသည်။







# အခန်း(၅)

# ပုရပိုက်သုံးဆုတို့ ရှိကြခြင်း

လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာဝန်းကျင်ခန့်အချိန်က ဖျာပုံမြို့မြောက်ပိုင်းဘက်တွင် မင်းကျောင်းအမည်ရှိသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိလေသည်။

ထိုကျောင်း၌ ထိုင်သော ဆရာတော်ကြီးမှာ ဝိဇ္ဇာပညာရှင် မှော်ပညာရပ်များအပြင် အင်္ဂရတ်ပညာ၊ ဗုဒ္ဓိရတ်ပညာများကိုလည်း များစွာတတ်ကျွမ်းမှုရှိလေသည်။

သို့သော်လည်း ဆရာတော်ကြီးက အပြင်လည်းထွက်၊


www.burmeseclassic.com

www.burmeseclassic.com

အခြားကိစ္စများလည်း မကြွသောကြောင့် ဒကာ၊ ဒကာမများထ ဆရာတော်ကြီး မည်သည့်ပညာများ တတ်မြောက်ပြီး မည်သည့် အခြေအနေ ရောက်နေမှန်းလည်း မသိကြရပေ။

အပြင်မှ ဒကာ ဒကာမများ မသိရခြင်းမှာ အဆန်း မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ဆရာတော်ကြီး၏အခြေ အနေကို ကျောင်းမှာ အတူရှိနေသောတပည့်များ၊ ဦးပဥ္စင်းများ ပင် ဂယနကာ မသိကြရပေ။

ထိုအချိန် ဦးသုန္ဒမှာ အသက်နှစ်ဆယ်ကျော်၊ ရဟန်းဝါ (၃)ဝါမျှသာ ရသေးသော ရဟန်းပျိုတစ်ပါး ဖြစ်သောကြောင့် ထိုအကြောင်းများကို မသိရပေ။

ဆရာတော်ကြီးမှာ ၎င်းနေသော ကျက်သရေခန်း အတွင်းမှ ထွက်သည်မရှိဘဲ အစဉ်အမြဲလိုလိုပင် အခန်းတံခါးကို ပိတ်ထားလေ့ရှိသည်။

အကြောင်းကိစ္စ ရှိသောအခါမှ ကြေးဂလိုင် တီး၍ ခေါ် ပြီး ခိုင်းစရာရှိသည်ကို ခိုင်းစေပြီး ပြန်လွှတ်လေ့ရှိသည်။

၎င်းအခန်းတွင်းမှာတော့ ပေစာပေချပ်များ၊ အဂ္ဂိရတ် ထိုးရာတွင် အသုံးပြုသော ပစ္စည်းများဖြင့် ရှုပ်ထွေးလျက်ရှိသည်။

တစ်ခါက ဦးသုန္ဒမှာ အကြောင်းကိစ္စတစ်ခုကြောင့် ဆရာတော်ကြီးအခန်းတွင်းသို့ အမှတ်မထင် ရောက်သွားရာ အခန်းတစ်ခုလုံး အလင်းရောင်များ ဖြာထွက်နေသည်ကို တွေ့ရ သဖြင့် များစွာအံ့ဩသွားလေသည်။





တံခါးချပ်ကို အသာဟပြီး ကြည့်လိုက်သောအခါ ဆရာ တော်ကြီးက ကုတင်ပေါ်မှာ ကျိန်းစက်နေပြီး အလင်းရောင်များ ဖြာထွက်နေသော ဓါတ်လုံးတစ်လုံးက ဆရာတော်ကြီး ကျိန်းစက် နေသော ကုတင်တိုင်များကို ပတ်ဝဲလျက် ပျံနေသည်ကို တွေ့ရ သဖြင့် အခန်းတံခါးကို ပြန်ပိတ်ထားလိုက်သည်။

အတန်ကြာတော့ အခန်းတွင်းမှ ဖြာထွက်နေသော အလင်းရောင်များ ပျောက်ကွယ်သွားပြီး ဆရာတော်ကြီး၏ ချောင်းဟန့်သံ ကြားရလေသည်။

"အဟမ်း. . . အဟမ်း. . . သုန္ဒ ဘာကိစ္စရှိလို့လဲ"

ဟု အတွင်းမှ လှမ်းမေးလေသည်။

ထိုအခါမှ တံခါးကို ပြန်ဖွင့်လိုက်သောအခါ ဓါတ်လုံး လည်း မတွေ့ရတော့ဘဲ အလင်းရောင်များလည်း ကွယ်ပျောက် သွားလေသည်ကို တွေ့ရလေသည်။

ဆရာတော်ကြီးကို အကြောင်းကိစ္စ လျှောက်ထားနေ သော်လည်း စိတ်မဖြောင့်သဖြင့် စောစောက မြင်ရသောဓါတ်လုံးကို ရှာ ကြည့်နေသည်။

"ဘာရှာနေတာလဲ သုန္ဒ"

"စောစောက ဒီအခန်းထဲမှာ ဓါတ်လုံးတစ်လုံး ပျံဝဲနေ တာ တွေ့လို့ ရှာနေတာပါဘုရား"

ထိုစကားကြောင့် ဆရာတော်ကြီးက ခါးပန်းကြိုး၌ ခိတ်ဖြင့် ထည့်ထားသောဓါတ်လုံးကို ထုတ်ပြလေသည်။

"ဒီဓါတ်လုံးကို ပြောတာလား"

www.burmeseclassic.com



ဟု လက်ဝါးပေါ်၌ တင်ပြလေသည်။

ခါတ်လုံးမှာ စောစောကလောက် အလင်းရောင် မထွက်တော့သော်လည်း ဝင်းလက်နေသည်။

"မှန်ပါတယ်ဘုရား"

"ဒါ တခြားမဟုတ်ဘူး၊ သိဒ္ဓိပေါက်နေတဲ့ ပြဒါးရှင်လုံးပဲ"

"ပြဒါးရှင်လုံး ရပြီဆိုတော့ ဆရာတော်ကြီး အလိုရှိတာ ရနိုင်ပြီလားဘုရား"

ခေါင်းညိတ်ပြလေသည်။

ပြီးနောက် လက်ဝါးပေါ် တင်ထားသော ပြဒါးရှင်လုံးကို ဦးသုန္ဒလက်ပေါ် တင်ကြည့်ရန် ပေးသည်။

"ရော့ . . . မင်းလက်ဝါးပေါ် တင်ကြည့်"

ဟု ပြောပြီး လှမ်းပေးသဖြင့် ဦးသုန္ဒက လက်ဝါးနှစ်ဖက် ဖြန့်ပေးလိုက်သည်။

ဆရာတော်ကြီးက သူ့လက်ဝါးပေါ်သို့ ပြဒါးရှင်လုံးကို တင်ပေးလိုက်သော်လည်း စောစောက ဆရာတော်ကြီးလက်ပေါ်မှာ ငြိမ်သက်နေသော ပြဒါးရှင်မှာ အငြိမ်မနေဘဲ ရွေ့လျား လှုပ်ရှားနေတော့သည်။

ဦးသုန္ဒက ၎င်းလက်မငြိမ်၍ထင်သဖြင့် လက်ဝါးပေါ်မှာ ရောက်နေသော ပြဒါးရှင်ကို လက်ဖြင့် ဖမ်းဆုပ်ယူရန် ကြိုးစားသည်။

သို့သော် မရပေ။

မီးခိုးငွေ့ကို လက်ဖြင့် ဆုပ်ဖမ်းနေရသကဲ့သို့ ဒီနေရာက





မ်း တိုနေရာမှထွက်၊ ဟိုနေရာမှဖမ်း၊ ဒီနေရာမှထွက်နှင့် ဘယ်သို့မှ ဖမ်းမမိပေ။

"တပည့်တော် ဖမ်းလို့မရနိုင်ပါဘုရား"

ဟု ပြောလိုက်တော့မှ ဆရာတော်ကြီးက ပျံ့ဝဲနေသော ပြဒါးလုံးကို လက်ဖြင့် အသာအယာ ဖမ်းယူပြီး အိတ်အတွင်းသို့ ပြန်ထည့်လိုက်သည်။

"သိဒ္ဓိဝင်နေတဲ့ပစ္စည်းတစ်ခုကို ကိုယ့်ဆီမှာ ဘာသိဒ္ဓိမှ မရှိသေးဘဲနဲ့တော့ အလွယ်တကူ ဖမ်းယူလို့ ဘယ်ရပါ့မလဲ၊ မင်း ဒီဓါတ်လုံးမျိုးကို မလိုချင်ဘူးလား"

"တပည့်တော် လိုချင်ပါတယ်ဘုရား"

ဦးသုန္ဒက စိတ်ထဲမှာ ရှိသည့်အတိုင်း ပြောလိုက်လေသည်။

"ဒါဖြင့် ရအောင်ကြိုးစားရမှာပေါ့၊ ဘယ်အလုပ်မျိုးမှ မကြိုးစားဘဲနဲ့ အလွယ်တကူ မရနိုင်ဘူး၊

တန်ဖိုးကြီးတဲ့အရာကို လိုချင်လေလေ . . . သူနဲ့ ထိုက်တန်တဲ့ကြိုးစားမှုတွေ များများလုပ်ရလေပဲ၊

ပုဂံက ရှင်အရှဂေါဏကိုယ်တော်ကြီးဟာ သူ့ရဲ့မူလ မျက်လုံးနှစ်လုံး အဖောက်ခံရတဲ့အထိ ကြိုးစားခဲ့ရတယ်ဆိုတာ ရော စာထဲမှာ တွေ့ဖူးရဲ့လား"

"တွေ့ဖူးပါတယ်ဘုရား"

"ဒီတော့ ဒီပညာရပ်ကို တကယ်ဝါသနာပါတယ်ဆိုရင် ဒါ မင်းကို နည်းပေးမယ်၊ မင်းကိုယ်တိုင်က မဖြစ်ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပေတော့"

"မှန်လှပါ. . . တပည့်တော်ကြိုးစားပါမယ်ဘုရား"

ဆရာတော်ကြီးက လုပ်ရပ်လုပ်နည်းလမ်းများကိုသာ ပေးသော်လည်း အခြားတော့ ဘာမှလုပ်မပေးချေ။

မှားယွင်းနေလျှင် ပြုပြင်ပေးပြီး မသိတာ မေးလျှင် လမ်းညွှန်ပေးသည်သာရှိသည်။

ဦးသုန္ဒအပါအဝင် အခြားဝါသနာပါသော တပည့်အချို့လည်း ရှိရာ တပည့်များကို မကြာခဏ ဆုံးမပြောဆိုလေ့ရှိသည်။

"ထမင်းစားရဖို့ ဆန်ရော အိုးပါ ပေးထားပြီးသားနဲ့ မီးမွှေးပြီး ထမင်းမချက်တတ်ရင်တော့ အငတ်သာ နေကြပေတော့"

ထိုစကားကြောင့် မိမိတို့ဖာသာ အစွမ်းကုန် ကြိုးစားကြရလေသည်။ တပည့်များထဲတွင် ဆရာတော်ကြီးက ဦးသုန္ဒအပေါ်မှာ တပည့်ရင်းတစ်ယောက်အဖြစ် သတ်မှတ်ပြီး မှားယွင်းမှုများကို သွန်သင်ညွှန်ပြပေးလေ့ရှိသည်။

နောက်ပိုင်းရက်များမှာတော့ ဆရာတော်ကြီးရှိနေသည့် တံခါးပိတ်ထားသောအခန်းထဲသို့ ညေ့သည်အချို့ အဝင်အထွက်ပြုလုပ်လာသည်ကို သတိပြုမိလေသည်။

ဆရာတော်များ၊ ရဟန်းများ၊ သူတော်စင်များ၊ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော ပုဂ္ဂိုလ်များမှာ ညဥ့်နက်ပိုင်းအချိန်မှ ရောက်လာလေ့ရှိပြီး ပိတ်ထားသောတံခါးမှ အခန်းထဲ ဝင်သွားကြသည်။





ပြီးလျှင် ပြန်ထွက်သွားကြသည်။

ထိုပုဂ္ဂိုလ်များ အဝင်အထွက်ပြုနေသည်ကို အခြားသူများ တွေ့မြင်ရသည် မမြင်ရသည် မသိရသော်လည်း ဦးသုန္ဒကတော့ ကောင်းစွာတွေ့မြင်ရလေသည်။

(နောက်မှ သိရသည်မှာ အခြားမဟုတ်ဘဲ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ယက္ကန်းစင်တော်ဆရာတော်ကြီးအပါအဝင် သိဒ္ဓိပေါက်ပြီးသောပုဂ္ဂိုလ်များ ဖြစ်ကြောင်း သိရလေသည်။)

နောက်ပိုင်းရောက်လာသောအခါ ဆရာတော်ကြီးမှာ တျက်သရေခန်းထဲမှ မထွက်တော့ပေ။

ဆွမ်းစားချိန်ရောက်လည်း ထွက်မစားတော့ပေ။ ဒကာဒကာမများက ဆွမ်းကွမ်းများ လာရောက်ကပ်လှူလျှင် လက်ခံတော်မူပြီး အခြားသံဃာတော်များကိုသာ ပေးလေ့ရှိသည်။

အခန်းတံခါးပိတ်ထားသော်လည်း အခန်းတွင်းမှာတော့ ချောင်းဟန့်သံ ကြားနေရသဖြင့် အတွင်း၌ ဆရာတော်ကြီး ရှိနေမှန်း သိရလေတော့သည်။

တစ်ခါတစ်ရံမှာတော့ အကြောင်းကိစ္စရှိလျှင် ဦးသုန္ဒတစ်ပါးကိုတော့ ၎င်းအခန်းတွင်းသို့ ခေါ်လေ့ရှိသည်။

ထိုအခါ အရောင်တဝင်းဝင်း တလက်လက် တောက်ပနေသော ဓါတ်လုံးများစွာတို့ကို တွေ့မြင်ရလေသည်။

ထို့ထက် ပိုမိုအံ့ဩဖွယ်ကောင်းသည်က ၎င်းဓါတ်လုံးများကို စုပေါင်းပြီး ဓါတ်ပေါင်းစုံဘုရားတစ်ဆူ သွန်းလုပ်နေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။

ထိုရှင်ပွားတော်မှာ များစွာသပ္ပါယ်လှသောအဆင်း ရှိရုံမက အရောင်မျိုးစုံတို့ကလည်း တဝင်းဝင်း တလက်လက်ဖြင့် တောက်ပလျက်ရှိနေသည်။

"အရှင်ဘုရား. . ဒီဘုရားက သိဒ္ဓိပေါက်ပြီးသား ဓါတ်သား ဓါတ်လုံးတွေနဲ့ သွန်းလုပ်ထားတာပါလား ဘုရား"

"မှန်တယ် သုန္ဒ၊ ဓါတ်ပေါင်းစုံဘုရားလို့ ခေါ်တယ်"

"ဘယ်နေရာမှာ ထားဖို့ သွန်းလုပ်နေတာပါလဲဘုရား"

"ဒါတွေက ငါ့အတွက် မလိုတော့ဘူး၊ ဒါကြောင့် ဘုန်းမှယ လောကသားတွေ ကိုးကွယ်ဖို့ သွန်းလုပ်ပေးနေတာပါ။ လူတွေက တော့ ထိုက်တဲ့သူ ဖူးတွေ့ရမှာပေါ့လေ"

ဟု ပြောပြသည်။

နောက်ပိုင်းရောက်လာသောအခါ ဆရာတော်ကြီး အခန်းတွင်းမှ ခေါင်းဟန့်သံပင် မကြားရတော့ပေ။

သို့သော်လည်း ၎င်းမခေါ်ဘဲနှင့် အခန်းတံခါးကိုလည်း မည်သူကမှ မဖွင့်ဝံ့ကြပေ။

နောက်တစ်ပတ်ခန့်ကြာတော့မှ အခန်းတွင်းမှ ခေါင်းဟန့်သံ ပြန်ကြားရသည်။

ထိုအခါမှ ဦးသုန္ဒမှာ ဆရာတော်ကြီးနှင့် ပြန်တွေ့ရသည်။

"သုန္ဒ. . . ငါမရှိတဲ့နောက်မှာ ပညာရပ်တွေကို ကြိုးကြိုးစားစားနဲ့သာ ဆက်လုပ်ပေတော့၊ ငါ့ဆီက ပညာယူနေတဲ့





ဘပည့်တွေအားလုံးထဲမှာ မင်းတစ်ယောက်ကတော့ ငါ့လမ်းစဉ်ကို အမှီလိုက်နိုင်မယ်လို့ ငါမြင်တယ်"

"မှန်လှပါ. . . တပည့်တော်ကြိုးစားပါ့မယ်ဘုရား"

"အေး. . အေး. . မင်းသိချင်တာတွေ နားမလည်တာတွေ ရှိရင် ငါ့ဆီမှာ လာမေးလှည့်"

ဟု ပြောသဖြင့် ဦးသုန္ဒလည်း အခွင့်သာခိုက်မှာ ၎င်းသိလိုသောပညာရပ်များကို ရနိုင်သမျှ စုဆောင်းထားလေတော့သည်။

တစ်နေ့တွင် အခန်းထဲမှ အသံမကြားရသဖြင့် ခါတိုင်းလိုပဲ သွားနေသည်ဟု ယူဆမိသောကြောင့် အခန်းတံခါးကိုလည်း ဖွင့်မကြည့်တော့ပေ။

သို့သော်လည်း တစ်ပတ်မှနှစ်ပတ်အထိ ကြာလာသောအခါ စိတ်ထဲမှာ တထင့်ထင့်နှင့် စိုးရိမ်စိတ် ဝင်လာသောကြောင့် အခန်းတံခါးချပ်ကို အသာဟ၍ကြည့်သောအခါ များစွာအံ့ဩရလေတော့သည်။

အခန်းတွင်း၌ ဆရာတော်ကြီး မရှိသည်သာမက ၎င်းအသုံးပြုနေသော ပုရပိုဒ်များ၊ ဓါတ်သား၊ ဓါတ်လုံးများနှင့် အဝတ်ရတ်ပစ္စည်းဟူ၍ အပ်တိုတစ်ချောင်းမျှပင် မရှိတော့ပေ။

ဦးသုန္ဒမှာ ဆရာတော်ကြီး အပြီးထွက်သွားသည် ထင်မိသောကြောင့် များစွာအားလျော့သွားမိလေသည်။

သို့သော်လည်း ထိုအကြောင်းကို မည်သူမှ အသိမပေးတော့ဘဲ အခန်းတံခါးကို ပြန်ပိတ်ထားလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တစ်ပတ်ခန့်ကြာသောအခါ အခန်းတွင်းမှ ချောင်းဟန့်သံ ကြားရမြန်သဖြင့် အံ့သြဝမ်းသာသွားမိလေသည်။

အတွင်းမှ ခေါ်သံကြားရသဖြင့် ဝမ်းသာအားရဖြင့် အခန်းတွင်းသို့ ဝင်သွားလေသည်။

အခန်းအလယ်မှာတော့ ဆရာတော်ကြီးက ထိုင်နေသည်။

"အရှင်ဘုရား အခန်းထဲကပစ္စည်းတွေ ဘယ်ရောက်ကုန်ပြီလဲဘုရား"

"ဒီနေရာတဝိုက်မှာပဲ လျှို့ဝှက်ပြီး သိမ်းထားခဲ့တယ်"

"ဓါတ်ပေါင်းစုံဘုရားကရော ဘုရား"

"အဲဒီနေရာမှာပဲ ရှိတယ်"

"ဒါဖြင့် ဘယ်သူမှ ဖူးခွင့်မရတော့တာလား ဘုရား"

"ထိုက်တဲ့သူတွေတော့ ဖူးတွေ့ရမှာပေါ့၊ သို့သော်လည်း မသမာသူတွေ နှောင့်ယှက်ယူငင်မှာစိုးလို့ အစောင့်အစီအရင်တွေ ထားခဲ့တယ်၊ အမှတ်အသား သိအောင် ခရေပင်ကို ပြောင်းပြန် ဖောက်ထိုးစိုက်ထားခဲ့တယ်၊ ခရေပင်ဖောက်ထိုး ဖြစ်နေတဲ့နေရာမှာ ငါ့ရဲ့သိဒ္ဓိဝင်ပစ္စည်းတွေအားလုံး မြှုပ်နှံထားခဲ့တယ်"

"တကယ်လို့ ဓါတ်ပေါင်းစုံဘုရားကို ဖူးချင်ရင် ဘယ်လို ကြိုးစားရမလဲဘုရား"

"အတွင်းမှာ ဓါတ်ပေါင်းစုံဘုရားလည်း ရှိတယ်၊ ငါ့ရဲ့ သိဒ္ဓိပေါက်လုပ်ရမ်နည်းတွေကို ရေးမှတ်ထားခဲ့တဲ့ ရွှေပုရပိုဒ်ကျမ်းတွေလည်း ရှိတယ်၊ နောက်ပြီး ငါစီရင်ခဲ့တဲ့ရွှေငွေတွေ





ပစ္စည်း အများကြီး ရှိတယ်၊

ဒါပေမယ့် ဒီပစ္စည်းတွေကို လောဘစိတ်နဲ့ ယူဖို့ ကြိုးစားရင်တော့ သေမှာ မုချပဲ"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲဘုရား"

"မင်းကို လုပ်ရမယ့်နည်းတွေနဲ့ ဓါတ်ပေါင်းစုံဘုရားနဲ့ ရွှေပုရပိုဒ်တွေ ရှိတဲ့နေရာကို ဘယ်ပုံဘယ်နည်း ဝင်ရမယ်လို့ ထမ်းညွှန်ပေးထားတဲ့ ပုရပိုဒ်သုံးဆူ ပေးထားခဲ့မယ်၊

တကယ်လို့ မင်းကိစ္စ ပြီးမြောက်သွားတဲ့အခါ လမ်းညွှန်ပုရပိုဒ်သုံးဆူကို ပေးသင့်တဲ့သူကို ပေးထားခဲ့ပေတော့"

ဟု မှာကြားလေသည်။

"ဘာကြောင့် ဒီလိုပေးရတာလဲ ဘုရား"

"နောက်ထပ်ကြိုးစားချင်တဲ့သူတွေအတွက် အခွင့်အရေး ပေးရမှာပေါ့၊ ရတာမရတာကတော့ သူ့ထိုက်နဲ့သူ့ကံပေါ့လေ"

ဟု ပြောဆိုကာ အထုပ်ဖြင့် ထုပ်ထားသော ပုရပိုဒ်များကို ပေးလေသည်။

"လောကမှာ ကြိုးစားယူရင် ဘယ်အရာမှ မရနိုင်တာ မရှိဘူး ငါ့တပည့်၊ စရဏတရားကောင်းစွာနဲ့ ကြိုးစားအားထုတ်ပေတော့"

ဟု မှာကြားလေရာ ဦးသုန္ဒလည်း ဆရာတော်ကြီးကို ရှိခိုးစွာ ကန်တော့ပြီးနောက် အခန်းတွင်းမှ ပြန်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြိမ်သည် ဆရာတော်ကြီးအား နောက်ဆုံး ဖူးတွေ့လိုက်ရခြင်းဖြစ်ပြီး နောက်ထပ်တွေ့ခွင့်မရတော့ပေ။

ဦးသုန္ဒလည်း ကျောင်းပတ်ဝန်းကျင်တဝိုက်သို့ မသိမသာနှင့် လိုက်လံကြည့်ရှုသောအခါ မြောက်ဖက်တစ်နေရာတွင် ဇောက်ထိုးမြောင်းပြန်သဏ္ဍာန်ဖြစ်နေသော ခရေပင်ကြီးကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။

ထိုနေရာသည် ဓါတ်ပေါင်းစုံဘုရားနှင့် ရွှေပုရပိုဒ်များ မြှုပ်နှံထားခဲ့ရာနေရာဖြစ်ကြောင်း စိတ်ထဲမှ မှတ်သားခဲ့ပြီးနောက် ကျောင်းပေါ် ပြန်တက်ခဲ့လေသည်။

အထက်ပါအကြောင်းအရာများမှာ ဆရာတော်ကြီး ဦးသုန္ဒက ကျွန်ုပ်တို့နှစ်ယောက်အား ပြန်ပြောပြသော အကြောင်းအရာအချို့ပင်ဖြစ်ပေသည်။

တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းရောက်လာပြီဖြစ်ရာ ပတ်ဝန်းကျင်မှာ အမှောင်ထုများ ဖုံးလွှမ်းလျက်ရှိနေသော်လည်း မီးဖိုမှ အနွေးဓါတ်နှင့် အလင်းရောင်များ ရနေလေသည်။

တောတောင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေရာမှ ရုတ်တရက် တောတိရစ္ဆာန်အချို့ ကြောက်လန့်တကြားအော်သံ ကြားလိုက်ရပြီး တောတွင်းမှ ကိုးတောင်ကျားကြီးတစ်ကောင် ထွက်လာသည်။

၎င်းမှာ အိမ်မွေးကြောင်တစ်ကောင်ပမာ ခါးကြီးတန့်နွဲ့ဖြင့် လျှောက်လာပြီးနောက် မီးပုံနှင့် မနီးမဝေးမှာ လှဲချပြီး အိပ်လေတော့သည်။





တဲပေါ်မှာ ကျွန်ုပ်တို့ ရှိနေသည်ကို တစ်စက်ကလေးမှ ဂရုစိုက်နေဟန်မရှိပေ။

"ဆရာတော်ကြီးရဲ့ဘွဲ့တော်အမည်က ဘယ်သူပါလဲဘုရား"

"ဦးဇောဂရလို့ ခေါ်တယ်၊ ဆရာတော်ကြီး ထွက်ရပ်လမ်းကြွချိန်းသွားပြီးတဲ့နောက်မှာ ပေးထားခဲ့တဲ့ ပုရပိုဒ်သုံးဆူကို ကြည့်တဲ့အခါ တစ်ဆူက လောကီကိစ္စမှန်သမျှ ပြီးစေနိုင်တဲ့ ပုရပိုဒ်ကျမ်း၊ နောက်တစ်ခုက ထွက်ရပ်ပေါက်လမ်းစဉ်အထိ သွားနိုင်တဲ့ ပုရပိုဒ်ကျမ်း၊ နောက်ဆုံးတစ်ခုက ဆရာတော်ကြီး သိုဝှက်ထားခဲ့တဲ့ ဓါတ်ပေါင်းစုံဘုရားနဲ့ ရွှေပုရပိုဒ်တွေကို ထားတဲ့နေရာရောက်အောင် ဘယ်ပုံဘယ်နည်း ဆောင်ရွက်ရမယ်ဆိုတဲ့ လမ်းညွှန်ပုရပိုဒ်ကျမ်းတွေပဲ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်၏ အမူအယာမှာ တက်ကြွလာလေသည်။

ကျွန်ုပ်၏စိတ်ထဲမှာလည်း ဆရာကြီးသုန္ဒက ကျွန်ုပ်တို့နှစ်ယောက်ကို သထုံရောက်အောင် လွှတ်လိုက်သောကိစ္စမှာ ထိုပုရပိုဒ်များနှင့် ပတ်သက်နေသလားဟု ထင်လိုက်မိပေသည်။

ထို့နောက် ဆရာတော်ကြီးက တဲအတွင်း ဝင်သွားပြီး ပြန်ထွက်လာသောအခါ နံ့သဖု ငှက်ပျောသီးနှစ်ခုနှင့် ဝါးကျည်တောက်ဖြင့် ထည့်ထားသောရေကို ပေးသည်။

"အဆာပြေသွားအောင် စားလိုက်ကြဦး"

ဟု ပြောသဖြင့် ငှက်ပျောသီးတစ်လုံးစီ စားပြီး ရေ



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်သောအခါ ဝမ်းထဲမှာ ဖြစ်နေသော ဆာလောင်မှုများ ပြေပျောက်သွားလေတော့သည်။

ကျွန်ုပ်တို့ စားသောက်နေစဉ် ဘုန်းကြီးက တဲအတွင်းသို့ နောက်တစ်ကြိမ် ဝင်သွားပြီး ပြန်ထွက်လာသောအခါ အထုပ်တစ်ထုပ် ယူလာပြီး နံဘေးမှာ ချထားလေသည်။

ကျွန်ုပ်တို့ စားသောက်ပြီးသောအခါ ဆရာတော်ကြီးက ဆက်ပြောသည်။

"ဒါဟာ ငါ့ရဲ့ဆရာတော်ကြီး ဦးဇာဂရ ပေးထားခဲ့တဲ့ ပုရပိုဒ်သုံးဆူပဲ၊ ဒီပုရပိုဒ်တွေကို မင်းတို့လက်ကို အပ်လိုက်မယ်၊ ဒါပေမယ့် ဒီပုရပိုဒ်တွေကို မင်းတို့အနေနဲ့ လုံးဝဖွင့်မကြည့်ပါဘူးဆိုတဲ့ကတိတော့ ပေးရမယ်"

"ပေးပါ့မယ်ဘုရား"

"ဒီပုရပိုဒ်သုံးဆူကို ဒေးစွန်ပါတောင်မှာ အမိဋ္ဌာန်ဝင်ရင်း စောင့်နေတဲ့ မင်းတို့ဆရာကြီးလက်ထဲကိုသာ အပ်လိုက်ကြပေတော့၊ သူ့လက်ထဲ ရောက်မှပဲ အထက်က ပုဂ္ဂိုလ်တွေ ညွှန်ကြားတဲ့အတိုင်း သူ ဆက်ပြီးဆောင်ရွက်ပါလိမ့်မယ်"

ဟု ပြောကာ နံဘေးနားမှာ ချထားသောအထုပ်ကို လှမ်းပေးရာ ဒေါက်တာမင်းထင်ကျော်က လက်နှစ်ဖက်ဖြင့် ယူလိုက်လေသည်။

"မင်းတို့နှစ်ယောက်လည်း ဂံအကြောင်းတိုက်ဆိုင်ရင်တော့ ဆရာတော်ကြီး စီမံထားခဲ့တဲ့ ဓါတ်ပေါင်းစုံဘုရားကို ဖူးမျှော်ခွင့် ရကြမှာပါ၊ ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်မယ်





အတွင်းစခန်းကို ရောက်တဲ့အခါမှာ ရွှေငွေရတနာနဲ့ ရာတွေ အများကြီး တွေ့ရလိမ့်မယ်၊ စိတ်နဲ့တောင် မပြစ်နဲ့"

"တပည့်တော်တို့ စောင့်ထိန်းနိုင်ပါတယ်"

"ဒီပုရပိုဒ်သုံးဆူကို ယူသွားတဲ့အခါမှာလည်း လမ်းခရီး အနှောင့်အယှက်တွေနဲ့ တွေ့ရလိမ့်မယ်၊ ဒါပေမယ့် သက်ရာပုဂ္ဂိုလ်တွေက ဝင်ပြီးအကူအညီပေးပါလိမ့်မယ်"

ထိုသို့ပြောပြီး ခွက်ငယ်လေးတစ်ခုကို ရှေ့သို့ ချပေးလေသည်။

ကြည့်လိုက်သောအခါ ၎င်းခွက်ထဲမှာ ပြာမှုန့်ကလေးကို တွေ့ရလေသည်။

"ဘာပဲဖြစ်ဖြစ် လမ်းခရီးမှာ အနှောင့်အယှက်တွေ နားမကပ်နိုင်အောင် ဒီပြာတစ်တို့စီ စားသွားကြပေတော့"

ဟု ပြောသဖြင့် ခွက်အတွင်းမှ ပြာကို လက်တတို့စီ ပြီး စားလိုက်ပြီးနောက် ရေသောက်ချလိုက်ရာ ပါးစပ်အတွင်း ချိုသွားပြီး ရင်ထဲမှာလည်း အေးမြသွားလေသည်။

ထိုအချိန်မှာ အရှေ့ဘက် ကောင်းကင်ပြင်ပေါ်မှာ ရက်ဦးရောင်ခြည်များ တက်လာပြီး အလင်းရောင်လည်း လာလေသည်။

ထိုအခါမှ မီးပုံနံဘေးမှာ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသောကျားကြီးလည်း ထကာ တောအတွင်းသို့ ပြန်ဝင် သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ . . တဲ့ . . မင်းတို့လည်း သွားကြပေဦးတော့"

တု ပြောသဖြင့် ကျွန်ုပ်တို့နှစ်ယောက်လည်း ဆရာတော်ကြီးဦးသုန္ဒတို့ ရိုသေစွာ ကန်တော့ပြီး ၎င်းညွှန်ပြသောလမ်းမှ တောင်အောက်သို့ ပြန်ဆင်းခဲ့ကြလေသည်။

အရုဏ်တက်လာပြီဆိုသော်လည်း တောတွင်းမှာတော့ အမှောင်ရိပ်များ ရှိနေသေးသည်။

ကျွန်ုပ်တို့နှစ်ယောက် ဆင်းလာစဉ် နောက်ဘက်မှ လိုက်လာသောခြေသံကို ကြားရသဖြင့် မကြာခဏ ရပ်ကာ လှည့်ကြည့်ပါသော်လည်း ဘာမှမတွေ့ရပေ။

နောက်ဆုံးမှာတော့ ဆရာတော်ဦးသုန္ဒ ညွှန်ပြသောလမ်းမှ ဆင်းခဲ့ကြရာ အခက်အခဲ မရှိပါဘဲ တောင်ခြေသို့ ပြန်ရောက်ခဲ့ကြလေသည်။







## အခန်း(၆)

## ဇရလောကသားခါနောင့်ယှက်မှု ခံရခြင်း

တကယ်တော့ ဆရာတော် ဦးသုန္ဒ ညွှန်ပြပေးလိုက်သောလမ်းမှာ ကျွန်ုပ်တို့ စမ်းတဝါးဝါးဖြင့် တက်ခဲ့ရသောလမ်းနှင့် များစွာကွာခြားလှပြီး အချိန်တိုအတွင်းမှာ အခက်အခဲ မရှိ တောင်ခြေသို့ ပြန်ရောက်နိုင်သောလမ်းပင် ဖြစ်ပေသည်။

အရုဏ်တက်လာစမှာပင် တောင်ခြေသို့ ပြန်ဆင်းလာရာ မိုးလင်းသည့်အချိန်တွင် တောင်ခြေသို့ ပြန်ရောက်ခဲ့ကြခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှတစ်ဆင့် မြသပိတ်တောင်ခြေသို့ သွားသော လမ်းမှာ မည်သည့်အနှောင့်အယှက်မှ မတွေ့ကြရဘဲ မြသပိတ်တောင်ခြေရောက်ကာမှ မမျှော်လင့်သော လူတစ်ယောက်နှင့် ပြန်တွေ့ကြရသည်။

အခြားမဟုတ်ပေ။

ကျိုက်ထိုဘူတာအနီး ရွှေကြိုမျှားအိမ်၌ တစ်ညအိပ်ကြစဉ်က တွေ့ခဲ့ရသောလူကြီးပင် ဖြစ်ပေသည်။

ထိုလူကြီးက ကျွန်ုပ်တို့ကို မြင်သောအခါ ရပ်နေရာမှ လျှောက်လာရာ ဒေါက်တာမင်းထင်ကျော်က ကျွန်ုပ်ကို မေးငေါ့ပြလိုက်သည်။

"ဟော. . . မောင်ရင်တို့နှစ်ယောက်နဲ့ ထပ်တွေ့ရပြန်ပြီ၊ တယ်လည်း ရေစက်ဆုံနေပါလား"

ဟု ပြောကာ အကဲခတ်အလို တစ်ချက်ကြည့်လေသည်။

"ဒါထက် အခု ဘယ်က ပြန်လာကြတာလဲ"

"ဟိုဘက်တောင်ကပါ"

"ဟင်. . . ဟိုဘက်တောင်မှာ ဘုရားတွေဘာတွေ မရှိဘူး မဟုတ်လား"

"မှန်ပါတယ်. . . ကျွန်တော်တို့နှစ်ယောက်က ဘုရားဖူးဖို့တင် လာကြတာ မဟုတ်ပါဘူး၊ စာရေးဆရာတွေဆိုတော့ ဒေသန္တရ ဗဟုသုတ ရအောင် သွားကြည့်ကြတာပါ"

ထိုလူကြီးက ဒေါက်တာမင်းထင်ကျော် ပြောသည်ကို ယုံကြည်ဟန်မရှိပဲ ခေါင်းတညိတ်ညိတ်နှင့် လုပ်နေသည်။





"အော်. . . မောင်တို့က စာပေရေးသားတဲ့လူတွေကိုး ဒါထက် ဟိုဘက်တောင် သွားတော့ ဘာတွေများ ထူးခြားတာတွေ တွေ့ခဲ့ကြသေးလဲ"

ဟု ထပ်မေးပြန်လေသည်။

"ထွေထွေထူးထူးတော့ မတွေ့ခဲ့ရပါဘူး"

"ဘုရားမရှိတော့လည်း ဘုန်းကြီးတွေ ဘာတွေများ မတွေ့ခဲ့ကြဘူးလား"

"ဟင့်အင်း. . . မတွေ့ခဲ့ပါဘူး၊ ဒါထက် အဲသည်တောင်မှာ ဘုန်းကြီးရှိလို့လား"

"ရှိမရှိတော့ အသေအချာ မသိပါဘူးကွယ်၊ ထွက်ရပ်ပေါက်နေတဲ့ ဘုန်းကြီးတစ်ပါး ဂန္ဓာရီ လှည့်နေရင်းနဲ့ အဲဒီတောင်မှာ ရောက်နေတယ် သတင်းကြားမိလို့ မေးကြည့်တာပါ"

"ကျွန်တော်တို့နဲ့တော့ မတွေ့ခဲ့ရဘူး၊ ဆရာကြီး တွေ့ချင်ရင်တော့ ကိုယ်တိုင်သွားကြည့်တာ ပိုကောင်းမယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က ကျွန်ုပ်အား မျက်ရိပ်ပြပြီးနောက် တောင်ခြေသို့ ရောက်အောင် ခပ်သုတ်သုတ် ဆင်းလာကြလေသည်။

"ဘယ်ကိုလဲ မောင်ထင်ကျော်၊ ဒီအဖိုးကြီး ကြည့်ရတာ ကျုပ်တို့နှစ်ယောက်ရဲ့နောက်ကို တကောက်ကောက်နဲ့ ခြေရာခံပြီး လိုက်နေတယ်လို့များ မထင်မိဘူးလား"

"ဘာအတွက် လိုက်ရမှာလဲ ဆရာရဲ့၊ သူနဲ့ကျွန်တော်တို့နဲ့က အခုမှ တွေ့ဖူးကြတာ၊ တစ်ယောက်နဲ့တစ်ယောက် အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းမဲ့တော့ နောက်က လိုက်နေမယ် မထင်ပါဘူး"

"အကြောင်းမရှိရင်တော့ ခြေညောင်းခံပြီး ဘယ်သူကမှ မလိုက်ပေမယ့် အကြောင်းရှိရင်တော့ လိုက်မှာပေါ့။ မောင်ထင်ကျော်ရဲ့ တော့ာပိုးအိတ်ထဲမှာ ပါလာတဲ့ ဟိုပုရပိုဒ်သုံးဆူဆိုတာ အရေးကြီးတယ်လို့ မထင်မိဘူးလား"

ထိုစကားကြားတော့မှ ဒေါက်တာမင်းထင်ကျော်က မျက်မှောင်ကြုတ်ကာ စဉ်းစားနေလေသည်။

"တကယ်လို့သာ ဆရာပြောသလို ကျွန်တော်တို့ဆီမှာ ပါလာတဲ့ ပုရပိုဒ်သုံးဆူနောက်ကို ခြေရာခံ လိုက်နေတယ်ဆိုရင်တော့ သူဟာ သာမန်လူတစ်ယောက် မဟုတ်တာတော့ အသေအချာပဲ"

"သာမန်လူ မဟုတ်ရင် သူလိုချင်တာကို ရအောင် ယူမှာပေါ့။ ဘာကြောင့် မယူသေးတာလဲ"

"ဆရာတော် ကျွေးလိုက်တဲ့ ဓါတ်ပြာအစွမ်းကြောင့် သူ လုပ်ချင်သလို လုပ်လို့ မရနိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ကျွန်ုပ်တို့နှစ်ယောက်မှာ သထုံသို့ ပြန်ရောက်သော်လည်း ကျိုက်ထိုဘက်သို့ ပြန်ထွက်မည့် မော်တော်ကား မရှိသောကြောင့် ထိုနေ့ည သထုံမှာပင် ညအိပ်ရန် စီစဉ်ကြရလေသည်။

မြို့စွန် တားထွက်မည့်ဂိတ်နှင့် နီးသော ထမင်းဆိုင်တစ်ဆိုင်မှာ အကျိုးအကြောင်း ပြောပြီး ခွင့်တောင်းရာ တစ်ညအိပ်ခွင့် ရကြလေသည်။





သို့သော်လည်း ထမင်းဆိုင်မှာ အိပ်ရသည် မဟုတ်ပဲ ခြံဝန်းတစ်ခုအတွင်းမှာ သီးသန့်ဆောက်ထားသော အိမ်တစ်အိမ်မှာ တစ်ညတည်းကြရခြင်းဖြစ်သည်။

အိမ်မှာ အတော်ကျယ်ဝန်းပြီး ညအချိန်ရောက်သောအခါ အိမ်ပေါ်မှာ ကျွန်ုပ်တို့နှစ်ယောက်တည်း ညအိပ်ညေ့သည် ရှိကြောင်း သိရလေသည်။

ကျွန်ုပ်တို့သည် လေဝင်လေထွက်ကောင်းသော ပြတင်းပေါက်အနီးမှာ အိပ်ယာများ ဖြန့်ခင်းပြီး တစ်နေ့လုံး မောပန်းနေသမျှ တရေးတမော အိပ်ရန် ပြင်ဆင်ကြလေသည်။

"မောင်ထင်ကျော်. . . ပုရပိုဒ်တွေ ဘယ်မှာလဲ"

"ကျွန်တော့်လွယ်အိတ်အတွင်းမှာ သေသေချာချာ ထည့်ထားတာပါ။ ခေါင်းအုံးအောက်မှာ ထားပြီးအိပ်ရင် စိတ်ချရပြီ"

ဟု ပြောပြီး တွေတွေထူးထူး စဉ်းစားမနေတော့ပဲ အိပ်ကြလေသည်။

မနေ့ညက ဆရာတော်ကြီးနှင့် တစ်ညလုံး ထိုင်စကားပြောခဲ့ရသဖြင့် ယခုညမှာတော့ ခေါင်းချလိုက်သည်နှင့် ခဏကြာတော့ အိပ်ပျော်သွားကြလေသည်။

ထိုသို့ အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ ဆရာတော်ကြီးတစ်ပါးကို ဖူးတွေ့ရသည်။

ကျွန်ုပ်တို့ကို ပုရပိုဒ် ပေးလိုက်သော ဦးသုနေတော့ တော့တ်ပေ။ သို့ဆိုလျှင် နှစ်ပေါင်းများစွာက ခရေပင်ကို စောင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးစိုက်ထားခဲ့ပြီး ဓါတ်ပေါင်းစုံဘုရားနှင့် ရွှေပုရပိုဒ်များ မြှုပ်နှ ထားခဲ့သော ဆရာတော်ကြီး ဦးဇာဂရပင် ဖြစ်လေမလားဟု ထင် လိုက်မိသေးသည်။

ထိုအခိုက်မှာပင် ဒေါက်တာမင်းထင်ကျော်က လက် ကုတ်၍ နှိုးသဖြင့် ပြန်နိုးလာသည်။

အိမ်ပေါ်မှာ မီးအိမ်တစ်လုံး ထွန်းပေးထားသောကြောင့် အလင်းရောင်က ခပ်မှိန်မှိန်သာ ရှိနေလေသည်။

အပြင်ဘက်မှာတော့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး အမှောင်ထုများ ဖုံးလွှမ်းနေလေသည်။

"ဘာလဲ မောင်ထင်ကျော်"

"မြဝန်းထဲက ခြေသံလိုလိုလည်း ကြားရတယ်၊ စကား ပြောသံလိုလိုလည်း ကြားရသလိုပဲ"

ဟု တိုးတိုးပြောသဖြင့် နားစွင့်ကြည့်လိုက်သောအခါ သစ်ရွက်များအပေါ်မှ နင်းလာသော ခြေသံလိုလို ကြားရလေ သည်။

အိမ်မှာ ခြေတံရှည် ဆောက်ထားသောအိမ် ဖြစ်သော ကြောင့် အသံကြားနေရသောနေရာနှင့် အနည်းငယ် ဝေးနေ လေသည်။

နှစ်ယောက်သား အသံမကြားအောင် နေရာမှ ထကာ ဝါးထရံ ကာထားသောနေရာမှ အပြင်ဘက်သို့ လှမ်းကြည့်လိုက် သည်။

ပထမတော့ အမှောင်ရိပ်များ ဖုံးနေသောကြောင့် ဘာမှ





သဲသဲကွဲကွဲ မမြင်ရသော်လည်း အတန်ကြာအောင် စိုက်ကြည့် လိုက်သောအခါမှ ကျွန်ုပ်တို့ ရှိနေသောနေရာနှင့် မဝေးလှသော သရက်ပင်ကြီးအောက်မှာ မှောင်ရိပ်ခိုကာ ရပ်တန့်နေသော သဏ္ဌာန်နှစ်ခုကို ဝိုးတဝါး လှမ်းမြင်ရသည်။

တစ်ယောက်မှာ သာမန်လူတစ်ယောက်၏ အရွယ် အစားအတိုင်း အရပ်အမောင်းအတိုင်း ရှိသော်လည်း ကျန်တစ် ယောက်ကတော့ ထိုသို့ မဟုတ်ပေ။

အရပ်အမောင်းက လူထက် နှစ်ဆခန့် မြင့်ကာ အလုံး အထည်ကလည်း အတော်ကလေး ကြီးသည်။

လက်တံရှည် ခြေတံရှည်ကြီးများနှင့် ၎င်း၏ပုံပန်း သဏ္ဌာန်မှာ လူဝံကြီးတစ်ကောင်နှင့် တူလေသည်။

"ဘာတွေလဲ"

"ကျွန်တော်လည်း မသိဘူး၊ တစ်ယောက်ကတော့ လူပဲ၊ ကျန်တစ်ယောက်ကတော့ လူမဟုတ်ဘူးနဲ့ တူတာပဲ"

လေသံတိုးတိုးဖြင့် ပြောနေကြစဉ် လက်တံရှည်တစ် ဖက်က ထွက်လာပြီး ပြတင်းပေါက်နားထိအောင် ရောက်လာ သည်။ သည်တော့မှ သာမန်မဟုတ်ဘဲ ပရလောကသားမှန်း သိရတော့သည်။

ကြည့်နေရင်းမှာပင် ဝဲလာသော လက်တံကြီးက မီးနှင့် ထိလိုက်သလို တွန့်ကနဲ ဖြစ်သွားပြီး နောက်သို့ ပြန်ရုပ်သွားလေ သည်။

ခဏကြာတော့ နောက်တစ်ကြိမ် ထွက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အနီးသို့ ရောက်သည်နှင့် ချက်ချင်းပြန်ရုပ်သွားပြန်လေသည်။

"ဘာဖြစ်နေတာလဲ. . . ငါပြောသလို နှစ်ယောက်စလုံးကို သတ်ပစ်လိုက်တော့လေ"

". . . . . . . . ."

"ဘာ. . . အနားကပ်လို့ မရဘူး ဟုတ်လား"

". . . . . . . . ."

"ဆေးစောင့်နတ်ရှိနေလို့ အနားကပ်မရဘူး ဟုတ်လား။ ဆေးစောင့်နတ် ရှိရအောင် သူတို့နှစ်ယောက်စလုံးက ဆရာတွေမှ မဟုတ်တာ၊ သာမန်လူတွေက ဆေးစောင့်နတ် ဘယ်မှာ ရှိမှာလဲ"

လူတစ်ယောက်၏အသံခပ်အုပ်အုပ်နှင့် ပြောနေသော စကားသံကိုသာ တစ်စွန်းတစ်စ ကြားနေရသည်။

ကျန်တစ်ယောက်၏ပြောနေသံကိုတော့ လုံးဝအသံ မကြားရပေ။

သို့သော် တစ်ယောက်နှင့်တစ်ယောက် အချီအချ ပြောနေမှန်းတော့ စကားအသွားအလာကို နားထောင်ကြည့်ရုံနှင့် သိနိုင်ကြပေသည်။

"ငါပြောသလို အနားရောက်အောင်သွားပြီး နှစ်ယောက်စလုံးကို သတ်ပစ်လိုက်၊ ပြီးတာနဲ့ ငါပြောတဲ့ပစ္စည်းကို ရအောင် ယူလာခဲ့"

ဟု အမိန့်ပေးလိုက်ရာ မည်းမည်းသဏ္ဌာန်ကြီးက





အမှောင်ရိပ်အတွင်းမှ ရှေ့သို့ ထွက်လာသည်။

ထိုအခါမှ ကြောက်မက်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန်ကို ဝိုးတဝါး မြင်ရလေသည်။

မျက်လုံးပြူးပြူး ပါးစပ်ပြဲပြဲနှင့် ဘီလူးတစ်ကောင်ကဲ့သို့ တစ်ကိုယ်လုံး အမွေးစုတ်ဖွား ရှိနေသော မည်းမည်းသဏ္ဌာန်ကြီးက ရှေ့သို့ တိုးလာရာ ကျွန်ုပ်တို့ နှစ်ယောက်စလုံးမှာ စိုးရိမ်စိတ် ဝင်သွားကြလေသည်။

သို့သော်လည်း အိမ်နား မရောက်မီမှာပင် တစ်စုံတစ်ယောက်က ရိုက်ပုတ်လိုက်သကဲ့သို့ နောက်သို့ လန်ထွက်သွားပြီးနောက် အမှောင်ရိပ်အတွင်းသို့ ဝင်ပြေးလေတော့သည်။

သစ်ပင်များ လှုပ်ခတ်သွားသံ၊ သစ်ရွက်ခြောက်များပေါ် နင်းပြေးသွားသောအသံမှာ အတော်ပင် ကျယ်လောင်သောကြောင့် အိမ်ရှင်များပင် နိုးလာကြပြီး မီးအိမ်များ ကိုင်ကာ ထွက်လာကြသည်။

"ဗျို့. . . မိတ်ဆွေတို့ ဘာဖြစ်တာလဲဗျ၊ အသံတွေ ကြားလိုက်ရသလိုပဲ"

"သူခိုးကပ်တယ် ထင်ပါရဲ့ဗျာ"

ဟု ပြောနေကြစဉ် အမှောင်ရိပ်အတွင်းမှ တောက်ခေါက်သံနှင့်အတူ ကြိမ်းဝါးသံ ပေါ်ထွက်လာသည်။

"တောက်. . . နေနှင့်ကြဦးပေါ့ကွာ၊ ဘယ်လောက် အကာအကွယ်ကောင်းကောင်း. . . သတိလစ်ရင်တော့ ငါ့လက်ထဲ ရောက်ရစေမပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသံကို အိမ်ရှင်များပင် အတိုင်းသား ကြားလိုက်ကြရလေသည်။

သို့ကြောင့် အသံကြားရာသို့ လိုက်လံကြည့်ရှုကြသောအခါ အပြင်သို့ ပြန်ထွက်သွားသော မည်းမည်းသဏ္ဌာန်ကြီးကိုသာ ရိပ်ခနဲ တွေ့လိုက်ရသဖြင့် သူခိုးလာကပ်သည်ဟုပင် ထင်မှတ်တာ ပြန်ဝင်လာကြသည်။

"ဘာတွေ့ခဲ့သလဲဗျ"

"ခြံထဲက ပြန်ထွက်သွားတဲ့ လူရိပ်လိုလိုတော့ မြင်လိုက်ရတယ်၊ ညွှဲသည်တွေ လာတည်းနေမှန်း သိလို့ ခိုးရန်အောင်လာတာ ဖြစ်မှာပေါ့ဗျာ၊ ကဲ. . ကဲ. . မိုးလင်းဖို့လည်း အတော်လိုပါသေးတယ်၊ ခင်ဗျားတို့ အိပ်ချင် ပြန်အိပ်ကြဦး၊ ဒီညတော့ ကျုပ်တို့ပဲ စောင့်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုညအဖို့မှာတော့ အိမ်ရှင်များက နိုးနိုးကြားကြား စောင့်ပေးကြသောကြောင့် နောက်ထပ်အနှောင့်အယှက် မတွေ့ရတော့ဘဲ ကောင်းမွန်စွာ အိပ်ကြရလေသည်။

နောက်တစ်နေ့ နံနက်စောစောမှာတော့ အိပ်ယာမှ ထကာ မော်တော်ကားဂိတ်သို့ သွားကြလေသည်။

ကျွန်ုပ်တို့နှစ်ယောက် မော်တော်ကားပေါ် ရောက်ပြီးနောက် မကြာမီ မော်တော်ကား ထွက်ရန် ပြင်လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့မှာ မော်တော်ကားမထွက်မချင်း စိတ်တထင့်ထင့်နှင့် ရှိနေကြသည်။





ကျွန်ုပ်တို့နောက်သို့ တကောက်ကောက် လိုက်နေသော ဆရာလိုလို လူကြီးနှင့် ထပ်တွေ့ရမည်ကို စိတ်ပူနေကြခြင်း ဖြစ်သသည်။

သို့သော်လည်း ကံအားလျော်စွာ မော်တော်ကား ထွက်သည့်အချိန်အထိ ထိုလူကြီးကို ထပ်မတွေ့ကြရပေ။

သို့ကြောင့် စိတ်လက်ပေါ့ပါးစွာ ရှိနေကြစဉ် သထုံမြို့မှ ထွက်လာတော့မှ လမ်းနံဘေးမှ လူတစ်ယောက်က လက်ပြတားနေသဖြင့် ကားဒရိုင်ဘာက အရှိန်ကို လျှော့ချလိုက်သည်။ ထိုအခါ နောက်မှ ပါလာသော စပယ်ယာက အော်ပြောလိုက်သည်။

"မောင်း ဆရာရေ. . . မရပ်နဲ့၊ ဒီလိုလူမျိုး တင်ရင် ဒိုက်ဆံတော့ ရမှာမဟုတ်ဘူး၊ အမျှဝေတာပဲ ရမှာဗျ"

ဟု အော်ပြောသဖြင့် မော်တော်ကားက ရပ်တော့မလိုလို ဖြစ်သွားပြီးမှ နောက်တစ်ခါ ထပ်မောင်းလေတော့သည်။

ကျွန်ုပ်တို့လည်း လမ်းနံဘေးမှာ ရပ်နေသူကို လှမ်းကြည့်လိုက်ကြလေသည်။

အခြားမဟုတ်ပေ။

ယောဂီရောင်ဝတ်စုံနှင့် လွယ်အိတ်ဟောင်းတစ်လုံး လွယ်ထားသောလူကြီးပင် ဖြစ်လေတော့သည်။

ထိုလူကြီးက မကျေနပ်သော အမူအယာဖြင့် မျက်ထောင့်နီကြီးဖြင့် မော်တော်ကားကို လှမ်းကြည့်နေလေသည်။

အတော်ဝေးဝေး ရောက်တော့မှ ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်က ပြောလိုက်သည်။

"ဆရာ . . . ဒီအဖိုးကြီးက ကျွန်တော်တို့နောက်ကို တကောက်ကောက် လိုက်နေတာများ ဖြစ်နေရော့သလား"

"ဘာအတွက် ဖြစ်မလဲ"

"တခြားအကြောင်းတော့ ဟုတ်မယ်မထင်ဘူး၊ ဆရာတော်ကြီး ပေးလိုက်တဲ့ ပုရပိုဒ်သုံးဆူကို လိုချင်လို့ပဲ ဖြစ်ရမယ်"

"ဒီလိုဆိုရင်လည်း မောင်ထင်ကျော်ရယ်၊ ဘာကြောင့်များ ကျုပ်တို့နောက် လိုက်နေရမှာလဲ၊ ကျုပ်တို့ မလာခင်ကတည်းက သွားတောင်းယူလိုက်ရင် ပြီးတဲ့ကိစ္စကိုများ ခက်နေရတယ်လို့"

"သူသွားတောင်းလို့လည်း ဆရာတော်ကြီးက ပေးချင်မှ ပေးမှာပေါ့၊ တကယ်လို့ ရမယ်ဆိုရင် တောင်ပေါ် တက်ပြီး တောင်းယူမှာပေါ့၊ ကျွန်တော့်အထင် ပြောရရင် အဲဒီအဖိုးကြီးက မိစ္ဆာဂိုဏ်းဝင်တစ်ယောက် ဖြစ်ချင်ဖြစ်မယ်၊ မိစ္ဆာဂိုဏ်းဝင်သာ မှန်တယ်ဆိုရင်တော့ ထွက်ရပ်ပေါက် ဆရာတော်ကြီးအနားကို ကပ်နိုင်ဖို့ဝေးရော၊ တောင်ပေါ်တောင်အောက်တောင် နေလို့ရမှာ မဟုတ်ဘူး"

ထိုစကား ကြားသောအခါ ကျွန်ုပ်မှာ လမ်းတစ်လျှောက်လုံး ကြုံတွေ့ရသောအကြောင်းများကို ပြန်စဉ်းစားကြည့်လေသည်။

ဒေါက်တာမင်းထင်ကျော် ပြောသလို သူသာ ဆရာတော်ကြီးထံမှ ပုရပိုဒ်များ ရှိနေမှန်း သိနိုင်ပါက ကျွန်ုပ်တို့ အယူ





ိုင်စောင့်စရာ မလိုဘဲ သူကိုယ်တိုင် သွားယူဖို့သာ ရှိပေသည်။

ယခု သူကိုယ်တိုင် မယူဝံ့သောကြောင့် ကျွန်ုပ်တို့ ယူညီတို စောင့်ပြီး လမ်းမှ ပြန်လုယူရန် ကြိုးစားနေခြင်းဖြစ်ပေည်။

"မောင်ထင်ကျော်ပြောတာ ဖြစ်နိုင်ပါတယ်၊ သူက ဆရာတော်ကြီးအနားကို မကပ်ဝံ့တော့ ကျုပ်တို့အယူကို စောင့်နေတာ ဖြစ်ရမယ်၊ ညတုန်းက ပရလောကသားကို ခေါ်လာပြီး န်မှုခိုင်းတာလည်း သူ့လက်ချက်ပဲ ဖြစ်ရမယ်"

"ကျွန်တော်တို့ကို ရန်မူစရာ ဘယ်သူရှိမလဲ ဆရာရယ်၊ သူ့လက်ချက်ပဲ ဖြစ်ရမှာပေါ့၊ ဒီပုံအတိုင်းသာ မှန်ရင်တော့ ဒီ သူကြီးရဲ့ရန်က အေးဦးမှာ မဟုတ်ဘူး၊ ဒီပုရပိုဒ်တွေ ဆရာကြီး က်ထဲကို မရောက်မချင်း သူ နောက်က တကောက်ကောက် လိုက်ပြီးနှောင့်ယှက်နေမှာ သေချာတယ်"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ မောင်ထင်ကျော်"

"အခုပုံအတိုင်းဆိုရင် ကျိုက်ထိုရောက်ရင် ကျိုက်ထိုမှာ ညအိပ်လို့ ဖြစ်မယ်မထင်ဘူး ဆရာ"

"ဒီတော့ ဘယ်နေရာမှာ အိပ်မှာလဲ"

"ကျိုက်ထိုအထက်နားမှာ ရှိတဲ့ ဦးထန်ဖုန်းရှိန်တို့ဆီမှာ သွားအိပ်ရင် ပိုကောင်းမယ်၊ အဲသည်မှာ ဦးမွန်ထော်တို့လည်း ရှိတော့ ပိုကောင်းမယ်၊ နောက်ပြီး ဦးထန်ဖုန်းရှိန်ရော ဦးမွန်ထော်ပါ ဆရာကြီးဆီက ပညာတွေ ရထားသင့်သလောက် ရထားကြပြီဆိုတော့ သူတို့ကိုလည်း အားကိုးလို့ ရတာပေါ့ . . .



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလား"

"ဒါလည်း ကောင်းတာပဲ၊ မောင်ထင်ကျော် ကောင်းသလိုသာ စီစဉ်ပါ"

ကျွန်ုပ်တို့သည် သထုံမှ ကျိုက်ထိုရောက်သည်အထိ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရပဲ ချောမောစွာ ရောက်ခဲ့ပြီး ကျိုက်ထိုမြို့ အနောက်ဘက်မှာ ရှိသည့် မယ်လွင်တောင်ခြေ တစ်ဝိုက်မှာ ရှိသော ဦးထန်ဖုန်းရှိန် ရှိရာသို့ လှည်းတစ်စင်း ငှား၍ သွားကြရာ နေဝင်ကာနီးအချိန်၌ ရောက်သွားကြလေသည်။







အခန်း(၇)

# အစောင့်ရှိသောခြံမှ အစောင့်များ

ဦးထန်ဖုန်းရှိန်မှာ ဒေါက်တာမင်းထင်ကျော်နှင့်သာမက ကျွန်ုပ်တို့နှင့်ပါ ခင်မင်ရင်းနှီးရုံမက ရင်းဝါသနာပါသည့် ဆေးပညာ၊ အင်္ဂရတ်ပညာနှင့် အထက်လမ်းပညာများကို ဆရာကြီးသူ့ရှေ့ထံမှာ အချိန်အတော်ကြာကြာ လေ့လာသင်ယူခဲ့သူလည်းဖြစ်ပေသည်။

သူသည် မယ်လွင်တောင်ဘက်တွင် ခြံတစ်ခြံ ဝယ်ပြီး နွားရင်း၊ ဒညင်း၊ ပိန္နဲ၊ သရက် အစရှိသော သီးပင်စားပင်များကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျိုးရောင်းချတာ အေးအေးဆေးဆေး နေထိုင်သူ ဖြစ်ပေ
သည်။

ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့ အကြောင်း
ကြားဘဲ ရောက်လာသည်ကို တွေ့ရတော့ အံ့သြဝမ်းသာဖြစ်
သွားဟန်ရှိလေသည်။

"ဟာ. . . မောင်ထင်ကျော်တို့ ကိုမင်းအောင်တို့ပါ
လား၊ ဘယ်ကနေဘယ်လို ကျုပ်ဆီ ရောက်လာတာလဲ"

"ဦးထန်ဖုန်းရှိန်ဆီကိုပဲ တမင် ဝင်လာကြတာပါပဲ"

"ခရီးသွားရင်း ဝင်လာကြတာလား၊ ဒါထက် ဆရာကြီး
ရော မပါဘူးလား"

"ဆရာကြီးလည်း ပါတယ်ဗျ၊ အမိဋ္ဌာန်ဝင်ဖို့ ဒေးဗွန်ပါ
မှာ ကျန်နေခဲ့တယ်၊ ကျိုက်ထိုဘက်တော့ ကျွန်တော်တို့ နှစ်
ယောက်တည်း လာကြတာပါ"

ဟု ပြောသောအခါ ဦးထန်ဖုန်းရှိန်က ၎င်းအိမ်အတွင်း
သို့ ခေါ်သွားလေသည်။

၎င်းအိမ်သားများကိုလည်း ကျွန်ုပ်တို့အတွက် ညစာ
စီစဉ်ပေးရန် မှာကြားနေလေသည်။

"ခင်ဗျားတို့လို ခရီးသွားဖော်တွေ မိတ်ဆွေဟောင်းတွေ
နဲ့ မတွေ့ရတာ အတော်ကြာပြီ၊ အခုလို ပြန်တွေ့ရတာ အများ
ကြီး ဝမ်းသာတယ်ဗျာ၊ ဒါထက် ဒီနယ်ကို ကိစ္စရှိလို့ လာကြတာ
လား"

"ဟုတ်တယ်. . . ဆရာကြီး ခိုင်းတဲ့ကိစ္စတစ်ခုကြောင့်





ထိုး မြသပိတ်တောင် သွားပြီး ပြန်လာတာ၊ အပြန်မှာ အနှောင့်
အယှက်တစ်ခုနဲ့ တွေ့နေလို့ ဒီကို လှည့်ဝင်ခဲ့ရတာပဲ ဦးထန်ဖုန်း
ရှိန်"

ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြန်ပြောပြ
လိုက်လေသည်။

ဦးထန်ဖုန်းရှိန်က အသေအချာ နားထောင်ပြီးမှ မေး
လေသည်။

"ဒါထက် အရင်ကရော အဲဒီလူကြီးနဲ့ တွေ့ဖူးမြင်ဖူးကြ
သလား"

"ဟင့်အင်း. . . တစ်ခါမှ မတွေ့ဖူးပါဘူး၊ ကျိုက်ထို
ရောက်မှပဲ စပြီးတွေ့ဖူးတာပါပဲ၊ ဒါပေမယ့် သူက ကျွန်တော်တို့
နောက်ကို တကောက်ကောက် လိုက်နေတဲ့ပုံ ပေါ်တယ်"

"လိုက်မှာပေါ့. . . မောင်ထင်ကျော်တို့ဆီက သူလိုချင်
တဲ့ ပစ္စည်းတစ်ခု ရှိနေတော့ မရမချင်း လိုက်မှာပေါ့၊ အခုအချိန်
ထောက်ဆိုရင် သူ ကျိုက်ထိုရောက်နေဖို့ သေချာသလောက်ပဲ"

ဒေါက်တာမင်းထင်ကျော်က ပခုံးနှစ်ဖက်ကို တွန့်ပြ
လိုက်သည်။

"ကျွန်တော်တို့က အဲဒီလို ပရလောကသားတွေနဲ့ ပတ်
သက်တဲ့ ဆရာတွေနဲ့ တွေ့ရင် ဘယ်လိုလုပ်ရမှန်း မသိတာတော့
အမှန်ပဲ၊ ဒါကြောင့် ဦးထန်ဖုန်းရှိန်ဆီမှာ အကူအညီတောင်းရ
အောင် ဝင်လာတာပဲ"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့လေ၊ ကျုပ်ဆီ ရောက်



www.burmeseclassic.com

www.burmeseclassic.com



မှတော့ အစွမ်းတုန့် အကူအညီ ပေးရမှာပေါ့၊ ကျုပ်တို့လည်
ဆရာလုပ်စားမေမယ့် ဆရာကြီး ပေးထားတဲ့ပညာတွေ
တော်ရုံယောဂဆရာလောက်တော့ မကြောက်ပါဘူး"

ဦးထန်ဖုန်းရှိန်က ဆေးတံအတွင်းသို့ ဆေးမှုန့်ထည့်
မီးညှိ၍ဖွာရင်း ဟန်ပါပါဖြင့် ပြောနေရာ ကျွန်ုပ်တို့လည်း များ
အံ့သြမိကြလေသည်။

"ဒါပေမယ့် မောင်ထင်ကျော်တို့နောက်ကို လိုက်လာ
လူက ဘယ်လောက်အဆင့်ရှိတယ်၊ အစွမ်းသတ္တိ ရှိတယ်ဆို
မသိရသေးတော့ ကျုပ်တစ်ယောက်တည်းနဲ့တော့ ဖြစ်မ
မထင်ဘူး။ ဦးမွန်ထော်ပါ သွားခေါ်ပြီး နှစ်ယောက်အားနဲ့ ယှဉ်
ပိုပြီးနေရာကျမယ်ထင်တယ်"

"ဒါထက် ဦးမွန်ထော်က ဘယ်မှာရှိသလဲ"

"သူ့ရဲ့ဒူးရင်းခြံထဲမှာပဲ သူတို့ သားအဖနှစ်ယောက်
ကြတယ်"

"အရင်နေရာမှာပဲလား"

"ဟုတ်တယ် . . . မောင်ထင်ကျော်တို့ တစ်ခေါက်
ရောက်ခဲ့ကြတဲ့ခြံပဲပေါ့"

ထိုနေရာမှာ ကျိုက်ထီးရိုးတောင်တက် မော်တော်ကား
လမ်း(ယခင်ကတော့ မော်တော်ကားများဖြင့် မတက်ကြ
ခြေလျင်တက်ကြသော လမ်းဖြစ်သည်။) နံဘေး၌ ရှိပေသည်

မယ်လွင်တောင်မှ သွားလျှင် မဝေးလှပေ။

"ဒီလိုဆိုရင် မှတ်မိပြီ၊ ကျွန်တော်တို့ နှစ်ယောက်ပဲ သွား





လိုက်တော့မယ်၊ ဦးထန်ဖုန်းရှိန်က ဒီမှာ စီစဉ်စရာရှိတာတွေ
ဉ်ဖို့ နေခဲ့ပေတော့"

"ကောင်းပြီ . . . ကောင်းပြီ၊ သတိဝီရိယနဲ့တော့ သွား
ကြနော်"

"စိတ်ချပါ"

ထို့နောက် ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့သည်
ယ်လွင်တောင်ခြေမှ ထွက်ကာ လူသွားလမ်းကလေးများ လှည်း
မ်းကြောင်းများ ရှိသော အရှေ့ဘက်သို့ သွားသည့်လမ်းများ
တိုင်း ခပ်သုတ်သုတ် ထွက်ခဲ့ကြလေသည်။

ညနေပိုင်းအချိန် ရောက်နေပြီ ဖြစ်သော်လည်း ပတ်ဝန်း
င်အစ်ဝိုက်မှာ သစ်ပင်သစ်တောများ သိပ်မရှိသောကြောင့်
လင်းရောင်က ရနေသေးသည်။

လမ်းတစ်လျှောက်မှာလည်း အလုပ်မှ ပြန်လာသော
ူရွာသားများနှင့် လူပြတ်လှသည် မရှိလှပေ။

ကင်ပွန်းစခန်းမှ အရှေ့မြောက်ယွန်းယွန်းနေရာများမှာ
တော့ သစ်တောများ ရှိသည်။

ဒူးရင်း၊ ဒညင်း၊ မရမ်း၊ သရက်၊ ပိန္နဲ စသော အပင်ကြီး
သော စိုက်ပျိုးထားသော ဥယျာဉ်ခြံများ ရှိပေသည်။

ထိုဥယျာဉ်ခြံများမှာ တစ်ခြံတစ်ခြံ အတော်ကျယ်ဝန်းပြီး
သီးအလိုက် သီးမှည့်နေသော အပင်များလည်း ရှိသည်။ အချို့
များမှာ အစောင့်တဲ ရှိသော်လည်း အချို့ခြံကြီးများမှာတော့
စောင့်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ခြံများက တစ်နေရာမှာ ရှိပြီး လူများက ကင်ပွန်းစခန်းနှင့် နီးသောနေရာများ၊ ရွာများမှာ နေထိုင်ကြလေသည်။

သို့သော်. . .

လူစောင့်မရှိသော ခြံများအတွင်းမှ အသီးအနှံများကို မည်သူကမှ ဝင်ရောက်ခိုးယူခြင်း မပြုဝံ့ကြပေ။

လူမရှိဘူးထင်၍ ဝင်ခိုးသည်နှင့် ဘေးအန္တရာယ်ဆိုးများနှင့် ချက်ချင်းတွေ့ကာ သေကြလေသည်။

အကယ်၍ ဒူးရင်းခြံအတွင်းမှ မှည့်ပြီး ကြွေကျနေသော ဒူးရင်းသီးမှည့်တစ်လုံးက လမ်းမပေါ် ရောက်နေ၍ ခရီးသွားလာရင်း တစ်ယောက်ယောက် တွေ့ခဲ့လျှင် ခြံပိုင်ရှင် မရှိသော်လည်း ခြံစောင့်များထံ ခွင့်ပန်ပြီး စားက ဘာမှမဖြစ်သော်လည်း ခွင့်မတောင်းဘဲ စားမိပါက ဥပါဒ်ရောက်တတ်ပေသည်။

ထိုနယ်တစ်ဝိုက်မှ ခြံပိုင်ရှင်များသည် လူမရှိသော ၎င်းတို့ခြံများကို ပရလောကသားများအား အစောင့်အဖြစ် ထားရာတွင် များစွာတတ်ကျွမ်းကြလေသည်။

ကင်ပွန်းစခန်းမြောက်ဖက်နားတွင် ကရင်လူမျိုးများ နေသော ရွာတစ်ရွာရှိသည်။

ထိုရွာတွင် ကျွန်ုပ်တို့နှင့် များစွာခင်မင်သော "ဦးရှုတ်" ဆိုသော ကရင်အဖိုးကြီးတစ်ယောက်ရှိသည်။

၎င်းပိုင်သော ဒူးရင်းခြံမှာ အတော်ဝေးသော တောထဲမှာ ရှိသော်လည်း ခြံစောင့်မရှိပေ။

ဒူးရင်းမှည့်ချိန်ရောက်၍ ကြွေကျသော်လည်း မည်သူမှ ခြံဝန်းထဲသို့ ဝင်မကောက်ဝံ့ကြပေ။

ကျွန်ုပ်တို့ ရောက်သောအချိန်တွင် ၎င်းဒူးရင်းသီးများကို ခြင်းတောင်းတစ်လုံးဖြင့် ကောက်ယူလာပြီး ကျွေးမွေးတတ်ပေသည်။

တစ်ခါမှာတော့ ကျွန်ုပ်က မေးဖူးသည်။

"ဦးရှုတ်. . . ခင်ဗျားရဲ့ဒူးရင်းခြံကို အစောင့်မရှိဘဲ ဒီအတိုင်း ထားတော့ ပျောက်မှာ မစိုးရိမ်ရဘူးလား"

"မစိုးရိမ်ပါဘူး"

"သူခိုးဝင်ခိုးတော့ ဘယ့်နှယ့်လုပ်မလဲ"

"ဝင်ခိုးဝံ့ ခိုးကြည့်ပါလား၊ ခြံထဲက ပြန်မထွက်ခင်မှာ သွေးအန်ပြီး မသေရင် ငါ့ခြံကို အလကား ပေးလိုက်မယ်"

ဟု ပြန်ပြောဖူးသည်။

ထိုအရပ်ဒေသမှ လူများသည် ၎င်းတို့၏ခြံများကို ထိုကဲ့သို့ စိတ်ချရသော အစီအရင်များ ပြုလုပ်ထားလေ့ ရှိကြသည်။ သို့ကြောင့် တောနက်ကြီးများ တောင်များပေါ်မှာ ရှိသောခြံများကို အစောင့်မရှိဘဲ ထားသော်လည်း ကျေးငှက်တောတိရစ္ဆာန်များ ဝင်ရောက်ဖျက်ဆီးကြသည်မှလွဲ၍ လူခိုးခံရခြင်း မရှိပေ။

"ခင်ဗျားခြံထဲမှာ ဘယ်လိုအစောင့်တွေ ထားတယ်ဆိုတာ ပြောပြစမ်းပါဗျ"

"တခြားအစောင့် မရှိပါဘူး ဆရာရယ်၊ ခြံထဲမှာ ဝါးချွန်တွေ သုတ်ကိုင်းတွေ၊ ညှောင့်ကျင်းတွေ ဆင်ထားလို့ ဝင်မခိုးကြတာပါ"







www.burmeseclassic.com

www.burmeseclassic.com



ဟုသာ စကားကို အလွယ်တကူ ပြောလေသည်။

တွန်းလှည်းနှင့် ဒေါက်တာမင်းထင်ကျော်တို့မှာ ကျိုက်ထီးရိုး တောင်တက်သွားသူများ အသုံးပြုသော လမ်းကလေးများ အသုံးပြု၍ သွားကြရာ နေဝင်စ အချိန်လောက်တွင် ဦးမွန်ထော်တို့ သားအဖနှစ်ယောက် နေထိုင်သော တောင်ရိုးတစ်နေရာ၌ ရှိသော ဒူးရင်းခြံသို့ ရောက်သွားကြလေသည်။

"ဦးမွန်ထော်. . . ဦးမွန်ထော်"

"ဘယ်သူတွေလဲဟေ့"

"ရန်ကုန်က ခင်ဗျားမိတ်ဆွေတွေဗျို့"

ထိုအခါမှ ဦးမွန်ထော်ရော၊ သူ့သမီး ခင်စောမူပါ အူလျားဖားလျား ထွက်လာကြလေသည်။

"ဟာ. . . ရန်ကုန်က လူတွေပါလား၊ အချိန်မရှိကာမှ ဘယ်ကနေဘယ်လို ရောက်လာကြတာလဲ"

ဟု ပြောဆိုကာ ဝါးများဖြင့် ပြုလုပ်ထားသော ခြံဝန်းတံခါးကို ဖွင့်ပေးလေသည်။

ခင်စောမူမှာ မမျှော်လင့်ပဲ ဒေါက်တာမင်းထင်ကျော် ရောက်လာသောကြောင့် ဝမ်းသာကာ စိတ်လှုပ်ရှားနေဟန် ရှိလေသည်။

"ဟဲ့. . . စောမူ နင့်အစ်ကိုတွေအတွက် ဒူးရင်းသီးခွဲထည့်ယူခဲ့၊ မင်းဂွတ်သီးပါ တစ်ခါတည်း ယူလာခဲ့"

"ဟုတ်ကဲ့ အဘ"

ခင်စောမူက တဲအနောက်ဘက်သို့ ခပ်သုတ်သုတ် ဝင်





သွားလေသည်။

"ကဲ. . . ဘယ်လိုကိစ္စရှိလို့ အရေးတကြီး ရောက်လာကြတာလဲ၊ ကြည့်ရတာ အလည်လာတဲ့ပုံတော့ မဟုတ်ပါဘူး"

"ခင်ဗျားကို ဦးထန်ဖုန်းရှိန် အခေါ်ခိုင်းလို့ လာခေါ်တာပါ"

"ကိစ္စက ဘာတဲ့လဲ"

ဒေါက်တာမင်းထင်ကျော်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

"ဟာ. . . ကိုယ့်ဆရာကြီးနဲ့ ပတ်သက်တဲ့ကိစ္စပဲ၊ အကူအညီပေးရမှာပေါ့။ ကျုပ်တို့နယ်ထဲမှာ ဖြစ်တဲ့ကိစ္စပဲ၊ ကျုပ်တို့နှစ်ယောက်က တာဝန်ယူပြီး ရှေ့က ကာကွယ်ပေးရမှာပေါ့"

ထိုအခိုက်မှာပင် ခင်စောမူက ဇလုံကြီးတစ်ခုထဲမှာ ဒူးရင်းအမြွှာများ ထည့်ကာ မင်းဂွတ်သီးခြင်းနှင့်အတူ လာပေးသဖြင့် မောမောပန်းပန်းနှင့် စားကြလေသည်။

"ကဲ. . . စားနှင့်ကြဦး၊ ကျုပ် ယူရမယ့်ပစ္စည်းတွေ စုံလင်အောင် ထည့်လိုက်ဦးမယ်"

ဟု ပြောကာ ဦးမွန်ထော်က နေရာမှ ပြန်ထသွားလေသည်။

ထိုအခါ ခင်စောမူကပင် အနားမှာ ထိုင်ကာ ဧည့်ခံပေးသည်။

ခင်စောမူမှာ ကရင်သွေးပါသူ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ရိုးသားသောအလှရှိသူ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့က ဒီမှာ ညအိပ်ကြမှာလားဟင်"

"ဒီမှာတော့ မအိပ်ပါဘူး၊ မယ်လွင်တောင်ခြေက ဦးထန်ဖုန်းရှိန်တို့အိမ်မှာအိပ်ဖို့ စီစဉ်ထားတယ်၊ ဦးမွန်ထော်ကို လာခေါ်တာလေ"

"ကိစ္စရှိလို့လားဟင်"

"ဟုတ်တယ် . . . အရေးကြီးတဲ့ကိစ္စတစ်ခု ရှိလို့ လာခေါ်တာ"

"ဒီလိုဆိုရင် ကျွန်မပါ လိုက်ရမယ် ထင်တယ်"

ထိုအချိန်မှာပင် ဦးမွန်ထော်က လွယ်အိတ်တစ်လုံးနှင့် တောင်ဝှေးတစ်ချောင်း ယူကာ ပြန်ထွက်လာသည်။

"ဟဲ့ . . . စောမူ နင်လည်း လိုက်ခဲ့ရမှာလေ၊ ယူစရာရှိတာ တစ်ခါတည်း ထည့်ယူလာခဲ့"

"ဟုတ်ကဲ့ . . . အဘ"

ကျွန်ုပ်တို့လည်း ခင်စောမူ ချပေးသော ဒူးရင်းသီးနှင့် မင်းဂွတ်သီးများကို ဝမ်းပြည့်အောင် စားကာ လက်စသတ်လိုက်ကြသည်။ ထိုအချိန်မှာပင် ခင်စောမူပါ ပြန်ထွက်လာသည်။

ထို့နောက် . . .

ဦးမွန်ထော်က ခင်စောမူအပါအဝင် ကျွန်ုပ်တို့သုံးယောက်ကို မြို့အပြင်သို့ ထွက်စေပြီး ၎င်းတစ်ယောက်တည်း အတွင်းမှာ ကျန်ခဲ့ကာ မြို့ဝန်းအနှံ့ သွားကာ တစ်စုံတစ်ခု ပြောဆိုလုပ်ကိုင်နေသည်ကို ဝိုးတဝါး လှမ်းမြင်ရလေသည်။

အချိန်မှာ မှောင်စပျိုးအချိန် ဖြစ်သည်ကတစ်ကြောင်း၊





သစ်ပင်ကြီးများက အုံ့ဆိုင်းနေသည် တစ်ကြောင်းကြောင့် ၎င်းဘာလုပ်နေသည်ကို သဲသဲကွဲကွဲ မမြင်ရပေ။

သို့သော်လည်း အခိုက်အတန့်အတွင်းမှာပင် လေမတိုက်ဘဲ သစ်ပင်များ ယိမ်းထိုးလာခြင်း၊

ဝါးတောများ လှုပ်ရှားလာခြင်း၊

မည်းမည်းသဏ္ဌာန်များ ထလာကာ တစ်နေရာမှ တစ်နေရာ သွားလာနေကြခြင်း၊

စကားပြောသံလိုလို ညည်းညူသံလိုလို အသံများကို မသဲမကွဲ ကြားရခြင်း၊

အစရှိသော ထူးခြားမှုများကိုတော့ ဝိုးတဝါး မြင်ရကြားရလေသည်။

အတန်ကြာတော့ ဦးမွန်ထော် ထွက်လာပြီး မြို့တံခါးကို နွယ်ကြိုးဖြင့် ချည်နေသည်။

"ပြီးခဲ့ပြီလား"

"ပြီးခဲ့ပါပြီ"

"ဘာလုပ်တာလဲဟင်"

"ကျုပ်မရှိတုန်း မြို့ကို စောင့်ပေးဖို့ အစောင့်ထားတဲ့ အကောင်တွေကို နှိုးထားခဲ့တာပါ"

ထိုစကားကြောင့် ကျွန်ုပ်မှာ များစွာအံ့သြသွားလေသည်။

ထိုအခြေအနေကို မြင်တော့မှပင် ဦးမွန်ထော်တို့လို မြို့ဝန်းရှိသူများမှာ မြို့စောင့်မရှိပါဘဲ ၎င်းတို့၏မြို့များကို ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားသော်လည်း အသီးအနှံများကို မည်သူကမှ မခိုးဝှံသည့် အခြေအနေကို သိရလေတော့သည်။

ကျွန်ုပ်တို့လေးယောက် လာလမ်းအတိုင်း ပြန်လာသော အခါ မှောင်စပျိုးနေချေပြီ။







## အခန်း(၈)

# သံဇာဝေချပ်နှင့် ဖရဲလောကသား

ဦးထန်ဖုန်းရှိန်တို့နေအိမ်အထိတော့ ညေသည့်အနှောင့် အယှက်မှ မတွေ့ရဘဲ ကောင်းမွန်စွာ ရောက်ကြလေသည်။

ထိုအိမ်ရောက်သော် ညစာစားသောက်ရန် ထမင်းဝိုင်း ပြင်ဆင်ထားသဖြင့် အားနာနာနှင့် အနည်းငယ်စီ စားကြရပြန် သည်။

ထမင်းစားပြီးတော့ ဦးထန်ဖုန်းရှိန်က ပြောသည်။

"ကျုပ်အထင် ပြောရရင်တော့ အနှောင့်အယှက် ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်သူတ မယ်လွင်တောင်တစ်ဝိုက်ကိုတောင် ရောက်နေလောက်ပြီ၊ မောင်ထင်ကျော်. . . မင်းဆီက ပစ္စည်းတွေကို အသေအချာ သိမ်းထားရဲ့ မဟုတ်လား"

"ကိုယ်နဲ့မကွာ ထားတာပဲ၊ ဒီပစ္စည်း ဆရာကြီးလက်ထဲ မရောက်မချင်း အသက်နဲ့ လဲပြီး ကာကွယ်တန် ကာကွယ်ရမှာပဲ"

"ဒီလိုစိတ်ဓါတ်မျိုး ရှိတော့ ကောင်းတာပေါ့၊ ဒါထက် ဦးမွန်ထော်ကိုရော ပြောတန်သရွေ့ ပြောထားပြီးပြီ မဟုတ်လား"

"ပြောပြီးပါပြီ"

ဦးမွန်ထော်ကလည်း အကြောင်းစုံ သူ သိပြီးပြီဖြစ်ကြောင်း ခေါင်းညိတ်ပြလေသည်။

"ကိုင်း. . . ဒါဖြင့် သွားကြရအောင်"

"ဘယ်သွားမှာလဲ ဦးထန်ဖုန်းရှိန်"

"မယ်လွင်တောင် အနောက်ဖက်က သုသာန်ကို သွားကြရမှာပေါ့၊ မောင်ထင်ကျော်တို့နောက်ကို တကောက်ကောက်လိုက်ပြီးနှောင့်ယှက်နေတဲ့သူဟာ သာမန်မဟုတ်ဘူး၊ အမှောင့်ပယောဂတွေနဲ့ မိစ္ဆာလောကသားတွေကို နိုင်နင်းတဲ့သူတစ်ယောက်ဆိုတာ အသေအချာပဲ"

"မှန်ပါတယ်"

"ဒါကြောင့် သထုံမှာတုန်းက သရဲသဘက်တွေကို စေနိုင်းပြီး သတ်ဖို့ကြံစည်တာပေါ့၊ ဒီလို ကြံစည်ပုံထောက်ရင် အထက်လမ်းဂိုဏ်းဆရာတစ်ယောက်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အောက်လမ်းဂိုဏ်းဆရာတစ်ယောက် ဖြစ်ဖို့များတယ်"





ဦးထန်ဖုန်းရှိန်စကားကို ဦးမွန်ထော်ကလည်း ခေါင်းညိတ် ထောက်ခံလေသည်။

"ဒင်းဟာ အမှန်က အောက်လမ်းဆရာတစ်ယောက်ဖြစ်မယ်ဆိုရင် ဒီည မောင်ထင်ကျော်တို့ဆီက ပစ္စည်းကို ရအောင်ယူဖို့ ကြံရင် ဒီသုသာန်စောင့်[redacted]အညီ မဖြစ်မနေ လာယူရလိမ့်မယ်"

ထိုစကားကြောင့် ကျွန်ုပ်မှာ သထုံ၌ ကြုံခဲ့ရသော အဖြစ်အပျက်ကို သတိရပြီး ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားမိလေသည်။

"ဒါဖြင့် ဒီလူဟာ ခရေပင် ဇော်ကထိုးရှိတဲ့နေရာက ထွက်ရပ်ပေါက် ဆရာတော်ကြီး ဦးဇာဂရ မြှုပ်နှံထားခဲ့တဲ့ ဓါတ်ပေါင်းစုံဘုရားနဲ့ ရွှေပုရပိုဒ်တွေ ရှိတဲ့အကြောင်းကို ကောင်းကောင်းသိတဲ့သူတစ်ယောက် ဖြစ်မှာပေါ့နော်"

"အမှန်ပေါ့. . . သိလို့သာ သူ့အစွမ်းအစနဲ့ အနားမကပ်နိုင်တဲ့ ပုရပိုဒ်တွေကို သူများလက်ထဲ ရောက်ကာမှ နည်းအမျိုးမျိုးနဲ့ ရအောင် ကြံစည်နေတာ ဖြစ်မှာပေါ့. . .

ကဲ. . စကားကောင်းနေလို့ မဖြစ်သေးဘူး၊ သူမရောက်ခင် ကျုပ်တို့ အရင်ရောက်အောင် သွားကြစို့"

ဟု ပြောဆိုကာ ခင်စောမူကို ဦးထန်ဖုန်းရှိန်တို့နေအိမ်မှာ ထားခဲ့ပြီး လေးယောက်သား နေအိမ်မှ ထွက်ခဲ့ကြလေသည်။

မယ်လွင်တောင်ရွာမှာ ကြီးကျယ်သော ရွာတစ်ရွာ မဟုတ်စေကာမူ အတော်အတန် အိမ်ခြေရှိသော ရွာတစ်ရွာဖြစ်ပေသည်။ ဦးထန်ဖုန်းရှိန်က အခြားသူများ မြင်တွေ့မည်



www.burmeseclassic.com

www.burmeseclassic.com



စိုးသဖြင့် ရွာအပြင်ဘက်မှ သွားလေသည်။

ဝတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ ဖုံးနေသည် ဆိုသော်လည်း ကောင်းကင်ပေါ်မှာ လရောင်နှင့် ကြယ်ရောင် အချို့ရှိနေသောကြောင့် ပိုးတဝါး အလင်းရောင်တော့ ရှိနေသည်။

ကျွန်ုပ်တို့တတွေမှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ခပ်သုတ်သုတ် သွားကြရာ နောက်ဆုံး ချုံပုတ်များ၊ မြေပုံများ၊ မှတ်တိုင်အချို့နှင့် အုတ်ဂူအချို့ ရှိသော သုသာန်သို့ ရောက်ခဲ့ကြသည်။

မယ်လွင်တောင်ရွာ သုသာန်ပင်ဖြစ်သည်။

သုသာန်အဝင်ဝနားလောက်မှာ ဇရပ်တစ်ဆောင်ရှိပြီး ထိုနေရာတစ်ဝိုက်မှာ ပျဉ်းမပင်ကြီးတစ်ပင်ရှိသည်။

ပျဉ်းမပင်ကြီးမှာ အထိကရ သစ်ပင်ကြီးဖြစ်ပြီး သစ်ရွက်များ မရှိတော့ပဲ အကိုင်းအခက်များသာ အရိုးပြိုင်းပြိုင်းနှင့် မကောင်းဆိုးဝါးကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်နေသည်နှင့် သဏ္ဍာန်တူလေသည်။

ထိုအချိန်မှာ လေက ခပ်မျှင်းမျှင်းကလေး တိုက်ခတ်နေရာ လယ်ကွင်းများနှင့် တဆက်တစပ်တည်း ရှိနေသည့် သုသာန်အတွင်းမှ ချုံနွယ်များက လှုပ်ရှားလျက် ရှိနေသည်။

ချုံများပေါ် တင်ထားသောဝါးကပ်များ၊ မိုးကာစများ ရောင်စုံစက္ကူစများကို လေတိုးရာမှ ပေါ်ထွက်လာသည့်အသံများမှာ စကားပြောသံလိုလို ညည်းညူသံလိုလို အသံအချို့နှင့် တူနေ





လေသည်။

ကျွန်ုပ်တို့တတွေမှာ ခရီးသွားလာရင်းနှင့် ရန်သူအမျိုးမျိုး မိစ္ဆာအမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ဖူးသော အတွေ့အကြုံ ရှိပါသော်လည်း ယခုကဲ့သို့ အမှောင်ဖုံးနေသောအချိန်မျိုးတွင် သုသာန်အတွင်းမှ ဇရပ်ပေါ်တွင် ရောက်နေရသောအဖြစ်မှာ စင်စစ်တော့ စိတ်မသတီစရာပင် ဖြစ်တော့သည်။

ထို့ထက် ပိုဆိုးသည်က လေနှင့်အတူ ပါလာသော အပုတ်နံ့လိုလို သွေးညှီနံ့လိုလို အနံ့ဆိုးများကြောင့် အသက်ရှူမဝသလို ဖြစ်လာရုံမက စောစောပိုင်းကမှ စားသောက်လာသော အစားအသောက်များကို ပြန်အန်ချင်သလို ဖျို့တက်လာသောကြောင့် မနည်းကြီး ကြိတ်မှိတ် မျိုသိပ်ထားရလေသည်။

အချိန်မှာလည်း တဖြည်းဖြည်းနှင့် ညဦးနက်ပိုင်းအချိန်သို့ ရောက်လာရာ တစ်ခါတစ်ခါမှပင် အဝေးမှ ခွေးအူသံများကို ကြားရလေသည်။

ပထမတော့ ခွေးအူသံများက ပြတ်တောင်းပြတ်တောင်း ကြားရသော်လည်း နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် စိပ်လာသလို ရှိလာသည်။

တစ်ကြိမ်မှာတော့ သုသာန်အဝင်ပေါက်ဘက်မှ စူးစူးဝါးဝါး ဟောင်လိုက်သော ခွေးဟောင်သံကို ကြားရသဖြင့် တစ်ဦးနှင့်တစ်ဦး အချက်ပြကာ အသံများကို တိတ်ပြီး အမှောင်ရိပ်ရှိသောနေရာသို့ ရွှေ့ကာ နေရာယူလိုက်ကြသည်။

အားလုံးကတော့ ခွေးဟောင်သံ ကြားသော အပေါက်ဝ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ မျက်တောင်မခတ် လှမ်းကြည့်နေကြလေသည်။

ထိုသို့ လှမ်းကြည့်နေစဉ်မှာပင် သုသာန်အပေါက်ဝဘက်မှ ဝင်လာသော လူရိပ်သဏ္ဍာန်တစ်ခုကို လှမ်းမြင်ကြရသည်။

"သူ လာပြီထင်တယ်"

ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုး ပြောလိုက်ရာ ဦးထန်ဖုန်းရှိန်က အသံမထွက်စေရန် လက်ဟန်ပြလိုက်လေသည်။

မှုန်ဝါးဝါးလရောင်ကြောင့် ဝင်လာသူ၏ပုံပန်းသဏ္ဍာန်ကို ကောင်းစွာမြင်နေရသည်။

ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက်ပင် ဖြစ်ပေသည်။

သူမသည် လက်ထဲမှာ တစ်စုံတစ်ခုကို ကိုင်လာပြီး ခြေလှမ်းမှန်မှန်နှင့် သုသာန်အတွင်းသို့ ဝင်လာလေသည်။

ဒီအချိန်မျိုးမှာ သုသာန်အတွင်းသို့ တစ်ယောက်တည်း လာဝံ့သူမှာ သာမန်လူတစ်ယောက် မဟုတ်မှန်းတော့ ရိပ်မိကြလေသည်။

မလှမ်းမကမ်း ရောက်လာသောအခါ လူ၏ပုံပန်းသဏ္ဍာန်ကို မြင်နေရသော်လည်း ဆံပင်များနှင့် ကွယ်နေသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

ထိုမိန်းမသည် ဇရပ်နှင့် မနီးမဝေးရှိ အုတ်ဂူတစ်ဂူ ရှိရာသို့ ရောက်သောအခါ လက်ထဲမှာ ကိုင်လာသောပစ္စည်းကို ချပြီး





ကျကျနနပင် ဂူပေါ် တက်ထိုင်လေသည်။ ကျွန်ုပ်တို့လည်း စိတ်ဝင်စားသောကြောင့် သူမ ဘာလုပ်မည်လဲဟု စောင့်ကြည့်နေကြသည်။

ခဏကြာတော့ ဂူပေါ်မှ အမျိုးသမီးသည် ကျကျနနထိုင်ကာ သနပ်ခါး သွေးနေလေတော့သည်။

ထိုအခါမှ သူမ ယူလာသောပစ္စည်းများမှာ သနပ်ခါးကျောက်ပြင်ဖြစ်မှန်း သိရတော့သည်။ သနပ်ခါး သွေးပြီးသောအခါ မျက်နှာပေါ်သို့ သနပ်ခါး လိမ်းနေပြန်သည်။

ထိုသို့မြင်သောအခါ ဆရာတစ်ယောက်ယောက်က ပီယဆေးဖော်ရန်အတွက် သေပြီးစ အလောင်းတစ်လောင်းကို ဖုတ်သွင်း၍ သနပ်ခါး သွေးခိုင်းနေသလားဟုပင် ထင်လိုက်မိသေးသည်။

ထိုသို့ရှိနေစဉ် သုသာန်အတွင်းသို့ နောက်ထပ် လူတစ်ယောက် ဝင်လာပြန်သည်။

ဒီတစ်ခါ ဝင်လာသူမှာ လွယ်အိတ်လွယ်ထားသော ယောက်ျားတစ်ယောက်ပင် ဖြစ်သည်။

အခြားမဟုတ်ပေ။

ကျွန်ုပ်တို့နောက်သို့ တကောက်ကောက် လိုက်နေသောသူပင်ဖြစ်တော့သည်။

ထိုအခါမှပင် ဦးထန်ဖုန်းရှိန် တွက်ကိန်းမှန်ကန်နေပြီဟု သိလိုက်ကြရတော့သည်။

ဝင်လာသူက ဂူပေါ်မှာ သနပ်ခါး သွေးနေသော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်သောအခါ မျှားစွာအံ့ဩသွားဟန်ရှိသည်။

"နင် ဘယ်သူလဲ"

"လူတစ်ယောက်လုံး ထိုင်နေတာ မမြင်ဘူးလား"

မိန်းမက လှည့်မကြည့်ပဲ ပြန်ပြောလေသည်။

"ဘာလုပ်နေတာလဲ"

"သနပ်ခါး သွေးနေတာပေါ့"

"နင် ငါ့ကို နှောင့်ယှက်မယ့် ရန်သူလား"

"တော်ကို ဘာကြောင့် နှောင့်ယှက်ရမှာတုန်း၊ ကျုပ်ယောကျ်ားက သူ့ရှေ့မှာ သနပ်ခါးလေး လိမ်းပြီး လှလှပပ နေမှ သဘောကျတာမို့ သူ့ရှေ့မှာ သနပ်ခါးသွေးပြီး လိမ်းပြနေတာလေ"

"နင့်ယောကျ်ားက ဘယ်မှာလဲ"

"ဒီမှာလေ. . . ဒီဂူထဲမှာ အိပ်နေတယ်"

ဒီတော့မှ သဘောပေါက်ကြရလေတော့သည်။

"တယ်. . . ငါက အနှောင့်အယှက်မှတ်လို့ စိုးရိမ်သွားသေးတယ်၊ ဘယ့်နှယ် အချိန်မတော်ကြီးမှာ လင်တရှူးမနဲ့ လာတွေ့နေရတယ်၊ ငါ့အလုပ်ကို အနှောင့်အယှက် ဖြစ်တော့မှာပဲ ကဲ. . . သွားစမ်း. . . သွားစမ်း"

ဟု အော်ငေါက်ကာ လိုက်ရိုက်ရန် ပြင်တော့မှ အရူးမလည်း သနပ်ခါးကျောက်ပြင်ကို ကောက်ယူ၍ ဂူပေါ်မှ ဆင်းပြေးသွားလေတော့သည်။

ကျွန်ုပ်တို့မှာ ထိုမြင်ကွင်းကို ကြည့်ပြီး စောစောက ပေါ်





နေသော ကြောက်ရွံ့စိတ်များပင် ပြေပျောက်သွားကာ ရယ်ချင်စိတ်ပင် ဖြစ်ပေါ်လာလေတော့သည်။

အရူးမ ထွက်ပြေးသွားတော့မှ ထိုလူလည်း ဇရပ်နှင့်မနီးမဝေးမှာ ရှိသော ဖျဉ်းမပင်ကြီး ရှိရာသို့ လာပြီးနောက်အယောင်းတိုင်များကို ထွန်းကာ တစ်စုံတစ်ခုကို ရွတ်ဆိုနေလေသည်။

သူသည် သုသာန်စောင့် သရဲသဘက်များကို ခေါ်နေဟန် ရိပ်မိလေသည်။

အတန်ကြာတော့ သုသာန်အတွင်းမှာ မည်းမည်းသဏ္ဌာန်များ လှုပ်ရှားလာသည်ကို ဝိုးတဝါး မြင်တွေ့ရသည်။ ဖျဉ်းမပင်ကြီးအပေါ်မှလည်း မည်းမည်းသဏ္ဌာန်ကြီး ဆင်းလာသည်။

သို့သော် အောက်ရောက်အောင်တော့ မဆင်းလာပေ။

"ဟဲ့. . . မိစ္ဆာတွေ၊ ငါ အမိန့်နဲ့ ခေါ်နေတယ်လေ၊ ငါ့အနားရောက်အောင် လာကြပါတော့လား"

ဟု အသံဩဩကြီးဖြင့် ခေါ်သော်လည်း မည်းမည်းသဏ္ဌာန်များက ဇရပ်နှင့် နီးသော ဖျဉ်းမပင်ကြီးအောက်သို့ မလာဝံ့ကြဘဲ မနီးမဝေးမှသာ ကုန်းကုန်းကွကွနှင့် သွားလာလှုပ်ရှားနေကြလေသည်။

သူသည် မကျေမနပ်ဖြင့် နောက်ထပ် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းရန် ပြင်ဆင်နေပြန်သည်။

ဒီတစ်ကြိမ်မှာတော့ ရိုးရိုးမထွန်းပဲ လွယ်အိတ်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အရုပ်တစ်ရုပ် နှိုက်ယူကာ ထိုအရုပ်ပေါ်မှာ ဖယောင်းတိုင်မီးထွန်းရန် ပြင်နေလေသည်။

ထိုအချိန်မှာပင် ကျွန်ုပ်တို့လေးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် အချက်ပြပြီး ဇရပ်ပေါ်မှ ဆင်းသွားပြီးနောက် ထိုလူကို ပတ်ဝိုင်းထားလိုက်ကြသည်။

ပထမတော့ အံ့ဩသွားဟန်ရှိသည်။

နောက် ဒေါက်တာမင်းထင်ကျော်ကို မြင်တော့မှ သဘောပေါက်သွားဟန်ရှိလေသည်။

"ဘာလုပ်ကြတာလဲ"

ဟု အသံသြသြကြီးဖြင့် မေးသည်။

"ခင်ဗျားရော ဘာလုပ်နေတာလဲ"

"ကျုပ်ဘာသာ ဘာလုပ်လုပ် ခင်ဗျားတို့အပူ တစ်ပြားသားမှ မပါပါဘူး"

"မပါဘဲ နေပါ့မလားဗျာ၊ ခင်ဗျားက လူတွေကို မကောင်းကြံဖို့ နောက်က တကောက်ကောက် လိုက်နေတာကို သထုံမှာတုန်းကလည်း သရဲသဘက်တွေနဲ့ သတ်ဖို့ ကြံစည်ခဲ့သေးတာ မသိဘဲ ရှိပါ့မလား၊ ကဲ. . . မှန်မှန်ပြောစမ်း၊ ခင်ဗျား ဘာကြောင့် နောက်က လိုက်ပြီးနှောင့်ယှက်နေတာလဲ"

ဦးထန်ဖုန်းရှိန်က အသံခပ်မာမာဖြင့် မေးလိုက်သည်။

ဒီတော့မှ မျက်ထောင့်နီကြီးဖြင့် မော့ကြည့်ကာ. . .

"ဘာကြောင့် လိုက်ရမှာလဲ၊ ကျုပ်လိုချင်တဲ့ပစ္စည်းကို သူတို့က လက်ဦးပြီး ယူသွားလို့ မရရအောင် ယူဖို့ နောက်က လိုက်နေတာ"

ဟု အမှန်အတိုင်း ပြောလေသည်။

"ခင်ဗျားလို အောက်လမ်းဆရာတစ်ယောက်က ဒီလို တိစ္ဆေတွေနဲ့ ဘာများ သက်ဆိုင်လို့လဲ၊ တကယ်လို့ လိုချင်တယ်ဆိုရင်လည်း ကိုယ့်အစွမ်းအစနဲ့ ရအောင်ယူပါလား"

"အို. . . ဒါတွေ ကျုပ်မသိဘူး၊ ကျုပ်က ဒီပုရပိုဒ်တွေကို သိချင်လို့ လိုက်နေတာ နှစ်ပေါင်းအတော်ကြာနေပြီ၊ အခုမှ တွေ့ရတော့တာ၊ ဒီပုရပိုဒ်တွေကို ကျုပ်ကို ပေးပါ"

"ခင်ဗျားလိုလူက တောင်းတိုင်း ပေးရမှာလား"

"မပေးရင် ခင်ဗျားတို့အားလုံး ဒုက္ခရောက်ပြီသာ မှတ်ဆတော့"

ဟု ပြောပြီး လက်ထဲမှာ ကိုင်ထားသော အရုပ်ကို မီးနှင့်မြိုရန် ပြင်လိုက်လေရာ မလှမ်းမကမ်းမှာ ရောက်နေသော ဦးထန်ဖုန်းရှိန်က လျင်လျင်မြန်မြန်ဖြင့် လက်ထဲမှ တုတ်ဖြင့် ရိုက်ချလိုက်ရာ နံဘေးသို့ လွင့်ထွက်သွားရာ ဒေါက်တာမင်းထင်ကျော်ဆီသို့ ရောက်လာသောကြောင့် ကောက်ယူထားလိုက်သည်။

"ပေး. . ပေး. . ငါ့အရုပ် ပြန်ပေးစမ်း"

ဟု အော်ဟစ်ရင်း အတင်းပြေးလာရာ ဦးမွန်တော်နှင့် ကျွန်ုပ်တို့နှစ်ယောက်က ဖမ်းဆွဲကာ ချုပ်ထားလိုက်သည်။ ဦးမွန်တော်က ၎င်းထံမှ လွယ်အိတ်ကိုပါ ဖြုတ်ယူထားလိုက်လေသည်။

ထို့နောက် အော်ဟစ်ရုန်းကန်နေသော ထိုလူကို နွယ်ကြိုးများ ရှာပြီး တုတ်ထားလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



“ငါတို့ ဘာမှတ်လို့ ဒီလိုလုပ်ကြတာလဲ၊ ဆရာသာဂရ ဆိုတာ ငါပဲ၊ မင်းတို့တစ်မျိုးလုံး အသေဆိုးနဲ့ သေကြရစေ့မယ်”

ဟု ပြောဆိုနေရာ ဦးထန်ဖုန်းရှိန်က အသင့်တွေ့ရသော တစူးဝါးတစ်ချောင်းကို ယူ၍ တိုင်စိုက်ကာ သာဂရဆိုသူကို ကြိုး ဖြင့် ချည်ထားလိုက်သည်။

“ဆရာသာဂရ ဘယ်လောက် အစွမ်းထက်သလား မထက်ဘူးလားဆိုတာ မကြာခင် သိရစေမပေါ့”

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်ထံမှ အရုပ်ကို တောင်းကြည့်လေသည်။

အတန်ကြာအောင် ကြည့်ပြီးတော့မှ ခေါင်းတစ်ချက် ညိတ်ပြလေသည်။

“လက်စသတ်တော့ သူက ဒီအရုပ်အားကိုးနဲ့ မောက်မာ နေတာကိုး”

ဟု မှတ်ချက်ချလေသည်။

“ဘာအရုပ်မို့လဲ ဦးထန်ဖုန်းရှိန်”

ဦးမွန်ထော်က လှမ်းမေးသည်။

“ဘာရုပ်ဖြစ်မလဲဗျာ. . . ပရလောကသားတွေ မှန် သမျှ လိုရာစေခိုင်းလို့ရတဲ့အထိ ခရီးပေါက်နေတဲ့ သံကဝေ မှော် ဝင် သိုက်ဝင် အရုပ်ပေါ့ဗျ၊ ဒီအရုပ်မျိုး ရှိနေရင် ပရလောကသား မှန်သမျှကို လိုသလို စေခိုင်းလို့ရတယ်”

“တယ်ဟုတ်ပါလား. . . ဟန်ကျပြီပေါ့”

“ဒီအရုပ်မျိုးက ကျုပ်တို့လို မတောက်တခေါက်လောက်





ရှိတဲ့ပညာမျိုးနဲ့ ကိုင်ခွင့်မရှိဘူးဗျ၊ ဒီတော့ ဆရာကြီး သူရဇ္ဇဆီကိုပဲ ထည့်ပေးလိုက်ရမှာပဲ”

ထိုအခါ ဆရာသာဂရဆိုသူက တောင်းပန်သောလေသံ ဖြင့် ပြောဆိုလေသည်။

“ဒီအရုပ်ကိုတော့ တခြားယူမသွားကြပါနဲ့ဗျာ၊ ကျုပ် တောင်းပန်ပါတယ်၊ ခင်ဗျားတို့ လူတွေကို မနှောင့်ယှက်နဲ့ဆိုရင် လည်း နောက်ကို ဘယ်တော့မှ မနှောင့်ယှက်ပါဘူးလို့ ကတိပေး ပါတယ်”

“ဘယ်ဖြစ်မလဲ. . . ဒီအရုပ်မျိုးက မင်းလိုလူစားမျိုး လက်ထဲမှာ ဆက်ရှိနေရင် လူတွေကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေး နေမှာပေါ့၊ ဒီဆေးလွယ်အိတ်လည်း ယူသွားမယ်”

“မလုပ်ပါနဲ့ဗျာ. . . မလုပ်ကြပါနဲ့”

“မင်းက သံကဝေရုပ်အားကိုးနဲ့ ပရလောကသားတွေကို နှိပ်စက်ထားခဲ့တာ အတော်ကလေး ကြာခဲ့ပြီ၊ အခု သံကဝေရုပ် လည်း မရှိ၊ ဆေးလွယ်အိတ်လည်း မရှိတော့ မင်း အရင်က နှိပ်စက်ထားခဲ့တဲ့ ပရလောကသားတွေက ဘယ်လိုပြန်ပြီး နှိပ်စက်မယ်ဆိုတာ ကြည့်ပေတော့”

ဟု ပြောဆိုကာ သာဂရဆိုသူကို တစူးဝါးနှင့် စိုက်ကာ တုပ်နှောင်ထားခဲ့ပြီးနောက် ဆေးလွယ်အိတ်နှင့် သံကဝေအရုပ် တို့ ယူဆောင်ကာ သုသာန်အပြင်ဘက်သို့ ပြန်ထွက်ခဲ့ကြလေ သည်။

သိပ်မကြာခင်မှာပင် သုသာန်အတွင်းမှ ကျန်ခဲ့သော

www.burmeseclassic.com



သာဂရ၏ ကြောက်မက်ဖွယ်ကောင်းသော အော်ဟစ်သံကြီးကို အတိုင်းသားဝင် ကြားလိုက်ရပေတော့သည်။







# အခန်း(၉)

# ဆရာကြီး သုဓန္ဓနှင့် တွေ့ရခြင်း

နောက်တစ်နေ့မနက်မှာတော့ ကျွန်ုပ်တို့နှစ်ယောက်သည် ဦးထန်ဖုန်းရှိန်နှင့် ဦးမွန်ထော်တို့နှစ်ယောက်ကို နှုတ်ဆက်ကာ ကျိုက်ထိုဘူတာမှ ပဲခူးရောက်အောင် ခရီးဆက်ကြရပြန်လေသည်။

ဒေါက်တာမင်းထင်ကျော်၏ကျောပိုးအိတ်အတွင်းမှာတော့ ဆရာတော် ဦးသုနန္ဒ ပေးလိုက်သော ပုရပိုဒ်သုံးခုနှင့် သာဂရထံမှ သံကဝေ မှော်ဝင်သိုက်ဝင်ရုပ်ပါ တပါတည်း ပါလာလေ

www.burmeseclassic.com



သည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း သထုံသို့ ရောက်ကတည်းက အထိတ်ထိတ် အလန့်လန့်နှင့် ရှိနေခဲ့ကြရာ ယခု အပြန်ခရီးရထားပေါ် ရောက်မှပဲ အနည်းငယ် စိတ်သက်သာရာ ရကြလေတော့သည်။

"ကျုပ်တို့နှစ်ယောက်ရဲ့ ဒီတစ်ပတ်ခရီးကတော့ သေနတ်တစ်ချက်မှ မပစ်ရပါဘဲနဲ့ စိတ်လှုပ်ရှားစရာ အတော်ကောင်းတဲ့ ခရီးစဉ်မျိုးပဲ"

"ကျွန်တော်တို့ တွေ့ခဲ့ရတဲ့ ရန်သူက သေနတ်နဲ့ ပစ်ပြီး တိုက်ရတဲ့ရန်သူထက် ပိုပြီးကြောက်ဖို့ကောင်းတဲ့ ရန်သူဆိုတော့ အတွေ့အကြုံတစ်ခု တိုးတာပေါ့ ဆရာရယ်"

"ဒါထက် မောင်ထင်ကျော် ယူလာတဲ့ ပစ္စည်းလေး ခဏလောက် ကြည့်ပါရစေ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဇာဂရထံမှ ယူလာသော သံကဝေရုပ်ကလေးကို ထုတ်ပေးသောကြောင့် အသေအချာ ကြည့်လေသည်။

အရွယ်အစား သိပ်မကြီးသော အရုပ်ကလေးမှာ တစ်ခုလုံး ရွှေပြိန်းချထားသောကြောင့် မည်သည့်ပစ္စည်းမျိုးဖြင့် ပြုလုပ်ထားသည်ကို မသိနိုင်တော့ပေ။

မျက်နှာမှာ လူမျက်နှာနှင့် ဆင်ပြီး ဆောင့်ကြောင့်ထိုင်နေဟန်ရှိသည်။

အရွယ်အစား သေးသော်လည်း အလေးချိန်ကတော့





ရှိလေသည်။

ကျွန်ုပ်က အရုပ်ကလေးကို ကြည့်နေစဉ် ဘယ်နေရာမှ ထလာမှန်း မသိသော ဘုန်းကြီးတစ်ပါးက အနားရောက်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်ကို အလျင်အမြန် ပြန်ပေးလိုက်ရာ အိတ်အတွင်းသို့ ပြန်ထည့်လိုက်လေတော့သည်။

ဘုန်းကြီးက ကျွန်ုပ်အနားမှာ ရပ်ကာမေးသည်။

"ဒကာ စောစောက ကြည့်နေတာ ဘာရုပ်ကလေးလဲကွယ့်"

"ကျိုက်ထီးရိုးက ဝယ်လာတဲ့ အရုပ်တလေးပါ ဘုရား"

"အော်. . . အော်"

ဟု ပြောကာ ၎င်းနေရာသို့ ပြန်သွားလေသည်။

ကျွန်ုပ်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။

ဇာဂရဆိုသောလူ၏နှောင့်ယှက်မှုကို ခံကြရပြီးကတည်းက ကျွန်ုပ်တို့နှစ်ယောက်မှာ မည်သူ့ကိုမှ မယုံကြည်အောင် ဖြစ်နေကြလေသည်။

သို့သော်လည်း ပဲခူးဘူတာ ရောက်သည်အထိတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရပေ။

ပဲခူးဘူတာ ရောက်သောအခါ ဆင်းပြီး ဒေးဝွန်ပါဘက် သွားသော မော်တော်ကားဖြင့် ဘုရားလေးရွာ ရောက်အောင် ခရီးဆက်ကြရပြန်သည်။

အချိန်မှာ မွန်းလွဲသုံးနာရီခန့် ရှိနေချေပြီ။

www.burmeseclassic.com



မော်တော်ကားပေါ်မှာ ဘုန်းကြီးနှစ်ပါး ပါလာပြီး ကျွန်ုပ်တို့ကို အတဲခတ်သလို မကြာခဏ လှမ်းကြည့်နေသောကြောင့် စိတ်ထဲမှာ မသိုးမသန့် ဖြစ်ရလေသည်။

ထိုဘုန်းကြီးနှစ်ပါးမှာလည်း ဒေးစွန်ပါ ဘုရားဖူး သွားကြမည့်သူများ ဖြစ်ဟန်ရှိပေသည်။

ကျွန်ုပ်တို့ ဆင်းရမည့်ရွာမှာ ဘုရားကလေးရွာပင်ဖြစ်သည်။ ဘုရားကလေးရွာမှာ ယခင်က ပညာသည်များ အလွန်ပေါသောနေရာဖြစ်သဖြင့် စိတ်တထင့်ထင့်နှင့်ပင် ဆင်းကြရလေသည်။

(ယခုတော့ ပပျောက်သွားခဲ့ပေပြီ)

သို့သော်လည်း ဒေးစွန်ပါတောင်သို့ သွားသော ဖြတ်လမ်းမှာ ထိုရွာမှ အနီးဆုံးဖြစ်သောကြောင့် မလွှဲသာသဖြင့် ထိုရွာမှာ ဆင်းကြရခြင်း ဖြစ်ပေသည်။

ဘုန်းကြီးနှစ်ပါးကတော့ ကားပေါ်မှာ ပါသွားသောကြောင့် အနည်းငယ် စိတ်သက်သာရာ ရသွားလေသည်။

နှစ်ယောက်သား ဒေးစွန်ပါတောင်ဘက် သွားသောလမ်းကို မေးမြန်းနေကြစဉ် အသက်ငါးဆယ်ကျော်အရွယ် မိန်းမကြီးတစ်ယောက်၊ ယောက်ျားကြီးတစ်ယောက်၊ အသက်နှစ်ဆယ်ကျော်အရွယ် အမျိုးသမီးနှစ်ယောက်တို့က မယောင်မလည်နှင့် အနားရောက်လာကြလေသည်။

"ဘယ်များ သွားကြမှာလဲ"

"ဒေးစွန်ပါတောင်ကို သွားမလို့ပါ"





"ခြေလျင်သွားရင်တော့ မှောင်ရီသမ်းချိန်လောက်မှ ရောက်နိုင်မယ်၊ ဒီမှာ ညအိပ်ပြီး မနက်စောစောမှပဲ သွားပါလား။ မနက်ကျတော့ လှည်းကြုံတွေ ရှိတယ်၊ အဲဒါနဲ့ လိုက်သွားတော့ သက်သာတာပေါ့"

ဟု မိန်မကြီးက လောကွတ်စကားမျိုး ပြောလေသည်။

"ရပါတယ်. . . အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့က ဒီကနေ့ည ဘုရားရောက်အောင်သွားပြီး အဓိဋ္ဌာန် ဝင်ရမှာမို့ အခုပဲ သွားကြမှာပါ"

"စေတနာနဲ့ ပြောတာ နားမထောင်တော့လည်း နေပေါ့"

ဟု မိန်းမကြီးက နှုတ်ခမ်းစူကာ ပြောသည်။

ထိုအခါ နောက်မှာ ရပ်နေသော မိန်းကလေးနှစ်ယောက်က ရှေ့တိုးလာပြန်သည်။

"ကျွန်မတို့က ဒီရွာကပါ၊ အစ်ကိုတို့ ခရီးပန်းလာလို့ တည်းမယ်ဆိုရင် ကျယ်ကျယ်ဝန်းဝန်း တည်းလို့ရတဲ့နေရာ ရှိပါတယ်ရှင်"

"ဟုတ်ပါတယ်. . . ကျွန်မတို့အိမ်က နှစ်ဆောင်ပြိုင် အိမ်အကျယ်ကြီးပါ၊ နောက်ပြီး စားသောက်ဖို့လည်း စီစဉ်ပေးနိုင်ပါတယ်"

ဟု ဖော်ရွေသော အပြုံးကလေးများဖြင့် ပြောဆိုကြရာ ကျွန်ုပ်တို့နှစ်ယောက်စလုံးမှာ ငြင်းပယ်ရမည်ကိုပင် အားနာစရာ ဖြစ်နေတော့သည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကိုယ့်အကြောင်းနှင့်ကိုယ်မို့ မနားဝံ့ပဲ ခရီးဆက်ရန်သာ မြင်ကြလေသည်။

"ကျွန်တော်တို့အတွက် အခုလို အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကိစ္စလေးတွေ ရှိသေး လို့ သွားပါဦးမယ်"

ဟု ပြောလိုက်သောအခါ စောစောက ပြုံးချိုနေသည့် မိန်းကလေးနှစ်ယောက်တို့၏မျက်နှာမှာ ညှိုပုတ်ပုတ် ဖြစ်သွား သလို မိန်းမကြီးကလည်း ခါးထောက်လျက် မျက်ထောင့်နီကြီး ဖြင့် စိုက်ကြည့်နေသောကြောင့် ကြာကြာဆက်မနေဝံ့ကြတော့ပဲ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်ခဲ့ကြလေသည်။

သို့တိုင်အောင် အတော်ဝေးဝေး ရောက်မှ ယောကျ်ား ကြီးက ခပ်သုတ်သုတ် ပြေးလိုက်လာပြန်သည်။

"ဟော့. . . သူငယ်တို့ နေကြပါဦးကွယ့်"

"ဘာကိစ္စရှိလို့လဲ ဦးလေး"

"ဒီဘက်နယ်တွေက သိပ်မအေးလှဘူးကွယ်၊ ရိုးမဘက် မှာ ခိုနေတဲ့ လူဆိုးဓါးပြတွေက ဒီလိုမှောင်ရီသမ်းစအချိန်ဆိုရင် အမြဲဆင်းလာလေ့ရှိတယ်၊ တကယ်လို့ သူတို့နဲ့ တွေ့ရင် မင်းတို့ ရန်ရှာခံရလိမ့်မယ်ကွယ်၊ အဲဒါ လိုက်ပြီးသတိပေးတာပါ"

"ကျေးဇူးတင်ပါတယ် ဦးလေး၊ ကျွန်တော်တို့ သတိနဲ့ သွားကြပါ့မယ်"

ဟု ပြောပြီး ခြေလှမ်းပြင်တော့ နောက်မှ ခြေတစ်လှမ်း နှစ်လှမ်း လိုက်လာပြီး ပြောပြန်သည်။





"ဒီလိုဆိုရင်လည်း ကျွပ်လှည်းနဲ့ လိုက်ပို့ပေးမယ်လေ"

"ရပါတယ်. . . ခြေလျင်ပဲ သွားပါတော့မယ်"

ဟု ပြောလည်းပြော ခြေလှမ်းကိုလည်း ခပ်သွက်သွက် လှမ်းခဲ့ကြရာ ထိုလူကြီးလည်း နောက်မှာ ကျန်ခဲ့လေတော့သည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ဒီရွာက လူတွေက တယ် သည်း သဘောမနော ကောင်းကြပါလား"

"ဆရာကလည်း. . . ဘုရားလေးရွာဆိုတာ ပညာသည် အလွန်ပေါတယ်ဆိုတာ နည်းနည်းလေးမှ မကြားမိဘူးလား၊ ဒီလူတွေလည်း ရိုးရိုးသားသားတော့ မဖြစ်နိုင်ဘူး၊ အကြောင်းရှိ လို့သာ ဖြစ်ရမယ်"

အချိန်ကလည်း တဖြည်းဖြည်းနှင့် နေဝင်ရီတရော အချိန်ဘက်သို့ ရောက်လာချေတော့သည်။

နှစ်ယောက်သား ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက် သာကြရာ နေဝင်ချိန်မှာပင် တောင်ခြေသို့ ရောက်သွားကြသည်။ ထိုနေရာရောက်သည်အထိတော့ နောက်ထပ်မည်သည့် အ နှောင့်အယှက်မှ မတွေ့ကြရတော့ပေ။

မှောင်ရီသမ်းစ အချိန်မှာပင် တောင်ပေါ်သို့ စတက်ကြ သည်။ ဒေးစွန်ပါတောင်မှာ အမြင့်ပေ သိပ်မမြင့်လှပဲ ခက်ခက် ခဲခဲ တက်ရလောက်သော မတ်စောက်သည့်နေရာများ မရှိသော ကြောင့် ဖြေးဖြေးမှန်မှန်ပင် တက်နိုင်ကြသည်။

"မောင်ထင်ကျော်. . . ဆရာကြီးက ဒီတောင်ပေါ်မှာ စောင့်မယ်ဆိုတာရော သေချာပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးမထွက်ခင်ကတော့ ကျွန်တော့်ကို သေသေချာချာ မှာလိုက်တာပဲ. . . ရှိမှာပါ"

"ဆရာကြီးဆီ ရောက်ရင်တော့ ဒီကိစ္စတွေက ပြီးသွားမယ် ထင်ပါတယ်"

"ဘယ်ပြီးမှာလဲ ဆရာရဲ့၊ အခုမှ အစပဲ ရှိသေးတာ၊ ဒီပုရပိုဒ်တွေ ရပြီးတော့မှ ခရေပင်ဖောက်ထိုး ရှိတဲ့နေရာကို ခရီးဆက်ကြရမှာလေ၊ အဲဒီနေရာရောက်ရင် ဘယ်လိုတွေ ကြုံတွေ့ရဦးမယ် မသိဘူး၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကံကောင်းရင်တော့ ဆရာရော ကျွန်တော်ပါ ခါတ်ပေါင်းစုံဘုရားကို ဖူးခွင့်ရပြီး ရသာယန ဆေးပြာကို စားခွင့်ရချင် ရကြမှာပေါ့"

ဟု စကားတပြောပြောနှင့် တက်ခဲ့ကြရာ နောက်ဆုံးမှာတော့ မှောင်စပျိုးသောအချိန်၌ ဒေးစွန်ပါဘုရား ရှိသော တောင်ပေါ်သို့ ရောက်သွားကြလေတော့သည်။

ရင်ပြင်တော်ပေါ်သို့ ရောက်တော့ ဘုရားရင်ပြင်တော်တစ်ပတ် လှည့်ပတ်ကြည့်သော်လည်း ဆရာကြီးသူရဋ္ဌ၏အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် ပါလာသောအထုပ်များကို ချကာ ဘုရားကန်တော့ကြလေသည်။

တောင်ပေါ်မှာ အေးချမ်းတိတ်ဆိတ်ကာ လေကောင်းလေသန့်များ ရနေသောကြောင့် တစ်လမ်းလုံး စိတ်မောလူမောဖြစ်ခဲ့ရသမျှ ပြေပျောက်သွားလေတော့သည်။

ဘုရားဝတ်ပြုပြီးချိန်မှာ နောက်ဘက်မှ ခြေသံလိုလိုကြားရသဖြင့် လှည့်ကြည့်သောအခါ ဆရာကြီးသူရဋ္ဌကို တွေ့ရသဖြင့် များစွာဝမ်းသာသွားလေသည်။





"မောင်ထင်ကျော်နဲ့ ကိုမင်းအောင်တို့ အခုလို ချောချောမောမော ပြန်ရောက်လာတာ ကျုပ်ဖြင့် သိပ်ပြီးဝမ်းသာတာပဲ"

"ကျွန်တော်တို့လည်း ဆရာကြီးနဲ့ အခုလို ပြန်တွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲ"

"ကဲ. . . လာကြ၊ ကျုပ်တည်းနေတဲ့ ဘုရားတန်ဆောင်းဆီ သွားကြရအောင်"

ဟု ပြောကာ ခေါ်ကာ ထိုနေရာရောက်မှ အကျိုးအကြောင်း မေးရာ ဒေါက်တာမင်းထင်ကျော်က ဖြစ်ကြောင်းသုံးစင် ပြောပြလိုက်လေသည်။

စကားဆုံးသောအခါမှ ဆရာကြီး သူရဋ္ဌက. . .

"မောင်ထင်ကျော်တို့နှစ်ယောက် အတော်ကလေး ပန်းစားခဲ့ကြရတာပဲ၊ ဦးထန်ဖုန်းရှိန်နဲ့ ဦးမွန်ထော်တို့ နှစ်ယောက်လည်း အရေးကိစ္စ ရှိတဲ့အခါ အခုလို အကူအညီ ပေးကြတာ ကျေးဇူးတင်ရမှာပဲ"

ဟု ပြောလေသည်။

"မှန်ပါတယ် ဆရာကြီး၊ သူတို့နှစ်ယောက်သာ အကူအညီ မပေးခဲ့ရင် ဟိုဆရာလက်ချက်နဲ့ ကျိုက်ထိုမှာတင် အသက်ဆုံးလောက်ပါတယ်"

"ဒါထက် သူတို့ ပေးလိုက်တဲ့ သံကာဝေ မှော်ဝင်သိုက်ဝင်ပစ္စည်းကော ပါရဲ့မဟုတ်လား"

ဟု မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားသော အရုပ်ကလေးကို နှိုက်ယူပြီး ဆရာကြီး သူရဲ့ လက်ထဲသို့ ထည့်ပေးလိုက်ရာ ဆရာကြီးက အသေအချာ ကြည့်ရှုနေလေသည်။

အတန်ကြာသောအခါမှ. . .

"ဒီအရုပ်က သာမန်အရုပ် မဟုတ်တော့ဘူး၊ သိဒ္ဓိရှိနေတဲ့ သိုက်ဝင်ပစ္စည်းတစ်ခု ဖြစ်နေပြီ၊ ဒီပစ္စည်းမျိုးက အောက်လမ်းပညာ လိုက်စားသူတွေနဲ့ မထိုက်တန်တော့ဘူး၊ ဒီသိုက်ဝင်ပစ္စည်း ရခဲ့တာ' ခရေပင်ဇောက်ထိုး ရောက်တဲ့အခါ အများကြီး အထောက်အကူ ရလိမ့်မယ်"

ဟု ပြောပြလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဆရာတော်ဦးသုန္ဒ ပေးလိုက်သော ပုရပိုဒ်သုံးဆူကို ဆရာကြီးသူရဲ့ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"ကဲ. . . မောင်ထင်ကျော်တို့နှစ်ယောက် ခဏတော့ နားကြ၊ လထွက်လာလို့ အခြေအနေ ထူးရင် နှိုးပါ့မယ်"

ဟု ပြောသဖြင့် ကျွန်ုပ်တို့နှစ်ယောက်လည်း အသင့်ပါလာသော အိပ်ယာခင်းများကို ဖြန့်ကာ အနားယူကြလေသည်။

ဆရာကြီးကတော့ ဖယောင်းတိုင်မီးထွန်းကာ ပုရပိုဒ်များအား အသေအချာ ကြည့်ရှုနေတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်လည်း မောပန်းလာသောကြောင့် အိပ်ယာပေါ်သို့ လှဲချလိုက်သည်နှင့် မှေးကနဲ အိပ်ပျော်သွားတော့သည်။





အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ၊ ဆရာကြီး သူရဲ့က လာနှိုးတော့မှ ပြန်နိုးကြလေသည်။

"မောင်ထင်ကျော့်တို့ ထကြကွယ့်၊ ဒေးစွန်ပါတောင်ဘက် သွားကြရအောင်"

ဟု ပြောရာ ကျွန်ုပ်မှာ များစွာအံ့ဩသွားလေသည်။ ယခု ကျွန်ုပ်တို့ ရောက်နေသောတောင်မှာ ဒေးစွန်ပါတောင်ပင် ဖြစ်ရာ ဘယ်နေရာက ဒေးစွန်ပါတောင်ကို သွားမည်မှန်း မသိရသောကြောင့် များစွာအံ့ဩသွားလေသည်။

သို့သော် ဘာမှ ထပ်မမေးတော့ဘဲ နေရာမှ ထကြသည်။

"ဒီမှာ လာကြည့်ကြ"

ဟု ပြောသဖြင့် အနီးသို့ သွားကြည့်လေရာ ဆရာကြီး သူရဲ့က အနောက်ဘက်တွင် လှမ်းမြင်နေရသော တောင်တစ်လုံးရှိရာသို့ လက်ညှိုးထိုးပြလေသည်။

ထိုတောင်ပေါ်သို့ လရောင်က ထိုးကျနေရာ အထင်းသား လှမ်းမြင်နေရသည်။

"ဘာလဲ ဆရာကြီး"

ပြောလေသည်။

"ဟိုမှာ လှမ်းမြင်နေရတဲ့ တောင်ကလေးကို အသေအချာ ကြည့်ထား၊ ဒီတောင်က ကြည့်တိုင်း မမြင်ရဘူး၊ မြင်ခွင့်ရှိမှ မြင်တွေ့ခွင့်ရတဲ့တောင်ပဲ"

"ဘာကြောင့်လဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတောင်က တခြားမဟုတ်ဘူး၊ ဒေးစွန်ပါတောင်ပဲ"

"ဟင် . . . ကျွန်တော်တို့ ရောက်နေတဲ့ အခုတောင်က ဒေးစွန်ပါတောင် မဟုတ်ဘူးလား ဆရာကြီး"

"ဒါက အများသူငါ ဖူးရအောင် ထားတဲ့ တောင်နဲ့စေတီ အခု လှမ်းမြင်နေရတဲ့တောင်ကမှ ဒေးစွန်ပါတောင်အစစ်ပဲ အဲဒီမှာ ရွှေစေတီ ရှိတယ်၊ ဒါပေမယ့် မြင်ထိုက်မှ မြင်ရတယ် ဖူးထိုက်မှ ဖူးရတယ်"

ထိုစကားကြောင့် ကျွန်တော်တို့နှစ်ယောက်မှာ များစွာ အံ့သြသွားကြလေသည်။

"ဒါဖြင့် အခု ဘယ်လိုလုပ်မှာလဲ ဆရာကြီး"

"အခုတော့ သွားလို့မရသေးဘူး၊ လပြည့်နေ့ညမှာတော့ ကံကောင်းရင် ရွှေစေတီကို ဖူးတွေ့ခွင့် ရကြလိမ့်မယ်၊ ဒီရက်မှာ တော့ သက်သတ်လွတ် အစားအစာကိုသာ စားပြီး သီလခံယူ ထားကြ"

ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း မအိပ်ကြတော့ပဲ ဘုရား ရှိခိုးခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်ကြလေသည်။ တကယ် တော့ ဘုရားရိပ်မှာ တရားအလုပ် လုပ်ကြသော အချိန်အတော အတွင်း၌ စိတ်ထဲတွင် ပူပန်သောကများ ကင်းဝေးလျက် အေး ငြိမ်းလျက် ရှိနေတော့သည်။







## အခန်း(၁၀)

# ရွှေစေတီနှင့် ထွက်ရပ်ပေါက် မှတ္တုလ်များ

ထိုနေ့က လပြည့်နေ့ည ဖြစ်ပေသည်။

လရောင်များက ဒေးစွန်ပါ တောင်တန်းများပေါ် သို့ ဖြာ ကျလျက်ရှိနေလေတော့သည်။

ကျွန်ုပ်တို့သည် ဆရာကြီးနှင့် မနက်ပိုင်းအချိန်တွင် သီလခံယူပြီးနောက် တစ်နေ့လုံး မေတ္တာဘာဝနာ ပွားများနေကြ ရာ ညအချိန် လထွက်လာသောအချိန်ထိ ဖြစ်ပေသည်။

ဆရာကြီး သူရဗ္ဗကတော့ ပုတီးစိပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် လရောင်က အနောက်ဘက် တောတန်းတစ်နေရာသို့ ဖြာကျလာရာ မနေ့က တွေ့လိုက်ရသော တောင်တန်းလေးက လရောင်အောက်မှာ ပေါ်လာလေတော့သည်။

ထိုအချိန်မှာပင် ဆရာကြီး သူရဇ္ဇက ပုတီးစိပ်ခြင်းကို ချပ်ကာ ထလာသည်။

လရောင်အောက်မှာ ထင်ထင်ရှားရှား ပေါ်နေသော တောင်ကလေးကို မြင်ရသောအခါ များစွာဝမ်းသာသွားမှာ ရှိလေသည်။

"ကျုပ်တို့တော့ ကံကောင်းကြပြီ၊ ဟိုမှာ ဒေးစွန်ပါ တောင်ကို လာခွင့်ပေးတဲ့အနေနဲ့ အချက်ပြနေပြီ"

"ဟင်. . .ဘယ်လိုအချက်ပြတာလဲ ဆရာကြီး၊ ကျွန်တော်တို့လည်း မမြင်ရပါလား"

"အခုလို လရောင်အောက်မှာ ထင်ထင်ရှားရှား မြင်နေရတာကိုက ကျုပ်တို့ကို အချက်ပြနေတာပဲပေါ့ မောင်ထင်ကျော်ရဲ့၊ လာခွင့်မရဘူးဆိုရင် ဒီလို ဘယ်မြင်ရပ့်မလဲ၊ ကိုင်း. . . အချိန်ရှိတုန်း သွားကြရအောင်"

ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း ဝမ်းမြောက်ဝမ်းသာဖြင့် နေရာမှ ထကြလေသည်။

ထို့နောက် ဆရာကြီး သူရဇ္ဇက ရှေ့မှ ဦးဆောင်ကာ နောက်ဘက်သို့ လာခဲ့ကြလေသည်။

လရောင်ရှိသည်ဆိုသော်လည်း သစ်ပင်ရိပ်များကြောင့်





မှောင်တစ်ခါ လင်းတစ်လှည့် ဖြစ်နေလေသည်။

တစ်နေရာ ရောက်သောအခါ တောတွင်းမှ ထွက်လာသော တောကောင်ကြီးတစ်ကောင်နှင့် ပက်ပင်းတိုးသော်လည်း ရန်မူလိုခြင်း မရှိဘဲ တောထဲသို့ ပြန်ဝင်သွားလေသည်။

တဖြည်းဖြည်းနှင့် လျှောက်လာကြရာ တစ်နေရာ ရောက်သောအခါ သင်းပျံ့သော ဂမုန်းပန်းရနံ့များကို ရလေရာ တစ်ကိုယ်လုံး လန်းဆန်းကြည်လင်သွားသကဲ့သို့ ရှိလေသည်။

လှမ်းမြင်နေရသော တောင်ကုန်းကလေးမှာ ခရီးမဝေးလှသောကြောင့် အချိန်တိုအတွင်းမှာပင် ရောက်သွားကြလေသည်။ ထိုတောင်တစ်ဝိုက် ရောက်ပြန်တော့လည်း ဘာမှ မတွေ့ရသဖြင့် ဆရာကြီးကို မေးရသည်။

"ဆရာကြီး. . . ဒေးစွန်ပါ တောင်အစစ်ဆိုတာ ဒီတောင်ပဲလား"

ဆရာကြီး သူရဇ္ဇက ခေါင်းညိတ်ပြသည်။

"အခုအချိန်ထိလည်း ဘာမှ မတွေ့ရသေးပါလား"

"အချိန်တန်တော့ တွေ့ရမှာပေါ့၊ အခုတော့ ဘာသံမှ မကြားရသေးဘူး၊ ဒီနေရာကပဲ ထိုင်စောင့်ရင်း အခြေအနေကို ကြည့်ကြတာပေါ့"

ဟု ပြောကာ လရောင်ကျနေသော တောင်စွန်းတစ်နေရာတွင် သုံးယောက်သား ထိုင်စောင့်ကြလေသည်။

ကျွန်ုပ်သည် ပတ်ဝန်းကျင်အခြေအနေကို ကြည့်သော်လည်း စေတီဘုရားနှင့် တူတာပင် မတွေ့ရရုံမက လူရိပ်လူခြည်



www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ရပေ။

ပတ်ဝန်းကျင်မှာတော့ သဘာဝ သစ်ပင်များနှင့် ကျောက်တုံးကျောက်တောင်များသာ တွေ့ရလေသည်။

တစ်ခုတော့ ထူးသည်။

တောတောင်ထဲ ရောက်နေသော်လည်း တိရစ္ဆာန်များကို မတွေ့ရုံမက အော်သံလည်း အလျဉ်းမကြားရပေ။ အနည်းဆုံး ငှက်အော်သံပင် မကြားရပေ။

တောတစ်တောလုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

အတန်ကြာတော့ ဆရာကြီးက လေသံတိုးတိုးဖြင့် သတိပေးသည်။

"တောင်ပေါ် ရောက်တဲ့အခါ စကားလည်း မပြောနဲ့၊ အသံလည်း လုံးဝမထွက်နဲ့တော့၊ တကယ်လို့ ပြောမှားဆိုမှား ရှိခဲ့ရင် တွေ့ချင်မြင်ချင်တာတွေ တွေ့ရမြင်ရမှာ မဟုတ်ဘူး"

ဟု သတိပေးသဖြင့် ခေါင်းညိတ်ပြလိုက်ကြသည်။

အတန်ကြာသောအခါ လရောင်က ကျွန်ုပ်တို့ ဦးခေါင်းအပေါ်သို့ ရောက်လာရာ သစ်ပင်ရိပ်များ လွတ်ကင်းသွားပြီဖြစ်သောကြောင့် နေရာအတော်များများမှာ အလင်းရောင်များ ပေါ်ထွက်လာလေတော့သည်။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့ ရောက်နေသောနေရာနှင့် မနီးမဝေးနေရာလောက်မှ သာယာဖွယ်ကောင်းသော ဆည်းလည်းသံကလေးများ ပေါ်ထွက်လာလေတော့သည်။





"ချွင် . . . ချလင် . . . ချွင် . . . ချလင်"

ထိုအသံ ကြားသောအခါ ပုတီးစိပ်နေသော ဆရာကြီး သူရဋ္ဌက ဆတ်ခနဲ ခေါင်းထောင်၍ နားစွင့်လိုက်လေသည်။

"ချွင် . . . ချလွင်"

ထိုအသံနှင့် မရှေးမနှောင်းမှာပင် ကြေးစည်သံ၊ ဖားစည်ထုသံများ ပေါ်လာလေသည်။

ထိုအသံများ ဆက်တိုက်ကြားရသောအခါ ကျွန်ုပ်တို့နှစ်ယောက်မှာ များစွာအံ့ဩသွားကြလေသည်။

"ကဲ . . ဟိုကနေ အချက်ပေးနေပြီ၊ သွားကြရအောင်"

ဟု ပြောကာ ဆရာကြီး သူရဋ္ဌက နေရာမှ ထသဖြင့် ကျွန်ုပ်တို့လည်း ထရပ်လိုက်ကြလေသည်။

ထို့နောက် . . .

ကြေးစည်သံများ ကြားရာဘက်သို့ ဦးတည်ကာ သွားကြလေရာ အတန်ငယ် သွားမိသောအခါ အလင်းရောင်များ ဖြာထွက်နေသောနေရာတစ်ခုကို လှမ်းမြင်ကြရသည်။

ရှေ့သို့ တဖြည်းဖြည်း တိုးသွားသောအခါမှ အလင်းရောင်များ ဖြာထွက်နေသောနေရာမှာ အခြားမဟုတ်ဘဲ ရွှေရောင်တဝင်းဝင်းနှင့် စေတီတော်တစ်ဆူဖြစ်သည်ကို ဖူးတွေ့ကြရသည်။

စေတီတော်မှာ ဥဏှာတော် ကိုးတောင်ခန့်ရှိပြီး စေတီတစ်ဆူလုံး ရွှေအပြည့်ရှိနေရာ ဆီမီးတိုင်များ ထွန်းညှိပူဇော်ထားရာမှ ရွှေရောင်အလင်းများ ဖြာထွက်နေခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်၏ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ကျွန်ုပ်တို့ထက် အရင်ရောက်နေသော လူအချို့ ရှိနေလေသည်။ သာမန်လူများတော့ မဟုတ်ကြပေ။

ဘုန်းတော်ကြီးများ၊ ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်များ၊ အညိုရောင် ယောဂီဝတ်များ၊ ဝိဇ္ဇာဇော်ဂျီများကဲ့သို့ ဝတ်ဆင်ထားသော ပုဂ္ဂိုလ်များပင် ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်များမှာ ဆီမီး၊ ပန်း၊ အမွှေးနံ့သာများဖြင့် ပူဇော်သူကပူဇော်၊

ပုတီးစိပ်သူကစိပ်၊ အဓိဋ္ဌာန်ဝင်သူကဝင်၊ ဘုရားရှိခိုးသူက ရှိခိုးဖြင့် ကိုယ့်အလုပ်ကိုသာ အာရုံစူးစိုက်ကာ လုပ်နေကြလေသည်။

ကျွန်ုပ်စိတ်ထဲမှာ ဆရာကြီးကို မမေးဝံ့၍ မမေးရသော်လည်း ယခု လှမ်းမြင်နေရသည့် စေတီတော်မှာ ဒေးစွန်ပါ ရွှေစေတီဖြစ်ပြီး အဓိဋ္ဌာန် ဝင်နေကြသူများမှာလည်း သာမန်လူများမဟုတ်ဘဲ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များသာ ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်မိလေသည်။

ဆရာကြီးသူရွှေက တဖြည်းဖြည်းနှင့် ရှေ့သို့ တိုးသွားရာ ကျွန်ုပ်တို့လည်း စေတီတော် ရှိရာ ရင်ပြင်တော်အနီးသို့ ရောက်သွားကြလေတော့သည်။

သို့တိုင်အောင် ရင်ပြင်တော်ပေါ်မှာ ဘုရားဝေယျာဝစ္စ ပြုလုပ်နေသူများနှင့် အဓိဋ္ဌာန်ပြုလုပ်နေသော ပုဂ္ဂိုလ်များမှာ ကျွန်ုပ်တို့ ရောက်နေမှန်းလည်း မသိ၊ လှည့်၍လည်း မကြည့်ဘဲ





ကိုယ့်အလုပ်ကိုသာ အာရုံပြု၍ ပြုလုပ်နေကြလေသည်။

စေတီတော်အနီးသို့ ရောက်သောအခါမှ ကြားနေရသော ဆည်းလည်းသံကလေးများမှာ ကြားနေကျ ဆည်းလည်းသံမျိုးနှင့် မတူဘဲ သာယာနာပျော်ဖွယ် ကောင်းလှပေသည်။

ထို့ပြင် ဘုရားကို ကပ်လှူထားသော ပန်းရနံ့များမှာလည်း သာမန် ပန်းရနံ့များနှင့် မတူပဲ အထူးပင် မွှေးကြိုင်သင်းပျံ့လှပေသည်။

ကျွန်ုပ်တို့သုံးယောက်မှာလည်း ရင်ပြင်တော် အောက်ဘက်မြေပေါ်မှာပင် ရှိသေစွာ ထိုင်၍ ရွှေရောင်တဝင်းဝင်းနှင့် စေတီတော်ကို ကြည်ညိုစွာ ဖူးမြော်ကန်တော့ကြလေတော့သည်။

ထိုအခိုက်အတန့်ကလေးမှာ ရလိုက်သော စိတ်၏ အေးချမ်းသာယာမှုမှာ ဘယ်အရသာမျိုးနှင့်မှ မတူပဲ နှလုံးအိမ်အတွင်းသို့ ရောက်အောင် စိမ့်ဝင်သွားသည်ဟု ခံစားမိလေသည်။

အတန်ကြာသောအခါ တောစောင့်နတ်၊ တောင်စောင့်နတ်များ ရောက်လာပြီး ကန်တော့ကြသည်။

၎င်းတို့ ပြန်သွားသောအခါ ဒေးစွန်ပါ အတွင်းအပြင် ဝန်းကျင်တစ်ဝိုက်မှာရှိ သိုက်နန်းရှင်များ ရောက်လာပြီး ဘုရားကန်တော့ကြသည်။

ပြီးလျှင် ရက္ခစိုး၊ ဘုမ္မစိုး စသော သက်ဆိုင်ရာပုဂ္ဂိုလ်များ ရောက်လာပြီး ကန်တော့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြီးသောအခါမှ သူတော်စင်များက နေရာမှ ထပြီး ဘုရားကို လက်ယာရစ် ပတ်၍ ပူဇော်ကြပြီး အခြားတစ်ဖက်မှ ဆင်းသွားကြလေသည်။

ပြီးလျှင် ရဟန်းပုဂ္ဂိုလ်များက နေရာမှ ထကာ ဘုရားကို လက်ယာရစ် ပတ်၍ ပူဇော်ပြီးနောက် အခြားတစ်ဖက်မှ ဆင်းသွားကြပြန်ရာ ဘုရားပေါ်မှာ ဘယ်သူမှ မကျန်ခဲ့တော့ဟု ထင်မိသော်လည်း နောက်ဆုံးကျန်နေသော ဆရာတော်ကြီးသုံးပါးက နေရာမှ ထကာ ဘုရားကို တစ်ပတ်ပတ်၍ ပူဇော်ကြသည်။

မူလနေရာ ရောက်သောအခါ လက်အုပ်ချီလျက် အမျှပေးဝေလိုက်သောအခါ ကျွန်ုပ်တို့လည်း ကြည်နူးစိတ်ဖြင့် သာဓုခေါ်လိုက်ကြလေသည်။

"သာဓု. . . သာဓု. . . သာဓုပါဘုရား"

ထိုအသံကြားသောအခါ ဆရာတော်ကြီးတစ်ပါးက နောက်သို့ လှည့်ကြည့်သောအခါ ကျွန်ုပ်မှာ ထိတ်ကနဲ ဖြစ်သွားမိသည်။ အတန်ကြာတော့ ဆရာတော်ကြီးတစ်ပါးက ကျွန်ုပ်တို့ သုံးယောက်ရှိရာသို့ ဖြေးဖြေးချင်း လျှောက်လာရာ အနားရောက်လာသောအခါ သုံးယောက်စလုံး မြေပေါ်သို့ လက်ဝါးမှောက် မျက်နှာအပ်ကာ ကန်တော့လိုက်ကြလေသည်။

ထိုအခိုက်အတန့်အချိန်လေးမှာ အသက်ရှူရန်ပင် သတိမရသောအချိန်ပင်ဖြစ်သည်။

ဆရာတော်ကြီးက အနီးသို့ ရောက်လာသောအခါ ဦးခေါင်းမမော့ဘဲ ကန်တော့နေသော ဆရာကြီး၏ဦးခေါင်းကို





လက်ဖြင့် တစ်ချက်ထိလိုက်သည်။

ထိုအခါ ဆရာကြီး သူရဋ္ဌက အသင့်ပါလာသော သံကဝေအရုပ်နှင့် ပုရပိုဒ်သုံးဆူကို ဆရာတော်ကြီးလက်သို့ ရိုသေစွာ ပေးလိုက်လေသည်။

ဆရာတော်ကြီးက ပုရပုဒ်သုံးဆူကို ကြည့်ပြီး. . .

"ငါ ညွှန်ကြားခဲ့တဲ့စည်းအတိုင်း မကျိုးမပေါက်အောင် ဆက်လက်ဆောင်ရွက်ပေတော့"

ဟု ပြောရာ နံဘေးမှ ကြားရသူပင် ကြက်သီးမွေးညင်း ထသွားလေသည်။

သံကဝေရုပ်ကလေးကိုလည်း လက်ဖြင့် ဆုပ်ကိုင်ပြီး. .

"လုပ်ထုံးနည်းများအတိုင်း သူတော်ကောင်း တရားအတိုင်း အသုံးပြု ဆောင်ရွက်ပေတော့"

ဟု မိန့်ကြားကာ ပုရပိုဒ်သုံးဆူနှင့် သံကဝေရုပ်ကလေးတို့ ပြန်ပေးရာ ဆရာကြီး သူရဋ္ဌက ရိုသေစွာ ပြန်ယူလိုက်သည်။

"တပည့်တော် ဆရာတော်ကြီး ညွှန်ပြသည့်အတိုင်း စည်သည့်ကိစ္စမှ မကျိုးပေါက်စေရပဲ ဆောင်ရွက်ပါမည် ဘုရား"

ဟု ပြောဆိုဝန်ခံပြီး မော့ကြည့်လိုက်တော့ ဆရာတော်ကြီးနှစ်ပါးစလုံး မတွေ့ရတော့ပေ။

ထို့ထက် ကုန်းတော်ပေါ်မှာ စောစောက ဖူးမြင်ခဲ့ရသော ရွှေစေတီလည်း ကွယ်ပျောက်သွားခဲ့ချေပြီ။

ထိုနေရာမှာတော့ သဘာဝ သစ်ပင်များနှင့် သဘာဝအတိုင်း လင်းနေသော လရောင်သာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကျွန်ုပ်တို့လည်း တအံ့တသြဖြင့် နေရာမှ ထလိုက်ကြလေသည်။

ထို့နောက်မှာတော့ မိမိတို့ တည်းခိုရာနေရာသို့ ပြန်ခဲ့ကြလေသည်။

နောက်တစ်နေ့မှာတော့ ဆရာကြီး သူရန္တကို အကျိုးအကြောင်း မေးမြန်းရာ အောက်ပါအတိုင်း ပြောပြလေသည်။

"ညက တွေ့ခဲ့ကြရတဲ့တောင်က ဒေးစွန်ပါတောင် ဖြစ်သလို ဖူးခဲ့ကြရတဲ့ စေတီကလည်း ဒေးစွန်ပါ ရွှေစေတီအစစ်ပဲ၊ ဒီလို ကွယ်ပျောက်နေတဲ့ ရွှေစေတီတွေ အများကြီး ရှိသေးတယ်၊ သုဝဏ္ဏမြို့ဟောင်းမှာချည်း ခြောက်ဆူရှိတယ်၊ အလုံအတွင်းဒီပါမှာ တစ်ဆူရှိသေးတယ်"

(အလုံအတွင်းဒီပါ ရွှေစေတီအကြောင်းကို 'ကွယ်ပျောက်နေသော ဝိဇ္ဇာတို့ဌာနီ အလုံပြည်' စာအုပ်၌ စုံလင်စွာ ရေးသားဖော်ပြထားပြီး ဖြစ်ပါသည်။)

"ဒီရွှေစေတီတွေက ဘာကြောင့် ကွယ်ပျောက်နေကြတာလဲ ဆရာကြီး"

"အခုကာလမှာ တရားပျက်သူတွေက အတော်ကလေးပေါလာတော့ နတ်သိကြားတွေက ကွယ်ထားကြတာပဲ၊ ကြည်ညိုစိတ်နဲ့ ဖူးရင် ကုသိုလ်အကျိုးကျေးဇူးတွေ ရနိုင်ကြပေမယ့် ပစ်မှားစိတ်နဲ့ ဖျက်ဆီးဖို့ စိတ်အကြံပေါ်တာနဲ့ နေရာမှာတင် ဒုက္ခဆိုးနဲ့ တွေ့ပြီး ငရဲရောက်မှာပဲ၊ ဒါကြောင့် မဖြစ်သင့်တာ မဖြစ်ရအောင် ကွယ်ထားကြတာပါပဲ"





"ဒါပေမယ့် ဆရာကြီးရယ်၊ မကောင်းတဲ့သူတွေ တွေ့မှာစိုးလို့ ကွယ်ထားတာဆိုပေမယ့် တကယ်ဖူးချင်တဲ့သူတွေကျတော့ မဖူးကြရဘူးပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး မောင်ထင်ကျော်ရဲ့၊ ထိုက်သူတွေအတွက်ကတော့ ဖူးတွေ့ခွင့် ပေးပါတယ်၊ ညကပဲ ကျုပ်တို့သုံးယောက် မျက်ဝါးထင်ထင် ဖူးမြင်ခဲ့ရတာ လက်တွေ့ပဲ မဟုတ်ဘူးလား"

ဟု ပြောတော့မှ ဒေါက်တာမင်းထင်ကျော်လည်း ဘဝင်ကျသွားလေသည်။

"ဒါထက် ညက ဆရာကြီး တွေ့ခဲ့ရတဲ့ ဆရာတော်ကြီးနှစ်ပါးက ဘယ်လိုပုဂ္ဂိုလ်တွေများလဲ"

"နှစ်ပါးစလုံး ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေချည်းပါပဲ၊ ညက ရွှေစေတီကို ဖူးတွေ့ခွင့် ရသူတွေထဲမှာ သာမန်လူဆိုလို့ ကျုပ်တို့သုံးယောက်သာ ပါပြီး ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေ၊ ဝိဇ္ဇာဇော်ဂျီ တပသီတွေ၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ၊ သိုက်နန်းရှင်တွေချည်းပါပဲ၊ ညက ကျုပ်တို့ ဖူးလိုက်ရတဲ့ ဆရာတော်ကြီးနှစ်ပါးက တစ်ပါးကိုတော့ မသိရဘူး၊ တစ်ပါးကတော့ အခြားမဟုတ်ပါဘူး၊ ဖျာပုံမြို့ မင်းကျောင်းက ထွက်ရပ်ပေါက်သွားခဲ့တဲ့ ဆရာတော်ကြီး ဦးဇာဂရပါပဲ၊ ကျုပ်တို့ကို ပုရပိုဒ်သုံးဆူ ပေးလိုက်တဲ့ ဆရာတော် ဦးသုန္ဒရရဲ့ ဆရာရင်းပေါ့"

"ဒီလိုဆိုရင် ညက တွေ့လိုက်ရတဲ့ ဆရာတော်ကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ခရေပင်ကို ဇောက်ထိုးလှန်စိုက်သွားတဲ့ ဆရာတော်ကြီးပဲပေါ့ ဟုတ်လား ဆရာကြီး"

"အမှန်ပါပဲ"

"ဒါဖြင့် ကျွန်တော်တို့ အခု ဘယ်ကို ခရီးဆက်ကြရမှာလဲ ဆရာကြီး"

"ခါတ်ပေါင်းစုံဘုရား၊ ရသာယနဆေးဖြာ၊ ထွက်ရပ်ပေါက် လုပ်နည်းကျမ်းတွေကို ရေးထားတဲ့ ရွှေပုရပိုဒ်တွေ မြှုပ်ထားတဲ့ ခရေပင်ဇောက်ထိုးရှိတဲ့ ဖျာပုံမြို့ကို သွားရမှာပေါ့"

"ဘယ်တော့ သွားကြမှာလဲ ဆရာကြီး"

"ပုရပိုဒ်ထဲမှာ ညွှန်းထာတာကတော့ (၁၃၁၀)ခုနှစ်ပြည့်ပြီးမှ သွားရမယ်လို့ ညွှန်းထားတော့ သိပ်မလိုတော့ပါဘူး"

"ပုရပိုဒ်ထဲမှာ ဘယ်လိုများ ရေးထားသလဲ ဆရာကြီး"

"သုံးဂေါ် တိဓ ကျော်ရေးခုနစ်၊ သက္ကရာဇ်မှာ တိုင်းပြည်အလုံး၊ တုံလှုပ်ခြောက်ခြား၊ အခါများဝယ်၊ ပေါ်ကြွယ်သူပုန်၊ ထထကုန်သော်. . . သိုက်ဇော်မဟာ ဖွင့်သောအခါတည်း။

ထိုအခါသမယ အချိန်ကျ၍ အညွှန်းပေစာ တွေ့အောင်ရှာ၍ ဝင်ကာကြည့်ကြ၊ များမြောင်လှစွာ ဥစ္စာပစ္စည်းတွေ့ပါသော်လည်း လောဘရမ္မက် မထွက်လေနှင့် ထွက်သော်ဒုက္ခကြုံရမည်။

လို့ ရေးထားတယ် မောင်ထင်ကျော်ရဲ့၊ အခုပဲ တန်ခူးလ မြည့်ပြီဆိုတော့ (၁၃၁၀)ခုနှစ် သက္ကရာဇ်ကူးဖို့ သိပ်မလိုတော့ပါဘူး"





"ဒါထက် ဆရာကြီး ပုရပိုဒ်ထဲမှာ ရေးထားတဲ့အတိုင်း အခုကာလအချိန်က မြစ်ဝကျွန်းပေါ် အရပ်ဒေသတွေမှာ သောင်းကျန်းသူတွေက ဆိုးသွမ်းနေလေတော့ ဖျာပုံရောက်အောင်သွားဖို့ အဆင်ပြေပါ့မလား"

ဟု မေးလိုက်ရာ ဆရာကြီးက အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။

"အန္တရာယ်ကတော့ နေရာအနှံ့မှာ အနည်းနဲ့အများ ရှိနေတာပဲပေါ့။ ဒါပေမယ့် ကိုယ်က ဒီအန္တရာယ်တွေ မကျရောက်နိုင်အောင် အကာအကွယ်ပြုထားရင် စိတ်ပူစရာ မရှိပါဘူး"

ဟု ပြောတော့မှ ကျွန်ုပ်တို့နှစ်ယောက်လည်း စိတ်အေးသွားပြီးနောက် ထွေထွေထူးထူး ထပ်မပြောကြတော့ဘဲ မိမိတို့ သွပ်ရမည့်ကိစ္စများကို လုပ်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

## မောင်ထွန်းမြတ်နှင့် တွေ့ကြရခြင်း

ကျွန်ုပ်တို့သည် ဆရာကြီးသူရဋ္ဌနှင့် ဒေးစွန်ပါတောင်ပေါ်တွင် အမိဌာန်အလုပ်များ လုပ်ခဲ့ကြပြီး နှစ်ကူးပြီး၍(၁၃၁၁) ခုနှစ်သို့ ကူးသောအခါမှ ရန်ကုန်သို့ ပြန်ရောက်အောင် ဆင်းခဲ့ကြသည်။

ထိုခရီးစဉ်တစ်လျှောက်လုံးမှာတော့ အန္တရာယ် တစ်စုံတစ်ရာ မတွေ့ကြရပဲ ချောချောမောမောနှင့်ပင် ရန်ကုန်သို့ ပြန်ရောက်ခဲ့ကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြန်ရောက်ပြီး ခေတ္တနားကြပြီးနောက် ဖျာပုံမြို့သို့ ခရီးဆက်ရန် မြင်သောအခါမှ အခက်အခဲ တွေ့ကြရလေသည်။

အခြားမဟုတ်ပေ။

မြစ်လမ်းခရီးများမှာ လမ်းတစ်လျှောက်လုံး သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်နေသောကြောင့် မြစ်ဝကျွန်းပေါ်ဘက်သို့ မည်သည့်သင်္ဘော၊ လှေသမ္ဗာန်တို့ တစ်စင်းတစ်လေမျှ မရှိပဲ ဖြစ်နေလေသည်။

ကမ်းနားတစ်ဝိုက်မှာလည်း မြစ်ဝကျွန်းပေါ်ဘက်သို့ သွားရန် သင်္ဘောမရှိသဖြင့် သောင်တင်နေသော ခရီးသည်အများအပြား ရှိနေကြသည်။ ထိုအခိုက်မှာပင် လူတစ်ယောက်က သတင်းပေးသဖြင့် ဝမ်းသာဖွယ် သတင်းတစ်ခု ကြားရသည်။

“ရေဝတီ သင်္ဘောတစ်စင်းတော့ ပင်လယ်ဘက်က ပတ်ပြီး ဖျာပုံဘက်ကို သွားမယ်လို့တော့ သတင်းကြားမိတယ်၊ ထွက်ဖြစ်မထွက်ဖြစ် သေချာအောင် ရေဝတီရုံးကို သွားစုံစမ်းကြည့်ရင် ပိုကောင်းမယ်”

ဟူ သိရသဖြင့် နှစ်ယောက်သား မော်တင်ဘက်ရှိ ရေဝတီရုံး ရှိရာဘက်သို့ ထွက်လာရာ လမ်းမှာ အသက်နှစ်ဆယ်ကျော် အမျိုးသမီးတစ်ယောက်နှင့် လေးဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ယောက်တို့နှင့် တွေ့ရာ ၎င်းတို့က မေးသည်။

“အစ်ကိုတို့ရယ်. . . တစ်ဆိတ်လောက် မေးပါရစေ”

“မေးပါဗျ. . . မေးပါ”





“ဖျာပုံဘက်ကို ရေဝတီ မီးသင်္ဘောတစ်စင်း ထွက်မယ်လို့ သတင်းကြားရပါတယ်၊ ဘယ်နေရာမှာ စုံစမ်းရင် သိနိုင်မလဲခင်”

“အစ်ကိုတို့လည်း အဲဒီဘက်ကို သွားစုံစမ်းမှာပဲ၊ တစ်ခါတည်း လိုက်ခဲ့ကြပါလား”

ဟု ဒေါက်တာမင်းထင်ကျော်က ခေါ်ရာ နှစ်ယောက်သား အဝတ်ထည့်ထားသော အိတ်ကလေးများကို ဆွဲ၍ နောက်မှ လိုက်လာကြလေသည်။

မော်တင်ဆိပ်ကမ်းဘက်ရှိ ရေဝတီ သင်္ဘောရုံးသို့ စုံစမ်းကြည့်သောအခါ ရေဝတီ မီးသင်္ဘောတစ်စင်းမှာ ပင်လယ်ဘက်မှ ပတ်ကာ ကျိုက်လတ် ဖျာပုံဘက် ရောက်အောင်သွားမည်ဖြစ်ကြောင်းနှင့် ဘယ်နေ့ ဘယ်အချိန် သင်္ဘောထွက်မည်ကိုပါ ပြောလိုက်သောကြောင့် များစွာဝမ်းသာသွားမိလေသည်။

နောက်တစ်နေ့မနက်တွင် သင်္ဘောထွက်မည်ဖြစ်ရာ ညွှန်ပိုင်တို့လည်း အိမ်သို့ ပြန်ပြီး လိုအပ်သော ပစ္စည်းများကို သယ်မံယူပြီး စောစီးစွာပင် သင်္ဘောပေါ်သို့ တက်ကာ နေရာယူထားကြလေသည်။

သင်္ဘောမှာ ထွက်ရန်မြင်ထားသော်လည်း ထွက်ချိန်ကတော့ အတိအကျ မရှိပေ။

စစ်တပ်မှ တာဝန်ရှိသူများက ထွက်ခွာခွင့် အမိန့်ပေးသောအချိန်တွင် ထွက်ခွာရန် အသင့်စောင့်ဆိုင်းလျက် ရှိနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်မှာမှ ဒေါက်တာမင်းထင်ကျော်ကို သင်္ဘော လာစုံစမ်းသော အမျိုးသမီးနှစ်ယောက် သင်္ဘောပေါ်သို့ ကသုတ်ကရက်နှင့် ဆင်းလာသည်ကို လှမ်းမြင်ရလေသည်။

ထိုအချိန်မှာ ရေဝတီသင်္ဘောပေါ်တွင် အပေါ်ထပ် ရော အောက်ထပ်မှာပင် လိုက်ပါမည့် ခရီးသည်များက ပြည့်နေ လေပြီ။

ထိုင်စရာ မဆိုထားနှင့်၊ ခြေချစရာနေရာပင် မရှိ သလောက် ကျပ်နေသည်။

သင်္ဘောပေါ်သို့ ရောက်လာပြီးမှ ထိုင်စရာနေရာမရှိ ဖြစ်နေသော ထိုနှစ်ယောက်ကို လက်ယပ်လှမ်းခေါ်ပြီး ကျွန်ုပ်တို့ နေရာမှာပင် မျှတ၍ နေရာပေးလိုက်သောအခါ ထိုင်စရာ ရသွားကြလေသည်။

"တော်ပါသေးရဲ့ . . . အစ်ကိုတို့နဲ့ ပြန်တွေ့ရလို့သာပဲ မဟုတ်ရင်တော့ ဖျာပုံရောက်တဲ့အထိ ထိုင်စရာမရှိပဲ တစ်လမ်း လုံး မတ်တတ်ရပ်ပြီး လိုက်ရမယ့်ပုံပါပဲ၊ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"ရပါတယ်ဗျာ . . . ဒီလိုပဲ ခရီးသွားဖော်အချင်းချင်း အကူအညီ ပေးရမှာပေါ့၊ ဒါထက် ငါ့ညီမတို့က ဖျာပုံအထိ သွား မှာလား"

"ဟုတ်ပါတယ် . . . ကျွန်မတို့က ဖျာပုံမှာ နေကြတာပါ၊ အစ်ကိုတို့ကရော ဘယ်အထိ သွားကြမှာလဲဟင်"





"အစ်ကိုတို့က ရန်ကုန်ကပါ၊ ဖျာပုံကို ကိစ္စတစ်ခုရှိလို့ သွားကြမှာပါ"

"ဖျာပုံမှာ အသိအကျွမ်း ရှိသလားဟင်"

"ကျွန်တော်တို့တော့ မရှိပါဘူး၊ ဆရာကြီး စီစဉ်တဲ့ အတိုင်း နေရမှာပါ"

"တကယ်လို့ တခြားနေစရာတည်းစရာ မရှိခဲ့ရင် ကျွန်မ တို့အိမ်မှာ တည်းမယ်ဆိုရင် တည်းနိုင်ပါတယ်၊ ကျွန်မတို့က ဖျာပုံ မြောက်ပိုင်းဘက်မှာ နေပါတယ်၊ အိမ်မှာ အမေရယ် ကျွန်မတို့ မောင်နှမနှစ်ယောက်ရယ်၊ သုံးယောက်ပဲ ရှိတာပါ"

"အခုလိုပြောတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ငါ့ညီမတို့က ဖျာပုံမြောက်ပိုင်းဘက်မှာ နေတာဆိုတော့ ခရေပင် ဖောက်ထိုးနဲ့ နီးမှာပေါ့နော်"

"နီးပါတယ် . . . အစ်ကိုတို့က အဲဒီကို သွားကြမှာလား"

"ဗဟုသုတအနေနဲ့ သွားကြည့်မှာပါ"

"အဲဒီလိုဆိုလည်း ကျွန်မတို့အိမ်မှာ တည်းရင် အနီး လေးပေါ့"

"ဖျာပုံရောက်မှပဲ အဆင်ပြေသလို လုပ်ရမှာပါပဲ၊ ကြုံရင် တော့ လှည့်ဝင်ခဲ့ပါ့မယ်၊ ဒါထက် ငါ့ညီမနာမည်က ဘယ်လိုခေါ် သလဲဟင်"

"မြနှင်းဖြူလို့ ခေါ်ပါတယ်၊ မြောက်ပိုင်းဘက် ရောက်လို့ မေးလိုက်ရင် ဘယ်သူ့မေးမေး ရပါတယ်"

ဟု ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ စစ်တပ်မှ သဘောထွက်ခွာခွင့် အမိန့်ပေးသောကြောင့် မော်တင်ဆိပ်ကမ်းမှ စတင်ထွက်ခွာလာလေသည်။

သဘောစီး၍သွားရသော ခရီးများမှာ အဖော်မပါလျှင် လွန်စွာပျင်းရိငြီးငွေ့ဖွယ်ကောင်းသလောက် အဖော်ပါလျှင်တော့ စကားတပြောပြောနှင့် များစွာအဆင်ပြေလှပေသည်။

ဆရာကြီးသူရရှက သဘောစထွက်ကတည်းက ပုတီးစိပ်နေသလို ကျွန်ုပ်မှာလည်း အသင့်ထည့်ယူလာသော စာအုပ်များကို ဖတ်ရှုရင်း လိုက်လာကြသော်လည်း ဒေါက်တာမင်းထင်ကျော်မှာတော့ စကားပြောဖို့ အဖော်ရနေပြီဖြစ်၏။

အခြားမဟုတ်ပေ။

မြနှင်းဖြူနှင့် စကားလက်ဆုံ ကျလာခြင်းပင် ဖြစ်တော့သည်။ မြနှင်းဖြူမှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့် ရှိပြီး မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် ချောမောလှပသော အမျိုးသမီးတစ်ဦး ဖြစ်လေသည်။

၎င်းတို့နှစ်ယောက်မှာ ခရီးသွားရင်း စကားလက်ဆုံ ကျကာ ရင်းနှီးခင်မင်မှု ရှိနေကြပြီ ဖြစ်၏။

သဘောသည် ဖြေးဖြေးမှန်မှန်ဖြင့် သွားရိုးသွားစဉ်လမ်းမဟုတ်ဘဲ ပင်လယ်ဘက်မှ ကွေ့ပြီး မောင်းသဖြင့် ခရီးကြန့်ကြာလှပေသည်။

ဒေးဒရဲသို့ ရောက်သောအခါ ဆိပ်ကမ်းမှာ တစ်ညအိပ်ကြလေသည်။





ဒေးဒရဲ၌ ခရီးသည်အချို့ ဆင်းသွားသောကြောင့် အနည်းငယ်တော့ ချောင်သွားလေသည်။

ဒေးဒရဲမှ ထွက်လာပြီး ကျိုက်လတ်မြို့သို့ ဝင်ရန် ဘိုးတုတ်ဝချောင်းသို့ လှည့်ဝင်ရသည်။

ထိုနေရာသို့ ရောက်သောအခါ ချောင်းကျဉ်းပိုင်းရောက်သည်ကတစ်ကြောင်း၊ ရေတိမ်သောနေရာများလည်း ရှိသောကြောင့် သဘောတို စက်ရှိန်လျှော့မောင်းရလေသည်။

ဘိုးတုတ်ရွာ ရှိသောနေရာသို့ ရောက်သောအခါ ကမ်းတစ်ဖက်တစ်ချက်ပေါ်မှာ စောင့်ဆိုင်းနေသော သောင်းတျန်းသူများက စတင်ပစ်ခတ်ကြလေတော့သည်။

သေနတ်သံများ ကြားသောအခါ သဘောပေါ်မှာပါလာသော ခရီးသည်များမှာ ဆူဆူညံညံ အော်ဟစ်လျက် နီးရာနေရာများမှာ ပြားပြားဝပ်နေကြရသည်။

သဘောသားများက တစ်နေရာတည်းမှာသာ ဝပ်နေပြီး ထိုပြေးသည်ပြေး မပြေးကြရန် အော်ဟစ်သတိပေးနေကြရသည်။

သဘောပေါ်မှာ အစောင့်အဖြစ် လိုက်ပါလာသော အပ်မတော်သားများကလည်း ပြန်လှန်ပစ်ခတ်ကြရာ သေနတ်သံများမှာ ဆူညံလျက်ရှိနေလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က အနီးမှာ ရှိနေသည့် အထိတ်တလန့်ဖြစ်နေသော မြနှင်းဖြူကို ပခုံးမှ ဖက်ကာ ဝပ်ချထိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမဖော်နဲ့ မြနှင်းဖြူ ကြမ်းပေါ်မှာ ဝပ်နေ"

တု ပြောသဖြင့် မြနှင်းဖြူလည်း ပြားပြားဝပ်နေတော့သည်။

သင်္ဘောက အရှိန်မပျက် ဖြေးဖြေးမှန်မှန် ခုတ်မောင်းလာရာ နောက်ဆုံး ဘိုးတုတ်ချောင်းဝနှင့် အတန်ငယ် ဝေးသောနေရာ ရောက်လာသောအခါမှ သေနတ်သံများ ငြိမ်သွားလေတော့သည်။

ဒီတော့မှ စိတ်သက်သာရာ ရကြလေတော့သည်။

သင်္ဘောပေါ်မှ တာဝန်ရှိသူများက အေးချမ်းသွားပြီ ဖြစ်သောကြောင့် ပုံမှန်အတိုင်း နေနိုင်ကြပြီ ဖြစ်ကြောင်း လိုက်လံသတိပေးတော့မှ ခေါင်းထောင်ဝံ့ကြပြီး စကားပြောသံ၊ ရယ်မောသံများ ဆူညံစွာ ပြန်လည်ပေါ်ထွက်လာလေတော့သည်။

ရှေးခေတ်က ရေဝတီသင်္ဘောများနံဘေး၌ ကျည်ဆန်ကာနိုင်သော သံပြားအထူများ ကပ်ထားပေးသောကြောင့် ခရီးသည်များ အထိအခိုက်တော့ မရှိကြပေ။

"အစ်ကိုကို ဒီတစ်ခါလည်း ကျေးဇူးတင်ရပြန်ပြီ၊ ကြောက်ကြောက်လန့်လန့်နဲ့ ဒီအတိုင်းသာ နေရင် ကျည်ဆန်မှန်ချင်မှန်မှာ"

ဟု မြနှင်းဖြူက ပြောရာ ဒေါက်တာမင်းထင်ကျော်ကဘာမှပြန်မပြောပဲ ပြုံးရုံသာ ပြုံးပြလိုက်လေသည်။

ထို့နောက်မှာတော့ ကျိုက်လတ်မြို့သို့ ချောမောစွာရောက်ကြပြီး ထိုဆိပ်ကမ်းရောက်မှ ထမင်းဟင်းများ ဝယ်ယူ





စားသောက်ကြရလေသည်။

ကျိုက်လတ်မြို့ ဆိပ်ကမ်းတွင် ခရီးသည် အတော်များများ ဆင်းသွားကြပြန်ရာ ဖျာပုံမြို့သို့ လိုက်ပါမည့် ခရီးသည်မှာထက်ဝက်ခန့်သာ ကျန်တော့သဖြင့် ချောင်ချောင်ချိချိ နေကြရတော့သည်။

ထို့နောက် ကျိုက်လတ်မြို့မှ ထွက်လာခဲ့ရာ ညနေလေးနာရီအချိန်ခန့်တွင် ဖျာပုံမြို့သို့ ရောက်လေတော့သည်။

ကွန့်ုပ်တို့သည် ရန်ကုန်မြို့မှ ဖျာပုံမြို့ ရောက်လာသည့်တိုင် အခက်အခဲ အမျိုးမျိုးတို့ကို ကျော်ဖြတ်လာခဲ့ပြီး ဖျာပုံမြို့ရောက်သောအခါမှ အခက်အခဲတစ်ခုနှင့် ကြုံရလေတော့သည်။

ဖျာပုံမြို့တွင် တာဝန်ယူ အုပ်ချုပ်နေသော စစ်တပ်အရာရှိများက ခရီးသည်များကို မြို့ပေါ်သို့ ချက်ချင်းတက်ခွင့်မပေးရုံမက သင်္ဘောကိုပင် ဆိပ်ကမ်းသို့ ကပ်ခွင့်မပေးပဲ ရေလယ်၌ ကျောက်ချ၍ ရပ်ထားရသည်။

သင်္ဘောသားများ ပြောပြချက်အရ ဖျာပုံမြို့ပေါ်၌ပင် သောင်းကျန်းသူများ ရောက်နေသောကြောင့် ခရီးသည်များအတွက် အန္တရာယ်ရှိမည်စိုးသောကြောင့် တက်ခွင့်မပေးခြင်းဖြစ်ကြောင်း သိရလေသည်။

ခရီးသွားသူတို့၏ထုံးစံအတိုင်း မိမိသွားလိုသော အရပ်ဒေသသို့ ရောက်ခဲ့ပြီးမှ အပေါ်သို့ တက်ခွင့်မရသောအခါ ဖင်တကြွကြွဖြင့် ဂဏှာမငြိမ် ရှိနေကြသည်။

"ဆရာကြီးရာ. . . မြို့ကို မြင်နေရပြီးမှ အပေါ်မတက်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ထဲမှာ မတင်မကျနဲ့ဗျာ"

"ကိုမင်းအောင်ရယ်. . .ရန်ကုန်ကတောင်မှ ဖျာပုံဆိပ်ကမ်းတောင် ရောက်လာခဲ့ပြီးမှပဲ၊ အချိန်တန်တော့လည်း တက်ခွင့်ရမှာပေါ့"

ဟု ပြောနေစဉ် မှောင်ရီသမ်းစအချိန်တွင် ဖျာပုံဆိပ်ကမ်းဘက်မှ သင်္ဘောငယ်တစ်စင်း ထွက်လာပြီးနောက် သင်္ဘောသို့ လာကပ်လေသည်။

သင်္ဘောငယ်ပေါ်မှာ စစ်သားများနှင့် အရပ်ဘက်မှ တာဝန်ရှိသူများ ပါလာပြီး သင်္ဘောပေါ်အနှံ့ တက်ရောက်စစ်ဆေးကြရာ လူတစ်ယောက်က အနီးသို့ ရောက်လာလေသည်။

"ဟာ. . . အမေနဲ့ ညီမလေးတို့ ပြန်လာကြပြီလား၊ တဲ. . ကဲ. . အတော်ပဲ၊ ဟိုသင်္ဘောထဲကိုသာ ဆင်းနေနှင့်ကြ"

ဟု ပြောလေသည်။

နောက်မှ သိရသည်မှာ ထိုသူမှာ အရပ်ဘက်မှ လတ်နက်ကိုင်တစ်ဦးဖြစ်ပြီး မြနှင်းဖြူ၏အစ်ကိုပင် ဖြစ်တော့သည်။

"ကျွန်မတို့မှာ ဧည့်သည်တွေ ပါသေးတယ် အစ်ကိုရဲ့"

"ဘယ်မှာလဲ. . . ဘယ်သူတွေလဲ"

"ဒီအစ်ကိုတို့သုံးယောက်ပါ"

ထိုလူက ကျွန်ုပ်တို့သုံးယောက်ကို တစ်ချက်ကြည့်ပြီး. .

"ကဲ. . . ဒီလိုဖြင့်လည်း သူတို့ကိုပါ ခေါ်ပြီး သင်္ဘောထဲကို ဆင်းနေနှင့်ကြတော့"

ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း ဝမ်းမြောက်ဝမ်းသာဖြင့်





သင်္ဘောကြီးအပေါ်မှ သင်္ဘောငယ်ပေါ်သို့ ဆင်းကြလေသည်။ အတန်ကြာတော့ ထိုသင်္ဘောငယ်က ဆိပ်ကမ်းဘက်သို့ ပြန်မောင်းလာတာ တံတားတစ်ခုတွင် ဆိုက်ကပ်ပေးသဖြင့် ကမ်းပေါ် တက်ခွင့်ရလေသည်။

"ဘယ်လိုလဲ ကိုမင်းအောင်၊ အချိန်တန်တော့လည်း သူ့ဟာနဲ့သူ အဆင်ပြေပြီး ကမ်းပေါ် ရောက်ကြရပြီ မဟုတ်လား"

ဟု ဆရာကြီး သူရရွှေက ခပ်တိုးတိုး ပြောသဖြင့် ကျွန်ုပ်လည်း ကျေနပ်စွာ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"အစ်ကိုတို့က ဖျာပုံမှာ အသိမိတ်ဆွေ ရှိသလားဟင်"

ကမ်းပေါ် ရောက်သောအခါ မြနှင်းဖြူက မေးသည်။

"မရှိဘူး. . . အခုမှ ရောက်ဖူးကြတာ"

"အသိမရှိဘဲ ဒီအတိုင်း လျှောက်သွားနေရင် သောင်းကျန်းသူတွေနဲ့ တွေ့ရင် ဒုက္ခရောက်လိမ့်မယ်၊ သူတို့က မြို့ပေါ်မှာတောင် ရောက်နေကြပြီတဲ့၊ ဒီတော့ ဒီလိုလုပ်ပါ၊ လောလောဆယ် အစ်ကိုတို့သုံးယောက် ကျွန်မတို့အိမ်ကို လိုက်ခဲ့ကြပါ၊ နောက်လင်းတော့မှ သွားချင်တဲ့နေရာကို သွားကြပေါ့"

ဟု မြနှင်းဖြူက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ဆရာကြီးသူရရွှေနှင့် တိုင်ပင်ပြီးနောက် လိုက်သွားရန် သဘောတူကြလေသည်။

ထို့နောက်မှာတော့ မြနှင်းဖြူအစ်ကို မောင်ကျန်းမြတ်ကိုယ်တိုင် ဦးဆောင်ကာ ကျွန်ုပ်တို့သုံးယောက်စလုံးအား ၎င်းနေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ခေါ်သွားလေသည်။

ရင်းတို့ နေထိုင်သောနေအိမ်မှာ ဖျာပုံမြို့ မြောက်ပိုင်း အရပ်ဘက်၌ ရှိပြီး ကျွန်ုပ်တို့ သွားလိုသော ခရေပင်ဇောက်ထိုး ရှိရာနှင့်လည်း မဝေးလှသောကြောင့် ထိုမျှ အဆင်ပြေအောင် သိဒ္ဓိပေါက် ပုဂ္ဂိုလ်များက စီစဉ်ပေးနေရော့သလားဟုပင် စိတ်ထဲမှ ထင်မိလေသည်။

ရင်းတို့ နေထိုင်သောအိမ်သို့ ရောက်သောအခါ မြနှင်းဖြူ ပြောပြသကဲ့သို့ပင် ရှေးအခါက အိမ်ကြီးတစ်ဆောင်ဖြစ်ပြီး ကျယ်ကျယ်ဝန်းဝန်း ရှိလှပေသည်။ မြနှင်းဖြူတို့သားအမိက ကျွန်ုပ်တို့ ညစာစားသောက်ရန် ချက်ပြုတ်စီမံနေစဉ် အစ်ကိုဖြစ်သူက ကျွန်ုပ်တို့ ရှိရာသို့ လာရောက်ကာ မိတ်ဖွဲ့ ညှိခံလေသည်။

"ကျွန်တော့်နာမည်က မောင်ထွန်းမြတ်လို့ ခေါ်ပါတယ်၊ ကျွန်တော်တို့မှာ အမေနဲ့ မောင်နှမနှစ်ယောက်ပဲ ရှိကြပါတယ်"

"ဒါထက် ကိုထွန်းမြတ်က စစ်တပ်မှာ လုပ်နေတာလား"

"ကျွန်တော်က စစ်သားမဟုတ်ပါဘူး၊ ပြည်သူ့ရဲဘော် တစ်ယောက်ပါ၊ ဖျာပုံကို သူပုန်တွေ တက်လာလို့ ဝင်ပြီး အကူအညီပေးနေတာပါ။ ဒါထက် ဆရာကြီးတို့က ဖျာပုံကို ဘယ်လို ကိစ္စမျိုး ရှိလို့ လာကြတာပါလဲ၊ စပ်စုတာတော့ မဟုတ်ပါဘူး အကူအညီပေးနိုင်ရင် ပေးရအောင်လို့ မေးတာပါ"

ဟု ပွင့်ပွင့်လင်းလင်း မေးလေသည်။

"ကျွန်တော်တို့က နိုင်ငံရေးကိစ္စ၊ စီးပွားရေးကိစ္စနဲ့ လာကြတာတော့ မဟုတ်ပါဘူး"





"ဒါကတော့ မြင်ရုံနဲ့ သိသာပါတယ်"

"ကျွန်တော့်နာမည်က မင်းထင်ကျော်ပါ၊ သူက စာရေးဆရာ အောင်မင်းအောင်၊ ဒါကတော့ ကျွန်တော်တို့ဆရာကြီး သူရဋ္ဌပါ"

မောင်ထွန်းမြတ်က ခေါင်းညိတ်ပြသည်။

ထိုအခါ ဆရာကြီး သူရဋ္ဌက ဆက်ပြောပြသည်။

"လာရင်းကိစ္စကတော့ ခရေပင်ဇောက်ထိုးရှိတဲ့နေရာကို သွားလာချင်လို့ပါပဲ"

"ဒီနေရာက သိုက်ကြမ်းတဲ့နေရာမို့ ဘယ်သူမှ မသွားလာဝံ့တဲ့နေရာပဲ၊ အနည်းဆုံး အဲဒီသစ်ပင် ရှိတဲ့နေရာကို အောင် မသွားဝံ့ကြဘူး"

"ဘယ်လိုဖြစ်လို့လဲ မောင်ထွန်းမြတ်ရဲ့"

"အဲဒီနေရာ သွားတာနဲ့ အခြောက်အလှန့် ခံချင်ခံရ မှမဟုတ်ရင် ဖမ်းစားခံရတယ်၊ ခရေပင် ဇောက်ထိုးသိုက် ဆိုတာ ဒီနယ်တစ်ဝိုက်မှာတော့ နာမည်သိပ်ကြီးတာပေါ့"

ထိုစကားကြားသောအခါ ဆရာကြီးသူရဋ္ဌက ကွမ်း မြုံ့ဝါးနေရာမှ တစ်ချက်ပြုံးလိုက်သည်။

"ခရေပင်ဇောက်ထိုးမှာ ရှိတာက ဥစ္စာသိုက် မဟုတ်ပါ ဘူး မောင်ထွန်းမြတ်ရဲ့၊ ဥစ္စာသိုက် ရှိတဲ့နေရာက တစ်နေရာပါ"

ထိုစကားကြားသောအခါ မောင်ထွန်းမြတ်မှာ များစွာ အံ့သြသွားဟန် ရှိလေသည်။

"ဆရာကြီးက ဘယ်လိုများ သိနေတာပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ မေးရင်းမြန်းရင်းနဲ့ပဲ သိရတာပေါ့"

"ဒါထက် တစ်ခုတော့ မေးပါရစေ"

"မေးပါ မောင်ရယ်"

"ဆရာကြီးတို့က သိုက်ဆရာတွေများလား၊ သိုက်တူးဖ အောင် လာကြတာလားဟင်"

"မဟုတ်ပါဘူး မောင်ထွန်းမြတ်ရယ်၊ ကျုပ်တို့က သိုက် ဆရာတွေ မဟုတ်သလို သိုက်တူးရအောင် လာကြတာ မဟုတ်ပါဘူး၊ အမှန်ပြောရရင်ဖြင့် ပညာရပ်နဲ့ သက်ဆိုင်တဲ့ကိ တွေအတွက် ဒီနေရာကို လာကြတာပါ"

ထိုစကားကြားသောအခါ မောင်ထွန်းမြတ်မျက်နှာမှ ဘဝင်ကျသွားသော အမူအရာဖြင့် ပြုံးရွှင်သွားလေတော့သည်

"ဟန်ကျတာပဲ. . . ကျွန်တော်ကလည်း အဲဒီလိုပညာ ရပ်တွေကို သိပ်ပြီးဝါသနာပါတာပဲ၊ ဆရာကြီးတို့ ရောက်နေတ အခိုက်မှာ ဆရာကြီးတို့နောက်ကို လိုက်ပြီးတော့ လေ့လာချင်ရ ရပါသလားခင်ဗျာ"

"အင်း. . . ဒါကတော့ လျှို့ဝှက်တဲ့ကိစ္စမျိုးတွေဆိုတော့ ရတဲ့နေရာ ရှိသလို မရတဲ့နေရာမျိုးလည်း ရှိတာပေါ့"

"ကိစ္စမရှိပါဘူးခင်ဗျာ. . . လေ့လာခွင့်ရတာကိုပဲ ကျေ နပ်လှပါပြီ၊ ဒါထက် ဆရာကြီးတို့ လိုတဲ့ကိစ္စများ ရှိရင်လည် ကျွန်တော့်ကို တပည့်တစ်ယောက်လို သဘောထားပြီးတော့ အသုံးပြုနိုင်ပါတယ်ခင်ဗျာ"

ဟု မောင်ထွန်းမြတ်က ရိုကျိုးသော အမူအယာမျိုးဖြ





ပြောလိုက်လေသည်။

ဆရာကြီး သူရဿက ခေါင်းညိတ်ပြလိုက်လေသည်။

"မနက်ဖြန်တော့ ကျူတဖွန်းဘက် ခဏသွားရဦးမယ်၊ အဲဒီဘက်တွေရော အေးချမ်းရဲ့လား"

"ဘယ်အေးချမ်းမှာလဲ ဆရာကြီးရယ်၊ ကျူကဖွန်းက သူပုန်လက်အောက် ရောက်နေမှတော့ ဘယ်မှာ အေးချမ်းနိုင်ပါ့ လဲ၊ ဒါထက် ဆရာကြီးတို့က အရေးသိပ်ကြီးတဲ့ကိစ္စမျိုး ရှိလို့ ားဟင်၊ ဖြစ်နိုင်ရင်တော့ မသွားစေချင်ဘူး၊ သူပုန်တွေနဲ့ တိုး င် လွယ်မှာမဟုတ်ဘူး"

"ကိစ္စမရှိပါဘူးကွယ်. . . ကျုပ်တို့က သူတို့နဲ့ ရန်သူတွေ မဟုတ်တာ၊ သူတို့ ရန်မမူနိုင်ပါဘူး"

ထိုစကားကြားသောအခါ မောင်ထွန်းမြတ်က အတန် ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှ. . .

"ဆရာကြီးတို့ သွားရင် ကျွန်တော်ပါ လိုက်ခဲ့မယ်ဗျာ"

"ဖြစ်ပါ့မလားကွယ်. . . မောင်ရင်က ပြည်သူ့ရဲဘော် စ်ယောက်ဆိုတော့ မတော်တဆ သူတို့နဲ့ တိုးလို့ မှတ်မိသွား င် အခက်တွေ့သွားနိုင်တယ်"

"ကျွန်တော် မကြောက်ပါဘူး၊ ရုပ်ဖျက်ပြီး လိုက်ခဲ့ပါ့ ယ်"

ဟု ပြောလေရာ ဆရာကြီး သူရဿလည်း ဘာမှ ပြန် ပြောဘဲ စဉ်းစားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် မြန်မာပြည်မြောက်ပိုင်း ထမင်းပွဲများ ပြင်ဆင်ထား ပြီးကြောင်း လာပြောသဖြင့် စကားရပ်ကာ ထသွားကြလေတော့ သည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များက ဖုံးအုပ်စ ပြုနေပြီ၊ ညအချိန်ရောက်လာသောအခါ မြို့စွန်ဘက်ဖျားဆီမှ သေနတ်သံများကို မပြတ်ကြားနေရလေသည်။





# အခန်း(၁၂)

## လမ်းဦး တွေ့သော အန္တရာယ်

နောက်တစ်နေ့ နံနက်စောစောမှာတော့ မောင်ထွန်း မြတ်က ရင်းမိတ်ဆွေတစ်ဦးထံမှ ဂျစ်ကားတစ်စီး ငှားယူလာ သည်။ ဂျစ်ကားပေါ်မှာလည်း ဓါတ်ဆီအပိုထည့်ထားသော သံပုံး တစ်ပုံး ပါလာသေးသည်။

မောင်ထွန်းမြတ်မှာ သာမန်ဟောင်းနွမ်းသော အဝတ် အစားများကို ဝတ်ဆင်ထားပြီး ခမောက်တစ်လုံးကို ဆောင်းထား သည်။ ခရီးထွက်ကာနီးအချိန်တွင် ဆရာကြီး သူရရှင်က ဘျှန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်အား ၎င်းစီရင်ထားသော ဓါတ်လုံးတစ်လုံးစီ ပေးထားလေသည်။

"ဒီဓါတ်လုံးလေးတွေကို ကိုယ်နဲ့မခွာထားကြ၊ တကယ်လို့ အရေးကြုံလာရင်လည်း ဘာမှ မကြောက်ကြနဲ့၊ တစ်လမ်းလုံး ဘုရားတရားဂုဏ်တော်တွေကိုသာ စိတ်ထဲက အာရုံပြုပြီး သွားကြရင် ဘယ်လိုအန္တရာယ်မျိုးမှ ကိုယ့်အပေါ် မကျရောက်နိုင်ဘူး"

ဟု မှာကြားလေသည်။

ကားထွက်သောအခါ ဒေါက်တာမင်းထင်ကျော်က ကားမောင်းပြီး မောင်ထွန်းမြတ်က လမ်းပြပေးရန်အတွက် နံဘေးမှ ထိုင်လိုက်သည်။

ဆရာကြီးသူရရွှေနှင့် ကျွန်ုပ်တို့ နှစ်ယောက်က နောက်ဘက်အခန်းမှာ ထိုင်လိုက်ကြလေသည်။

ဖျာပုံမြို့မှ ထွက်ပြီး တောင်ဘက်သို့ သွားသောလမ်းအတိုင်း ခရီးဆက်ခဲ့ကြရာ လမ်းခရီးမှာတော့ အနှောင့်အယှက်များနှင့် မတွေ့ကြရပေ။

လမ်းရောက်တော့မှ ကျွန်ုပ်က မေးရသည်။

"ဆရာကြီး. . . ခရေပင်ဇောက်ထိုးကို သွားရမယ့်ကိစ္စက အခု ကျုံကဒွန်းကိစ္စက ဘယ်လိုပေါ်လာရတာလဲ"

"ကျုံကဒွန်းက ကျုပ်သဘောနဲ့ သွားချင်လို့ သွားရတာ မဟုတ်ပါဘူး၊ ပုရပိုဒ်အညွှန်းမှာ ပါတဲ့အတိုင်း သွားရတဲ့ကိစ္စပါ"

"ပုရပိုဒ်ထဲမှာ ဘယ်လိုများ ရေးထားလို့လဲ ဆရာကြီး"

"အခု ကျုပ်တို့ ရထားတဲ့ ပုရပိုဒ်အပြင် နောက်ထပ်





အညွှန်းပြနိုင်တဲ့ ပုရပိုဒ်တစ်ခုကို ရှာရဦးမယ်လို့ ပါတယ်"

"ဘယ်နေရာမှာ ရှာရမတဲ့လဲ ဆရာကြီး"

"ကျုံကဒွန်းရွာရဲ့မြောက်ဘက်မှာ အောင်သီတာဘုရားဆိုတာ ရှိတယ်၊ အဲဒီဘုရားရဲ့မြောက်ဖက်မျက်နှာမှာ အရိုးဂူလိုလိုလုပ်ထားတာ ရှိလိမ့်မယ်၊ အဲဒီအရိုးဂူကို တွေ့တာနဲ့ အတွင်းဘက်ကို ခြေလှမ်းမှန်မှန်နဲ့ (၁၈)လှမ်း လှမ်းရင် ကျောက်တုံးတစ်တုံး တွေ့ရမယ်"

"တယ်လည်း သေချာပါလား ဆရာကြီး"

"ရှေးက လူတွေက အလုပ်တစ်ခုခု လုပ်တဲ့အခါမှာ ဘယ်တော့မှ နမော်မဲ့ နမာမဲ့ လုပ်လေ့မရှိကြဘူး၊ သူတို့ပြောချင်တဲ့ကိစ္စကို နေရာနဲ့တကွ စနစ်တကျ ပြောလေ့ရှိကြတယ်"

"ဟုတ်ကဲ့. . . ပြောပါဦး ဆရာကြီး၊ ကျောက်တုံးတွေ့ရင် ဘယ်လိုဆက်လုပ်ရမတဲ့လဲ"

"အဲဒီကျောက်တုံးအောက်ကို လှန်ကြည့်ရင် အင်ကြင်းသားနဲ့ လုပ်ထားတဲ့ သေတ္တာတစ်လုံး တွေ့ရလိမ့်မယ်"

"သေတ္တာက ကြေးတို့ သံတို့နဲ့ မလုပ်ပဲ ဘာကြောင့် အင်ကြင်းသားနဲ့ လုပ်တာလဲ ဆရာကြီး"

"ကြေးတို့ သံတို့က နှစ်ပေါင်းကြာလာလို့ ဆားငန်ရေဓါတ်နဲ့ ထိရင် ဆွေးမြေ့ပျက်စီးနိုင်တယ်၊ အင်ကြင်းသားက မဆွေးဘူး၊ ကြာလာတာနဲ့ ကျောက်ဖြစ်သွားတယ်၊ အင်ကြင်းကျောက်ဆိုတာ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအင်ကြင်းကျောက် သေတ္တာအဖုံးကို ဖွင့်လိုက်တာနဲ့ အတွင်းက မီးခိုးလိုလို ပြာမှုန့်လိုလို အခိုးအငွေ့တွေ ထွက်လာလိမ့်မယ်၊ သေတ္တာဖွင့်တဲ့သူက အဲ့ဒီအခိုးအငွေ့တွေနဲ့ မထိမိအောင် ဝေးဝေးမှာ နေရမယ်ဆိုတာလည်း ပါသေးတယ်"

"အတော့်ကို စေ့စပ်သေချာလှပါတယ်"

"သေချာတာပေါ့ ကိုမင်းအောင်ရယ်၊ ဒီကိစ္စတွေက သာမန်ကိစ္စမျိုးတွေမှ မဟုတ်တာ၊ ပရလောကသားတွေနဲ့ ပတ်သက်နေလေတော့ အမှားလုပ်မိတာနဲ့ ဘေးဆိုးအန္တရာယ်တွေနဲ့ တွေ့ရမှာ မုချပဲ"

"ကျောက်သေတ္တာအတွင်းမှာ ဘာတွေရှိသလဲ ဆရာကြီး"

"ခရေပင်ဖောက်ထိုးနဲ့ ပတ်သက်တဲ့အညွှန်းတွေ ရှိတယ်၊ ဒါပေမယ့် ဒီအတိုင်းတော့ ယူလို့မရဘူး၊ အစောင့်အရှောက်က အင်းဘီလူးကို ထားတာဆိုတော့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ပူဇော်ပသ ခွင့်ပြုချက်တောင်းပြီးမှ ယူလို့ရမယ်"

ကျွန်ုပ်နှင့် ဆရာကြီးတို့ နောက်ဖက်မှ ပြောနေသော စကားများကို ရှေ့မှာ ထိုင်နေသော မောင်ထွန်းမြတ်မှာ ကြားတစ်ချက် မကြားတစ်ချက်နှင့် ရှိနေသော်လည်း များစွာစိတ်ဝင်စားနေဟန် ရှိလေသည်။

စကားတပြောပြောနှင့် မောင်းလာကြရာ ဂျစ်ကားသည် ဖျာပုံမြို့တောင်ဘက် (၆)မိုင်ခန့် ရောက်လာသောအခါ အန္တရာယ်တစ်ခုနှင့် တွေ့ရလေသည်။





အခြားမဟုတ်ပေ။

လမ်းဘေးရှိ သစ်တောများအတွင်းမှ သောင်းကျန်းသူများ ထွက်လာပြီး သေနတ်ဖြင့် ချိန်ကာ ဂျစ်ကားကို ရပ်ခိုင်းနေသောကြောင့် ဒေါက်တာမင်းထင်ကျော်က အရှိန်လျှော့ချလိုက်သည်။

"မောင်းသာမောင်းပါ မောင်ထင်ကျော်ရယ်. . . အချိန်ကုန်ပါတယ်"

ဟု နောက်မှ ဆရာကြီး ပြောလိုက်တော့မှ စက်ရှိန်ကို မြှင့်ပြီး ဆက်မောင်းရာ နောက်မှ သေနတ်ဖြင့် လှမ်းပစ်ကြလေသည်။

"ဒိုင်း. . ဒိုင်း. . ဒိုင်း"

ကျည်ဆန်များက ဗိတုန်းကောင်များပမာ နောက်မှ လိုက်လာသော်လည်း လူရောကားပါ တစ်ချက်ကလေးမှ ကျည်ဆန်မထိပေ။

ထိုအခြေအနေကို မြင်သောအခါ မောင်ထွန်းမြတ်မှာ အံ့ဩနေဟန်ရှိလေသည်။

နောက်ထပ်တစ်မိုင်ခန့် ရောက်သောအခါမှာတော့ ကားလမ်းမပေါ်မှာ လူလေးယောက် တန်းစီရပ်နေပြီး ဂျစ်ကားဘက်သို့ သေနတ်ဖြင့် ချိန်ထားကြလေသည်။

"ရပ်ပေးလိုက်ပါတွယ်. . . လူကို ကားနဲ့ တိုက်မိရင် တိုယ့်အပေါ်မှာ အပြစ်ဖြစ်နေပါဦးမယ်"

ဟု ပြောသဖြင့် ဂျစ်ကားကို မနီးမဝေးမှာ ရပ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အားလုံး ကားပေါ်က ဆင်းကြစမ်း"

ခေါင်းဆောင်လုပ်သူက အမိန့်ပေးသောကြောင့် လေးယောက်သား ဂျစ်ကားပေါ်မှ ဆင်းလိုက်ကြသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ. . . ဘယ်သွားမှာလဲ"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ရှေ့သို့ ထွက်လာသည်။

"ကျွန်တော်တို့က ဘုရားဖူးလာတဲ့ ဧည့်သည်တွေပါ။ ကျိုက္ခွန်းကို သွားမလို့ပါ"

"ခင်ဗျားတို့ ကြည့်ရတာ အစိုးရစစ်တပ်နဲ့ ပတ်သက်တဲ့ လူတွေ ဖြစ်ရမယ်၊ ဒါကြောင့် ဂျစ်ကားတွေဘာတွေ စီးလာနိုင်တာပေါ့။ ဟုတ်တယ် မဟုတ်လား"

"ကျွန်တော်တို့က ရိုးရိုးပြည်သူတွေပါ။ ဘယ်သူနဲ့မှ မပတ်သက်ပါဘူး"

"ခင်ဗျားပြောတိုင်း မယုံနိုင်ဘူး၊ ဟော့. . . သူတို့ကို အသေအချာ စစ်ကြည့်စမ်း"

ဟု အမိန့်ပေးလိုက်ရာ ကျန်နှစ်ယောက်က သေနတ်ဖြင့် ချိန်ထားပြီး ကျန်နှစ်ယောက်က ဂျစ်ကားပေါ် အနံ့ရှာရုံမက လူများကို တစ်ယောက်ချင်း လိုက်လံရှာဖွေရင်း တစ်ယောက်က မောင်ထွန်းမြတ်ကို ကြည့်ပြီး မှတ်မိသွားဟန်ရှိသည်။

"မင်း ဘယ်သူလဲ"

"ကျုပ် သူတို့နဲ့ အဖော်လိုက်လာတာပါ"





"မင်း ဖျာပုံမှာ နေတာမဟုတ်လား"

"မဟုတ်ပါဘူး"

"မင်း မညာနဲ့ မင်းမျက်နှာကို ငါ ကောင်းကောင်း မှတ်မိတယ်၊ မင်း ပြည်သူ့ရဲဘော်ကလူ မဟုတ်လား"

"မဟုတ်ပါဘူး"

မောင်ထွန်းမြတ်က ငြင်းသော်လည်း သောင်းကျန်းသူများက ယုံကြည်ဟန် မရှိကြပေ။

ထို့နောက် သောင်းကျန်းသူတစ်ယောက်က ခေါင်းဆောင်လုပ်သူကို တိုးတိုးကပ်ပြောလိုက်သည်။

"ဒီလိုဆိုရင် အဲဒီတစ်ယောက်ကို ခေါ်ထားလိုက်ကွာ၊ ကျန်တဲ့သုံးယောက်တော့ သွားပစေတော့"

ဟု ပြောလိုက်ရာ မောင်ထွန်းမြတ်မှာ မျက်စိမျက်နှာ ပျက်သွားလေသည်။

သောင်းကျန်းသူနှစ်ယောက်က မောင်ထွန်းမြတ်ကို ဖမ်းဆီးရန် ရှေ့သို့ တိုးလာသောအခါ ဒေါက်တာမင်းထင်ကျော်က ကြားမှ ဝင်ရပ်လိုက်သည်။

"ငါတို့ လူကောင်းတွေပါလို့ ပြောပြီးသားပဲ၊ ငါတို့လူကို ဖမ်းစရာ မလိုဘူး"

ထိုသို့ လေသံမာမာဖြင့် ပြောသောအခါ ခေါင်းဆောင်လုပ်သူက ရှေ့သို့ တိုးလာပြီး ဒေါက်တာမင်းထင်ကျော် ရင်ဝကို သေနတ်ဒင်ဖြင့် ဆောင့်ချလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ကိုယ်ကို စောင်းပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သေနတ်ကို ဖမ်းဆုပ်ထားလိုက်သည်။

သောင်းကျန်းသူက အတင်းပြန်ဆွဲသော်လည်း မရ တော့ပေ။ ထိုအချိန်မှာ နှစ်ယောက်သား နီးကပ်စွာ ရှိနေကြလေ သည်။

ကျန်သုံးယောက်ကလည်း တအံ့တဩဖြစ်ကာ သေ နတ်ဖြင့် ချိန်ထားသော်လည်း တစ်ချက်မှ မပစ်ကြသေးပေ။

နံဘေးမှာ ရပ်နေကြသော ကျွန်ုပ်တို့ သုံးယောက်မှာ လည်း ပွဲကြည့်ပရိသတ်ပမာ အေးအေးဆေးဆေးပင် ကြည့်နေ ကြလေသည်။

"မင်းတို့က လက်နက်ရှိတိုင်း အပြစ်မရှိတဲ့လူတွေကို နည်းအမျိုးမျိုးနဲ့ နှိပ်စက်ချင်ကြတယ်၊ ဒါပေမယ့် လူတိုင်းကိုတော့ မင်းတို့ နှိပ်စက်တိုင်း မရဘူးဆိုတာ မှတ်ထား"

သောင်းကျန်းသူက ဒေါက်တာမင်းထင်ကျော်ကို မျက် လုံးပြူးကြီးဖြင့် မော့ကြည့်နေသည်။

"မင်းနဲ့ငါ ပြိုင်ပွဲတစ်ခု လုပ်မယ်. . . ဘယ်လိုလဲ"

"ဘယ်လိုပြိုင်ပွဲလဲ"

"သေနတ်နဲ့ တစ်ယောက်တစ်ချက် ပစ်မယ်၊ ဒါပေမယ့် မင်းကို အခွင့်အရေးပေးတဲ့အနေနဲ့ မင်းကို အရင်ပစ်ခွင့်ပေး မယ်၊ ပြီးမှ ငါပစ်မယ်၊ ဘယ်လိုသဘောရသလဲ"

"စိမ်လိုက်လေ. . . ဒီလိုပွဲမျိုးကတော့ ဘာငြင်းစရာ ရှိ မလဲ"

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို ပြန်လွှတ်ပေး





လိုက်ပြီး နံဘေးသို့ ထွက်ရပ်ပေးလိုက်သည်။

"ကဲ. . . မင်းအလှည့်ပဲ၊ ပစ်ပေတော့"

သောင်းကျန်းသူက ကျည်ထိုးမောင်းတင်ကာ ရင်ဝကို တေ့၍ မောင်းဖြုတ်လေသည်။

"ချောက်"

သောင်းကျန်းသူ လေးယောက်စလုံး မျက်လုံးပြူးသွား ကြသည်။

နောက်တစ်ချက် ထပ်ပစ်ပြန်သည်။

ကျည်ဆန်က လုံးဝမထွက်ပေ. . .။

သို့ကြောင့်. . .

ထိုသေနတ်ကို ပစ်ချပြီး အခြားသူများထံမှ သေနတ် များကို ယူ၍ပစ်သော်လည်း ကျည်ဆန်က တစ်ချက်မှ မထွက် သောကြောင့် သောင်းကျန်းသူ လေးယောက်စလုံး မျက်လုံးပြူး ကာ ချွေးပြန်နေလေပြီ။

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"မင်းတို့ အားကိုးတဲ့ သေနတ်တွေကလည်း တစ်လက်မှ မကောင်းပါလား၊ ကဲ. . . ငါ့အလှည့်ရောက်ပြီ၊ အဲဒီသေနတ်နဲ့ပဲ ပစ်ပါ့မယ်၊ မင်း နောက်မှာ ဆုတ်ရပ်လိုက်ပေတော့"

ဟု ပြောရာ သောင်းကျန်းသူက သူ့အလှည့် ရောက် သောအခါ ကြောက်ကြောက်လန့်လန့်ဖြင့် နောက်သို့ ဆုတ်သွား လေသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က စောစောက ပစ်ချ



www.burmeseclassic.com

www.burmeseclassic.com



ထားသော ရှိုင်ဖယ်သေနတ်ကို ကောက်ယူပြီး ကျည်ထိုး မောင်းထင်တာ လျှပ်တစ်ပြက် ပစ်ချလိုက်လေသည်။

"ဒိုင်း . . ."

သောင်းကျန်းသူ ခေါင်းပေါ်မှာ ဆောင်းထားသော ဦးထုပ်မှာ လွင့်စဉ်ထွက်သွားလေတော့သည်။

ဆက်တိုက်ပင် ကျန်သုံးယောက် ခေါင်းပေါ်မှာ ဆောင်းထားသော ဦးထုပ်များကို တစ်လုံးပြီးတစ်လုံး ပစ်ချလိုက်ရာ လွင့်ထွက်သွားကြလေတော့သည်။

ထိုအခါမှ သောင်းကျန်းသူ လေးယောက်စလုံး မြေပေါ်မှာ ဒူးထောက်ပြီး တောင်းပန်ကြလေတော့သည်။

"ကျွန်တော်တို့ရဲ့အသက်ကို ချမ်းသာပေးပါ ဆရာကြီး၊ နောက်ကိုလည်း ဒီလို မလုပ်တော့ပါဘူး၊ ဆရာကြီးတို့လို လူမျိုးကိုလည်း တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး"

ဟု ပြောကြတော့မှ သေနတ်ကို ပြန်ချပေးခဲ့ပြီး လေးယောက်သား ဂျစ်ကားပေါ် ပြန်တက်ကာ ထိုနေရာမှ မောင်းထွက်ခဲ့ကြလေတော့သည်။

အတော်ဝေးဝေးရောက်မှ နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ စောစောက နေရာ၌ သောင်းကျန်းသူ လေးယောက်စလုံး မရှိတော့ပေ။





အခန်း(၁၃)

# အရိုးပုအတွင်းမှ ပဏ္ဍာစာသားများ

ကျွဲကခွန်းရွာသို့ ရောက်သွားကြပြီးနောက်တွင် အောင်သီတာဘုရားသို့ ရောက်ရန်ကိစ္စမှာ သိပ်မခက်ခဲလှတော့ပေ။ ရွာခံများကို မေးမြန်းပြီးနောက် သွားကြရာ နောက်ဆုံး အောင်သီတာဘုရား ရှိရာသို့ ရောက်သွားကြလေသည်။

ဘုရားမှာ ရွာနှင့် အတန်ငယ် ဝေးသောနေရာ၌ ရှိသောကြောင့် ထိုနေရာတဝိုက်တွင် လူနေအိမ်ခြေ မရှိဘဲ ချုံနွယ်ပိတ်ပေါင်းအချို့သာ ရှိပေသည်။

ကျွဲကခွန်းသည် ဗင်လယ်ဒီရေတောက်ရာအရပ် ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုနေရာတဝိုက်တွင် ပေါက်သောအပင်များမှာ ဒီရေတောတက်ရာအရပ်၌ ပေါက်သော သစ်ပင်များသာ အတွေ့ရများလေသည်။

ကျွံတဒွန်းသည် မြန်မာနိုင်ငံတောင်ဘက်အစွန်း ပင်လယ် ဒီရေတက်ရာအရပ်တစ်ခုတွင် ပါဝင်လေသည်။

၎င်း၏တောင်ဘက်သို့ ခရီးဆက်ပါက ဒေါ်ညိမ်း၊ ဆိပ်မ စသောနေရာများသာ ရှိတော့ပြီး ထိုနေရာမှ လွန်လျှင် ပင်လယ်မြင်သာ ရှိတော့ပေသည်။

အောင်သီတာဘုရားရှိရာသို့ ရောက်သောအခါ ဆရာကြီးသူရရွှေက အပြောအဆို စကားမလွန်ကြရန်နှင့် အစစအရာရာ သတိရှိကြစေရန် သတိပေးထားလေသည်။

အချိန်ကလည်း မွန်းလွဲပိုင်းအချိန်ပင် ကျော်လွန်လာခဲ့လေပြီ။ ဘုရားသို့ ရောက်သောအခါ ဆရာကြီးသူရရွှေက ဘုရားရှိခိုးပြီး မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့အား မေတ္တာပို့ တိုင်တည်ပြီးနောက် ဘုရားတစ်ပတ်လှည့်ကြရာ မြောက်ဘက်ရောက်သောအခါ အရိုးဂူနှင့် သဏ္ဌာန်တူသောအရာကို တွေ့ရသည်။

မူလက ထုံးသုတ်ထားဟန်ရှိသော်လည်း ယခုအခါမှာတော့ ရေညှိများကြောင့် အမည်းရောင် သန်းနေချေပြီ။

အရိုးဂူတဝိုက်တွင် အမှောင်ရိပ်များရှိနေရုံမက သစ်ပင်ချုံနွယ်များလည်း ရှိနေသည်။

ဆရာကြီးသူရရွှေက ဒေါက်တာမင်းထင်ကျော်အား ခေါ်





ပြီး ဆေးအချို့ကို ပေးသည်။

ထို့နောက် အနက်ရောင်ပုဝါတစ်ထည်ကိုလည်း ပေးသည်။

"မောင်ထင်ကျော်. . အတိုက်အခိုက် အနှောင့်အယှက်တွေတော့ ရှိကောင်းရှိနိုင်တယ်၊ ကျုပ်က အစီအရင် လုပ်နေတဲ့အခါ အနှောင့်အယှက်တွေ လာကောင်းလာလိမ့်မယ်၊ ဒါပေမယ့် ဘာမှ မကြောက်ပါနဲ့"

"မကြောက်ပါဘူး ဆရာကြီး"

"အကြောင်းရှိလာရင် ကျုပ်ပေးထားတဲ့ဆေးတွေကို သုံးနိုင်တယ်"

"ကျွန်တော်ကမှ သူတို့ကို မမြင်ရတာ၊ ဘယ်လိုသိနိုင်မလဲ ဆရာကြီး"

"စိတ်မပူပါနဲ့. . . ကျုပ်ပေးထားတဲ့ပုဝါကို မျက်နှာပေါ်မှာ အုပ်စည်းထားရင် ပရလောကသားတွေကို တွေ့မြင်ရလိမ့်မယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မျက်နှာပေါ်မှာ အုပ်၍စည်းလိုက်လေသည်။

မူလစည်းလိုက်စဉ်က မီးခိုးငွေ့များကဲ့သို့ ဝေ့ဝဲသွားသော်လည်း အတန်ကြာသောအခါ ပတ်ဝန်းကျင်အခြေအနေကို မြင်လာရသည်။

သို့သော် ထွေထွေထူးထူးတော့ ဘာမှမတွေ့ရသေးပေ။ ဆရာကြီးသူရရွှေက အရိုးဂူအနီးမှာ ဖယောင်းတိုင်များ ထွန်းလိုက်လံ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနေလေသည်။

ထိုအခိုက်မှာပင် ကျယ်လောင်သော အသံတစ်သံကို ကြားလိုက်ရလေသည်။

ထိုအသံမှာ ကြားရသူတို့ ကျောစိမ့်သွားလောက်သော အသံမျိုး ဖြစ်သောကြောင့် ကျန်နှစ်ယောက် ရှိရာသို့ လှည့်ကြည့်လိုက်သောအခါ ၎င်းတို့မှာ ဘာမှမကြားရသကဲ့သို့ အေးအေးဆေးဆေး ရှိနေကြသောကြောင့် အံ့သြသွားလေသည်။

ထိုအသံကြီးကို ဆရာကြီးလည်း ကြားလိုက်ရဟန်ဖြင့် သူ့ဘက်သို့ တစ်ချက်လှည့်ကြည့်သောကြောင့် ခေါင်းညိတ်ပြလိုက်သည်။

ဆရာကြီးသူရဿကတော့ ဖယောင်းတိုင်မီးများ ထွန်းလိုက်၊ ဂါထာမန္တာန်များ ရွတ်လိုက်နှင့် ရှိနေရာ နောက်တစ်ကြိမ် မာန်ဖီသံကဲ့သို့ အသံမျိုးကြီး ပေါ်လာပြန်သဖြင့် အသံကြားရာသို့ မော့ကြည့်လိုက်သောအခါ အမိုးဂူအပေါ်ပိုင်း တစ်နေရာမှာ ဆောင့်ကြောင့်ထိုင်နေသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့ရလေတော့သည်။

တစ်ကိုယ်လုံး အမွေးစုတ်ဖွားနှင့် မျက်နှာမှာ အစွယ်များ ထွက်နေသော ဘီလူးမျက်နှာနှင့် သတ္တဝါကြီးပင်ဖြစ်သည်။

ဆရာကြီးသူရဿက အောက်ဖက်မှ ဖယောင်းတိုင်မီးများ ထွန်းပြီး ဂါထာမန္တာန်များ ရွတ်ဆိုနေသဖြင့် အပေါ်မှာ မနေနိုင်သောကြောင့် အောက်သို့ ဆင်းလာလေတော့သည်။

၎င်း၏ကြီးမားသော ကိုယ်ခန္ဓာကြီးဖြင့် ဆင်းလာသော





ကြောင့် အမိုးဂူကြီးမှာ တသိမ့်သိမ့် လှုပ်ရှားနေပြီး ယခုပင် ပြိုလဲသွားတော့မလို ရှိနေသောကြောင့် ဒေါက်တာမင်းထင်ကျော်က အောက်ဖက်မှာ ရှိနေသော ဆရာကြီးသူရဿအတွက် များစွာ စိုးရိမ်သွားမိလေသည်။

ဆရာကြီးသူရဿကတော့ ဘာမှဂရုမပြုဘဲ သူ့အလုပ်ကိုသာ ဆက်လုပ်နေလေသည်။

အပေါ်မှ ဆင်းလာသော ဘီလူးနှင့် သဏ္ဌာန်တူသော သတ္တဝါကြီးက ဆရာကြီးသူရဿအား ရန်မူရန် ကြိုးစားသော်လည်း အနားကိုမှ ကပ်မရဘဲ ရှိနေသည်ကို တွေ့ရတော့မှ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ အားရှိသွားသည်။

ထိုအခါ ဆရာကြီးသူရဿထံမှ တိုးညှင်းသော အသံတစ်ချက် ထွက်လာသည်။

"အစောင့်ဘီလူး. . . သင်သည် ရှေးဆရာကြီးများက ပုရပိုဒ်အညွှန်းကို စောင့်ရှောက်ရန်အတွက် ထားခဲ့သော အစောင့်မျှသာဖြစ်သည်၊

ကျွန်ုပ်သည် ဆရာတော်ကြီး ဦးဇာဂရ၊ ဦးသုန္ဒတို့၏ လမ်းညွှန်ပေးမှုကြောင့် ဤနေရာသို့ ရောက်လာခြင်းဖြစ်သည်။

သက်သေခံအနေဖြင့် ဤပုရပိုဒ်သုံးဆူကို ကြည့်ပေတော့"

လွယ်အိတ်အတွင်းမှ ပုရပိုဒ်သုံးဆူကို ထုတ်ပြလိုက်သောအခါ အစောင့်ဘီလူးမှာ နောက်သို့ ကြောက်လန့်တကြား ဆုတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ ရှိသော ပုရပိုဒ်လမ်းညွှန်ကို လာရောက်ယူရခြင်းမှာလည်း ငါတို့ဆန္ဒနှင့် လာယူခြင်း မဟုတ်ပေ၊ မူလထားသော ဆရာတော်ကြီးများ စေခိုင်း၍သာ လာရောက်ယူရခြင်း ဖြစ်ပေသည်၊

ဤအညွှန်းပုရပိုဒ်များ မရှိတော့ပါက သင်သည်လည်း အစောင့်တာဝန်မှ ပြီးပြီဖြစ်သောကြောင့် သွားလိုရာသွားခွင့် ရှိပေမည်၊

အညွှန်းပုရပိုဒ် ရှိသောနေရာကိုသာ ငါ့ကို လမ်းညွှန်ပြပေတော့"

ဟု တည်ငြိမ်စွာ ပြောလိုက်ရာ အစောင့်ဘီလူးမှာ ဆရာကြီးအား ရန်မူခြင်း မရှိတော့ဘဲ အရိုးဂူ၏အတွင်းတစ်နေရာသို့ လက်ညှိုးထိုးပြပေးပြီးနောက် တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါ ဆရာကြီးသူရဋ္ဌကို ထိုနေရာကို ကောင်းစွာ အောင်မြင်သော အထိမ်းအမှတ်အဖြစ် အခြားအန္တရာယ် အနှောင့်အယှက်များ မဝင်နိုင်စေရန် အသင့်ယူလာသော တံခွန်များကို အရိုးဂူ လေးထောင့်နေရာတွင် လိုက်လံစိုက်ထူလိုက်လေသည်။

နောက်ဆုံး အရိုးဂူအပေါက်ဝ၌ တံခွန်တစ်ခု စိုက်လိုက်သောအခါမှာတော့ ဒေါက်တာမင်းထင်ကျော် နားထဲမှာ တော်လဲသံကဲ့သို့ အသံမျိုးကြီး ကြားရပြီးနောက် ဂူအတွင်းမှ မည်းမည်းသဏ္ဍာန်များ ပြေးထွက်လာကြလေသည်။





၎င်းတို့မှာ လူကို အန္တရာယ်ပေးရန် ထွက်လာခြင်း မဟုတ်ဘဲ ဘေးလွတ်ရာသို့ အလုအယက် ထွက်ပြေးသွားကြခြင်းပင်ဖြစ်ပေတော့သည်။

ဂူပေါက်ဝတစ်ခုလုံးမှာလည်း ဖုန်များ၊ မီးခိုးငွေ့များ အလိမ့်လိုက် ထနေလေသည်။

အတန်ကြာတော့မှ ငြိမ်သက်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်ကို လှမ်းခေါ်ပြီးနောက် အရိုးဂူအတွင်းသို့ ဝင်ရန် ပြင်လေသည်။

"မောင်ထင်ကျော် အတွင်းဝင်ကြစို့"

နှစ်ယောက်သား အတွင်းသို့ ရောက်သောအခါ အလယ်ပဟိုရ်နေရာကို မှတ်သားပြီး ထိုနေရာမှ ခြေလှမ်း(၁၈) လှမ်းစီ လှမ်းကြည့်ကာ (၁၈)လှမ်းပြည့်သောနေရာတွင် တံခွန်တိုင်တစ်တိုင် စိုက်ထားသည်။

နောက်ဆုံးမှာတော့ ကြိဂံပုံသဏ္ဍာန် ဖြစ်သွားပြီး အလယ်နေရာ ပေါ်လာသည်။

ထို့နောက် အလယ်နေရာသို့ ဝင်ကာ အပေါ်ယံမှာ ရှိနေသော အမှိုက်သရိုက်များ၊ မြေကြီးများ၊ ဖုန်များကို ဖယ်ရှားလိုက်သောအခါ မြေသားအတိုင်းသာ ပေါ်လာပြီး ကျောက်တုံးနှင့် တူသောအရာ မတွေ့ရပေ။

ဆရာကြီးသူရဋ္ဌက အလယ်နေရာတွင် ဖယောင်းတိုင်ထွန်း၍ သစ္စာဓိဋ္ဌာန်ပြုလိုက်လေသည်။

"ကျွန်ုပ်သည် အထက်ဆရာတော်ကြီးများ ထားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ပညာရပ်များကို ရရှိပါက မိမိကိုယ်ကျိုးအတွက် သုံးစွဲခြင်း မပြု လုပ်ပါ။ အများအကျိုးအတွက်၊ သာသနာတော်အကျိုးအတွက်သာ သယ်ပိုးဆောင်ရွက်ပါမည်ဟု ကတိပြုပါ၏။

ဤသစ္စာ မှန်ကန်ပါက လျှို့ဝှက်ထားသောနေရာကို အလွယ်တကူ တွေ့ရပါစေသား"

ထိုသို့သစ္စာပြုလိုက်သောအခါ ဂူအတွင်း၌ လေတိုးသံပင် မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

ခဏကြာတော့ အပြင်ဘက်မှ လေပွေ မွှေ့ဝင်လာသကဲ့သို့ အသံတစ်သံ ကြားရပြီး ထွန်းထားသော ဖယောင်းတိုင်မီးမှာလည်း 'ဟုတ်' ကနဲ ငြိမ်းသွားလေတော့သည်။

ဂူအတွင်းမှာ မှောင်မည်းသွားလေသည်။

ဂူအတွင်းမှာ အတန်ကြာသည်အထိ လေပွေမွှေ့နေသကဲ့သို့အသံမျိုး ကြားနေရပြီး ခဏကြာတော့ ပြန်လည်ငြိမ်သက်သွားလေသည်။

ထိုအချိန်မှ ဆရာကြီးက ဖယောင်းတိုင်မီးကို ပြန်ထွန်းလိုက်ရာ အံ့ဩဖွယ်မြင်ကွင်းကို မြင်တွေ့ရသည်။

တြိဂံသုံးခုအလယ်နေရာတွင် တံခွန်တိုင် စိုက်ထားရာ ထိုတံခွန်တိုင်အောက်၌ တစွန်းတစ ထွက်နေသော အဖြူရောင်ကျောက်တုံးစွန်းတစ်ခုကို တွေ့ကြရသည်။

"သတိထားနေ. . . တကယ်လို့ အတွင်းက အခိုးအငွေ့တွေ ထွက်လာရင် မရှူမိစေနဲ့၊ နောက်ကို ဆုတ်နိုင်သမျှ ဆုတ်ပြီးနေ၊ ကဲ. . . ကျောက်တုံးကို ဖယ်လိုက်ပေတော့"





ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က တစ်စွန်းတစ်စ ထွက်နေသော ကျောက်တုံးကို ဆွဲဖယ်လိုက်သည်။

ကျောက်တုံးက အလွယ်တကူနှင့်ပင် ပါလာသည်။

ထိုအခါမှ အောက်၌ ကျောက်ပြားတစ်ချပ် ရှိနေသည်ကို တွေ့ရလေသည်။

"သတိထားပြီး ဆွဲဖယ်လိုက်"

ဟု ပြောလိုက်သဖြင့် ကျောက်ပြားအစွန်းနေရာမှာ လက်ကိုင်စရာ ရအောင် တူးဖော်ပြီး လက်ဖြင့် ဆွဲဖော်လိုက်သည်။

"ဝုန်း"

ကျောက်ပြားပွင့်သွားသည်နှင့် အတွင်းမှ အဖြူရောင် အခိုးအငွေ့များ ထွက်လာသဖြင့် ကျောက်ပြားကို နံဘေးသို့ လွှန်ချလိုက်ပြီး နောက်သို့ ဆုတ်ပေးလိုက်သည်။

"မောင်ထင်ကျော်. . . အခိုးအငွေ့တွေနဲ့ လွတ်အောင် မြန်မြန်ရှောင်နေ၊ အဲဒီအခိုးအငွေ့တွေကို မကြည့်မိစေနဲ့"

ဟု ဆရာကြီးသူ့ရဲ့အော်သံ ကြားလိုက်ရသဖြင့် နောက်သို့ အလျင်အမြန် ဆုတ်သွားပြီးနောက် မျက်စိမှိတ်ထားလိုက်လေသည်။

အကယ်၍သာ ဒေါက်တာမင်းထင်ကျော်အနေနှင့် မျက်စိဖွင့်ကြည့်မည်ဆိုပါက ကြောက်မက်ဖွယ်ရာမြင်ကွင်းများကို တွေ့ရမည် မုချပင်။

အတွင်းမှ ထွက်လာသောအခိုးအငွေ့များမှာ မီးခိုး



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကဲ့သို့ အပြာရောင်အခိုးအငွေ့များဖြစ်ပြီး ကြောက်မက်ဖွယ်ကောင်းသော ဝိညာဉ်ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အပြင်ဘက်သို့ ထွက်လာကြခြင်းဖြစ်သည်။

ဂျင်းတို့ဖွင့်လိုက်သောတွင်းမှာ ဝိညာဉ်လှောင်အိမ်တစ်ခု ဖြစ်ပြီး ပိတ်ထားသောကျောက်ပြားပေါ်တွင် အင်းအစီအရင်များ ရေး၍ ပိတ်ထားခဲ့ခြင်းဖြစ်ပေသည်။

သာမန်လူတို့ မဖွင့်နိုင်သော ထိုကျောက်ပြားချပ်ကို ဆရာကြီးသူရရှက ဖွင့်ပေးလိုက်သောအခါ အတွင်း၌ နှစ်ပေါင်းများစွာ ရှိနေသောဝိညာဉ်များ လွတ်လပ်ခွင့် ရပြီး အပြင်သို့ ထွက်လာနိုင်ကြခြင်းဖြစ်ပေသည်။

မီးခိုးငွေ့များကဲ့သို့ သဏ္ဌာန်တူသောဝိညာဉ်များသည် မျက်စိမှိတ်ထားသော ဒေါက်တာမင်းထင်ကျော်တို့အနီးသို့ ရောက်လာပြီး လှည့်ပတ်ပျံသန်းနေကြပြီးမှ အပြင်ဘက်သို့ ထွက်သွားကြလေတော့သည်။

ထိုသို့လှည့်ပတ်နေကြစဉ် ကြောက်မက်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန်အမျိုးမျိုးတို့ ရှိကြလေသည်။

အတန်ကြာသောအခါမှ မီးခိုးငွေ့များ ပျောက်သွားပြီး အသံများလည်း တိတ်ဆိတ်သွားလေတော့သည်။

ထိုအခါမှ မျက်စိဖွင့်ကြည့်ရာ ဂူအတွင်းမှာ ပကတိ အခြေအနေအတိုင်း ပြန်ဖြစ်သွားလေသည်။

နှစ်ယောက်သား တွင်းပေါက်ရှိရာသို့ တစ်ဖန်ပြန်သွားကြပြီး ဖယောင်းတိုင်မီးဖြင့် ထွန်းကြည့်သောအခါ အထဲ၌





ကျောက်တုံးနှင့် သဏ္ဌာန်တူသောအရာတစ်ခုကို တွေ့ရသဖြင့် လက်ဖြင့် နှိုက်ကာ ဆွဲယူလိုက်လေသည်။

သို့သော်လည်း အလွယ်တကူ မရဘဲ ကျောက်စွဲနေသကဲ့သို့ ရှိသောကြောင့် အတန်ကြာအောင် ခက်ခက်ခဲခဲ ဆွဲယူမှ ပါလာလေသည်။

အပေါ်ရောက်မှ အသေအချာ ကြည့်သောအခါ အလျားအနံတစ်ပေ၊ အလျားနှစ်ပေခန့် ရှိပြီး ထုထည်ခြောက်လက်မခန့် ရှိသော သေတ္တာပုံသဏ္ဌာန် ကျောက်တုံးတစ်တုံးဖြစ်နေသည်ကို တွေ့ရလေသည်။

"ကျောက်သေတ္တာလား ဆရာကြီး"

"ကျောက်နဲ့ လုပ်ထားတာတော့ မဟုတ်ဘူး၊ အင်ကြင်းသားနဲ့ လုပ်ထားတာ၊ နှစ်ပေါင်းများစွာကြာလို့ အင်ကြင်းကျောက်သား ဖြစ်သွားတာ"

ကြည့်လိုက်သောအခါ ကျောက်သားပကတိ ဖြစ်နေလေသည်။ ဆရာကြီးက ဖွင့်ရန်နေရာကို ရှာပြီး အဖုံးကို ဖွင့်လိုက်သောအခါ အတွင်း၌ သေသပ်စွာ အံဝင်ခွင်ကျ ထည့်ထားသော ပုရပိုဒ်တစ်ခုကို တွေ့ရသဖြင့် ထုတ်ယူလိုက်လေသည်။

ထို့နောက်. . .

ဦးခေါင်းပေါ် တင်ပြီး သစ္စာဓိဋ္ဌာန်ပြုလိုက်လေသည်။

"ဤပုရပိုဒ်ကို ရရှိပြီးနောက် မိမိကိုယ်ကျိုးအတွက် အသုံးမပြုပါဟု ကတိသစ္စာပြုပါ၏၊

အများအကျိုး၊ သာသနာအကျိုးအတွက်သာ အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



ပါမည်၊ မည်သည့်ပစ္စည်းဥစ္စာကိုမှ လောဘစိတ်ဖြင့် ယူဆောင်ခြင်း မပြုပါဟု ကတိသစ္စာပြုပါ၏၊

ဤသစ္စာမှန်ကန်ပါက ထွက်ရပ်ပေါက် ဆရာတော်ကြီးများနှင့် ဝိဇ္ဇာအပေါင်းတို့သည် ကျွန်ုပ်တို့အား စောင့်ရှောက်ကြပါစေသား၊

ဤပုရပိုဒ်အား စောင့်ရှောက်နေကြရသော ပုဂ္ဂိုလ်အပေါင်းတို့လည်း ယခုအချိန်မှစ၍ သင်တို့အလိုရှိရာ လွတ်မြောက်ရာ ဘုံဌာနသို့ သွားကြပါကုန်လော့၊ သင်တို့အားလည်း ကျွန်ုပ်တို့ ပြုပြုခဲ့သမျှသော ကောင်းမှုအဖို့ဘာဂ အစုစုတို့ကို အမျှအဲတန်းဝေပေးပါမည်၊

အားလုံးကြားကြားသမျှ အမျှ. . . အမျှ. . . အမျှ ယူကြပါကုန်လော့"

ဟု ပြောလိုက်သောအခါ ဂူအတွင်း၌ လေပြင်းတိုက်ခတ်သွားသကဲ့သို့ လှုပ်ရှားသွားပြီးနောက် ခဏကြာတော့ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

ထိုအခါမှ ဆရာကြီးသူရရှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်လည်း ဂူအတွင်းမှ အပြင်သို့ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်၌မူ အမှောင်ရိပ်များ သမ်းစပြုနေချေပြီ။







အခန်း(၁၄)

# အထိတရ ခရေပင်တောင်ထိုး

ဖျာပုံမြို့သို့ ချောမောစွာ ပြန်ရောက်ခဲ့ကြပြီး နောက်တစ်နေ့တွင် ဆရာကြီးသူရရှက ဖျာပုံမြို့တောင်ဘက် လယ်ကွင်းထဲမှာ ရှိသော စေတီတစ်ဆူ ရှိရာသို့ တစ်ယောက်တည်း ထွက်သွားစဉ် ကျွန်ုပ်လည်း ခရီးမှတ်တမ်းများနှင့် အတွေ့အကြုံ အဖြစ်အပျက်များကို ရေးမှတ်လျက်ရှိနေသည်။

မောင်ထွန်းမြတ်ကတော့ လုံခြုံရေးကိစ္စများအတွက် ဗုဒ်းတပ်ဖွဲ့ ရှိရာသို့ သွားလေရာ မြနှင်းဖြူနှင့် ဒေါက်တာမင်းထင်

www.burmeseclassic.com



ကျော်တို့မှာ စကားလက်ဆုံကျလျက်ရှိနေကြသည်။

"အစ်ကိုက ဒီနယ်ဘက်တွေကို တစ်ခေါက်မှ မရောက်ဖူးသေးဘူးလားဟင်"

"ဟုတ်တယ် မြနှင်းဖြူရဲ့၊ အခုတောင် ဆရာကြီးနဲ့ ခရီးကြုံလို့ ခရေပင်ဇောက်ထိုးကို ကြည့်ချင်လို့ လိုက်လာခဲ့တာပါ"

"အစ်ကိုနဲ့ အတူလာတဲ့ဆရာကြီးက သိပ်စွမ်းတာပဲလို့ အစ်ကိုထွန်းမြတ်က ပြန်ပြောပြတယ်"

"ဘယ်လိုစွမ်းတာတဲ့လဲ"

"ကျုံကဒွန်း သွားတုန်းက လမ်းမှာ သူပုန်တွေနဲ့ တွေ့တော့ သေနတ်နဲ့ ပစ်တာ တစ်ချက်မှ မထွက်ဘူးလို့ ပြောတယ်၊ နောက်ဆုံး သူပုန်တွေက ထိုင်တောင်းပန်ပြီးတော့ ခွေးပြေးဝက်ပြေး ထွက်ပြေးသွားကြရတယ်လို့ ပြန်ပြောပြတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်ကရယ်နေသည်။

"ဒါထက် အစ်ကိုကရော တကယ်ပဲ သေနတ်ပြုံးသလားဟင်"

"မပြုံးပါဘူး. . . အရေးကြုံတဲ့အခါ ဆရာကြီး စိမ်ပေးမှသာ ပြုံးတာပါ"

"အစ်ကိုတို့ဆရာကြီးက အတော့်ကို စွမ်းတာပဲပေါ့နော်"

"အထက်လမ်းစဉ်ကို လိုက်ကြတဲ့ ပုဂ္ဂိုလ်တွေမှန်သမျှကာယသိဒ္ဓိဆိုတဲ့ကိစ္စဟာ ပြောပလောက်တဲ့ကိစ္စမျိုး မဟုတ်ပါဘူး၊ သာမန်လူတွေအတွက် အံ့ဩစရာဖြစ်ပေမယ့် သူတို့





အတွက်ကတော့ သာမန်ကိစ္စလောက်ပဲ ရှိပါတယ်"

"အစ်ကိုထွန်းမြတ်ကတော့ အစ်ကိုတို့ကို သိပ်သဘောကျနေတာပဲ၊ ဒါထက် အစ်ကိုကရော သေနတ်ပစ်တာ သိပ်ပြီးလက်ဖြောင့်တာပဲတဲ့၊ လူဆိုးတွေရဲ့ခေါင်းပေါ်က ဦးထုပ်တွေကို ပစ်တာ တစ်ချက်မှ မလွဲဘူးလို့ ပြောသေးတယ်"

ဒေါက်တာမင်းထင်ကျော်က ဘာမှမပြောဘဲ မြနှင်းဖြူစီစဉ်ပေးသော ကော်ဖီခွက်ကို ယူပြီးသောက်နေလေသည်။

"ဒါထက် မြနှင်းဖြူ ခရေပင်ဇောက်ထိုးကို ရောက်ဖူးတယ် မဟုတ်လားဟင်"

"ရောက်ဖူးတာပေါ့ အစ်ကိုရဲ့၊ ကျွန်မတို့ငယ်ငယ်ကဆို မောင်နှမနှစ်ယောက် အဲဒီနေရာကို မကြာခဏ ရောက်ပါတယ်၊ နောက်ပိုင်း ကြီးလာမှသာ အမေက မသွားဖို့ ပြောထားလို့ မသွားဖြစ်တော့တာပါ"

"ဘာကြောင့် မသွားရတော့တာလဲ"

"မသိပါဘူး အစ်ကိုရယ်၊ အမေပြောပြတာကတော့ ကျွန်မတို့မောင်နှမနှစ်ယောက်က အဲဒီနေရာမှာ ရှိတဲ့သိုက်က လာတယ်ဆိုလား ပြောတာပါပဲ၊ ကျွန်မကတော့ သိပ်မသိပါဘူး၊ အဲဒါကြောင့် နောက်ပိုင်းတော့ သိပ်မရောက်ဖြစ်တော့ပါဘူး၊ အစ်ကိုက အဲဒီနေရာ သွားချင်လို့လား"

"ဆရာကြီးလည်း မရှိသေးဘူးဆိုတော့ သွားကြည့်ရင်ကောင်းမလားလို့ မေးတာပါ"

"အစ်ကိုသွားချင်ရင် ကျွန်မလိုက်ပို့ပေးပါ့မယ်၊ ဒီတနေ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် သိပ်မဝေးလှပါဘူး”

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသဖြင့် နှစ်ယောက်သား ထွက်လာကြလေသည်။

ခရေပင်ဖောက်ထိုး ရှိသောနေရာမှာ ဖျာပုံမြို့မြောက်ပိုင်း ထွက်ရပ်ပေါက် ဆရာတော်ကြီးများ သီတင်းသုံးသွားသော မင်းကျောင်း၏မြောက်ဖက်၌ ရှိပေသည်။

ထိုကျောင်းမှ သီတင်းသုံးရင်း ထွက်ရပ်ပေါက်သွားကြသော ဆရာတော်ကြီးဦးဇာဂရနှင့် ဦးသုန္ဒတို့မှာ သထုံမြသပိတ်တောင်၌ တစ်ကြိမ်၊ ဒေးစွန်ပါ ရွှေစေတီ၌တစ်ကြိမ် တွေ့ခဲ့ရသော ဆရာတော်ကြီးနှစ်ပါးပင်ဖြစ်ပေသည်။

ခရေပင်ဖောက်ထိုးမှာ အမည်နှင့် လိုက်လျောညီထွေစွာ ပုံမှန်အတိုင်း ပေါက်နေသည်မဟုတ်ဘဲ အကိုင်း၊ အခက်၊ အရွက် အညွန့်တို့မှာ အပေါ်သို့ ထောင်မနေဘဲ မြေကြီးရှိရာသို့ စိုက်၍ ဖောက်ထိုးရှိနေကြသည်။

အညွန့်နှင့်အခက်များမှာလည်း အပင်မှ ထွက်ကာစ၌ အပေါ်သို့ ထောင်တက်သွားသော်လည်း လက်လေးသစ်ခန့် ရောက်သောအခါ အပေါ်သို့ ဆက်မတက်တော့ဘဲ အောက်သို့ ဖောက်ထိုးပြန်ဆင်းလာလေတော့သည်။

ထို့ပြင် . . .

သစ်ပင်မှန်သမျှမှ ထွက်သော သစ်ရွက်မှန်သမျှတို့သည် နေဘက်သို့သာ မျက်နှာမူ၍ ကျောပေး၍နေကြသော်လည်း ထိုခရေပင်မှ ထွက်သော အရွက်မှန်သမျှတို့မှာ ပက်လက်လန်၍





သာ ပြောင်းပြန်ရှိနေကြသည်။

သစ်ရွက်များသာ ပြောင်းပြန်ဖြစ်နေသည် မဟုတ်ဘဲ ပွင့်သောအပွင့်များမှာလည်း အပေါ်သို့ မျက်နှာမမူဘဲ အောက်သို့ မျက်နှာမူလျက် ပွင့်ကြရာ သဘာဝနှင့် ဖီလာဆန့်ကျင် ရှိနေသည်သာမက များစွာအံ့ဩဖွယ်ရာလည်း ကောင်းလှပေသည်။

ဖျာပုံမြို့သူမြို့သားများကတော့ ခရေပင်ဖောက်ထိုးနှင့် ပတ်သက်လာလျှင် များစွာအလေးအမြတ်ထားကြလေသည်။

အကိုင်းအခက်များကို ချိုးဖဲ့ဖျက်ဆီးဖို့ မဆိုထားနှင့်၊ ကြွေကျနေသော အပွင့်ကြွေများကိုပင် ကောက်ယူခြင်း မပြုံကြပေ။

ယခုနောက်ပိုင်းမှာတော့ ဖျက်ဆီးဝံ့သူ မရှိသော်လည်း ရှေးအခါကတော့ မသိသူများက ခရေပင်ကို ဖျက်ဆီးယူငင်သူများ ရှိခဲ့ဖူးပေသည်။

ထိုသူများမှာ ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်များနှင့် ကြုံခဲ့ရသည့် သာဓကအချို့ ရှိပေသည်။

တစ်ခါက ထိုအပင်အောက်မှာ ကြွေကျနေသော ခရေပွင့်အကြွေများကို ဝင်ကောက်မိသော မိန်းကလေးသုံးယောက်တို့မှာ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် ယားယံပြီး အနီကွက်ကြီးများ ပေါ်လာလေသည်။

ဆရာများနှင့် ကုသပါသော်လည်း မသက်သာဘဲ ခိုနေရာ နောက်ဆုံး ဆရာတစ်ယောက်က အခြေအနေကို မေးမြန်းပြီးမှ ခရေပင်ဖောက်ထိုးနှင့် ပတ်သက်မှန်း သိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သိရတော့မှ ကန်တော့ပွဲ၊ သိုက်ပွဲ၊ အမွှေးနံ့သာရည်များ ယူဆောင်သွားပြီး ကာယကံရှင် မိန်းကလေးများ ကိုယ်တိုင် . . . မသိ၍ ပြုလုပ်မိခြင်းဖြစ်ကြောင်း၊

နောက်နောင်ကို မပြုလုပ်တော့ပါကြောင်းနှင့် ယခုတစ်ကြိမ် ပြုလုပ်မိခြင်းအတွက် ခွင့်လွှတ်ပေးပါရန် တောင်းပန်ပြောဆိုတော့မှ ခံစားနေရသော ရောဂါဝေဒနာများ ချက်ချင်းဆိုသလို သက်သာပျောက်ကင်းသွားလေသည်။

နောက်တစ်ဦးကတော့ ယောကျ်ားလေးဖြစ်သည်။ မောင်လှဆိုသူဖြစ်သည်။

တစ်နေ့သ၌ မောင်လှသည် အဖော်တစ်ယောက်နှင့်အတူ အရက်သောက်ပြီးပြန်လာရာ ခရေပင်ဇောက်ထိုး ရှိရာသို့ ရောက်လာလေသည်။

အချိန်မှာ မှောင်ရီသန်းစအချိန်ဖြစ်လေသည်။

"ခဏနေဦးဟေ့ . . . ငါသောက်တာ များသွားလို့ ဆီးသွားလိုက်ဦးမယ်"

"ဆီးသွားရင်လည်း ဒီနေရာမှာတော့ မသွားပါနဲ့ မောင်လှရယ်၊ ခရေပင်ဇောက်ထိုး ရှိတဲ့နေရာက သိုက်ကြမ်းတယ်ဆိုတာ မင်းလည်း အသိသားနဲ့ကွာ"

"အို . . . ငါက အဲဒါမျိုးတွေ အယုံအကြည် မရှိပါဘူးကွာ၊ သေးပေါက်ချင်လို့ ပေါက်တာ၊ သူတို့ကို ဘာမှလုပ်တာမှမဟုတ်တာ၊ မကြည့်ချင်ရင် မျက်နှာလွှဲနေလိမ့်မယ်"

ဟု ပြောဆိုကာ ခရေပင်ဇောက်ထိုးအောက်သို့ ဝင်သွားလေသည်။

ထိုနေရာမှာ အမှောင်ရိပ် ရှိသောကြောင့် အပြင်မှ လှမ်းကြည့်လျှင် မမြင်ရပေ။

ခဏကြာတော့ ခရေပင်အောက်မှ အော်သံပေါ် ထွက်လာသည်။

"အား . . လုပ်ပါဦးဟ . . ငါ့ကို ကယ်ပါဦး၊ အပင်ပေါ်က မည်းမည်းကြီး ဆင်းလာပြီး လည်ပင်းညှစ်နေပြီ"

ထိုအော်သံကြောင့် အဖော်ဖြစ်သူက လှမ်းကြည့်လိုက်ရာ မည်းမည်းသဏ္ဌာန်ကြီးက မောင်လှကိုယ်ပေါ်သို့ ခွစီးထားသည်ကို လှမ်းမြင်ရသော်လည်း ဝင်ကူပေးရန် မဆိုထားနှင့်၊ ထိုနေရာမှာ မနေဝံ့တော့ဘဲ ထိုနေရာမှ ထွက်ပြေးသွားလေသည်။

ထို့နောက်မှ အခြားသူများကို အကူအညီတောင်းကာ မီးတုတ်များနှင့် သွားရောက်ကြည့်သောအခါ ခရေပင်အောက်၌ မောင်လှတစ်ယောက် ဇက်ကျိုးလျက် အသက်ပျောက်နေသည်ကို တွေ့မြင်ကြရသည်။

တစ်ခါကလည်း အခြားအရပ်ဒေသမှ အလည်ရောက်လာသော လူရွယ်တစ်ယောက်မှာ ခရေပင်ဇောက်ထိုးအသားနှင့် ဓါးသွေးရုပ်ထုလုပ်ရန် သစ်ကိုင်းလာခုတ်ရာ သစ်ကိုင်းအမှတ်ဖြင့် ဓါးဖြင့် ခုတ်ဖြတ်လိုက်သောအရာမှာ စင်စစ် သစ်ကိုင်းမဟုတ်ဘဲ ၎င်း၏လက်တစ်ဖက်ဖြစ်နေပြီး တံတောင်ဆစ်နေရာမှ သက်ပိုင်းပြတ်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် . . .

တွဲနွား၊ ဆိတ် အစရှိသည်တို့ ခရေပင်အောက် ရောက် သွားပါက ပိုးထိ၍သေဆုံးခြင်း၊ ကြောက်လန့်တကြားနှင့် ထိန်း မရအောင် ဖြစ်ခြင်းများကြောင့် မိမိတို့တိရစ္ဆာန်များကို ထိုအပင် အောက် ဝင်ဖို့မဆိုထားနှင့်၊ ထိုနေရာပတ်ဝန်းကျင်သို့ မသွားရန် ပင် ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ကြသည်။

လူများလည်း ထိုနေရာသို့ အကြောင်းမရှိဘဲနှင့် မသွား မလာဝံ့ကြတော့ပေ။

သို့ကြောင့် ရှေးနှစ်ပေါင်းများစွာကတည်းက ထိုနေရာ သည် အထိကရနေရာတစ်ခုဖြစ်လာခဲ့ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူ ပြောပြသော အ ကြောင်းများကို နားထောင်ရင်း ထူးဆန်းသော ခရေပင်အောက် ရောက်အောင် ဝင်ကြည့်လေသည်။

ထိုနေရာရောက်တော့ ခရေပွင့်ရနံ့များက သင်းပျံ့ကြိုင် လှိုင်လျက်ရှိနေလေသည်။

ထိုကဲ့သို့ ထူးဆန်းလှပ၍ မွှေးရနံ့များဖြင့် တင့်တယ် လျက်ရှိသော ခရေပင်မှာ သံတင်းဆိုးများဖြင့် အကျည်းတန် ရုပ်ဆိုးလျက်ရှိနေရပေပြီ။

ခရေပင်အောက်ဝန်းကျင်မှာတော့ သစ်ရွက်ခြောက် များ၊ ခရေ ပန်းခြောက်များ၊ လောလောဆယ် ကြွေကျထားသော လတ်လတ်ဆတ်ဆတ် ခရေပန်းများကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ကြွေကျနေသော ခရေပွင့်





အချို့ကို ကောက်ယူလိုက်သည်။

"အစ်ကို မယူခဲ့နဲ့နော်"

"မယူပါဘူး. . . ကြည့်ရုံပဲ ကြည့်မှာပါ"

ခရေပွင့်များမှာ သဘာဝအတိုင်း မဟုတ်ဘဲ ဇောက်ထိုး အနေအထားမျိုး ပွင့်သော်လည်း အပွင့်တတော့ ပုံမှန်ခရေပွင့် အတိုင်းပင် ရှိကာ ရနံ့ကလည်း သင်းပျံ့နေဆဲပင်ရှိ၏။

"ဒီလောက်လှပြီး မွှေးလှတဲ့ ခရေပွင့်ကလေးတွေကို အသုံးပြုသူ မရှိဘဲ ဒီအတိုင်း အလဟဿ ထားရတာကတော့ နှမြောစရာပဲ"

"ဒါကတော့ လှပေမယ့် အန္တရာယ်ရှိနေတော့ [illegible] ပါမလဲ"

"ဘာနဲ့ တူသလဲဆိုတော့ သိပ်လှပြီး သဘောမနော ကောင်းတဲ့မိန်းကလေးတစ်ယောက်မှာ ချစ်သူမရှိသေးသလို ဖြစ် နေတယ်"

ထိုစကားကြားသောအခါ မြနှင်းဖြူက ပြုံးရုံကလေး တစ် ချက်ပြုံးလိုက်လေသည်။

"အစ်ကိုကလည်း မြို့သားပီပီ စကားကလည်း ကဗျာ ဆန်လိုက်တာ"

"ကဗျာဆန်တာ မဟုတ်ပါဘူး၊ အမှန်ကို ပြောတာပါ၊ ဘယ်လိုသော အန္တရာယ်တွေ မရှိဘူးဆိုရင် ဒီလောက်လှတဲ့ ပန်းပွင့်လေးတွေဟာ လူတွေအတွက် အများကြီး အသုံးပြု နိုင်မှာပေါ့. . . မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ အစ်ကိုရယ်၊ အကြောင်းက ရှိနေတော့ ဘယ်တတ်နိုင်ပါ့မလဲ"

ထိုသို့ပြောဆိုနေကြစဉ် နောက်ဖက်မှ သစ်ရွက်ခြောက်များအပေါ်မှ ခပ်ဖွဖွ နင်းလာသောခြေသံ ကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြသည်။

သူတို့နောက်ဘက်မှာ ကရင်သင်တိုင်းအကျီ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသဖြင့် အံ့သြသွားကြသည်။

"ငါ့ညီမတို့က ဒီနေရာကို ဘာလာလုပ်ကြတာလဲ"

"ညီသည်က မရောက်ဖူးလို့ လာပြပေးတာပါ မ"

"အေး . . အေး . . ကြည့်ရှုသက်သက်ကတော့ ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့ရနိုင်ပါဘူး၊ ဖျက်လိုဖျက်ဆီးသာ မလုပ်ကြဖို့ အရေးကြီးတယ်"

"မလုပ်ပါဘူး အစ်မ၊ ဒါထက် အစ်မက ဘယ်မှာနေတာလဲဟင်"

"မမက ဒီနေရာတဝိုက်မှာပဲ နေတာဆိုတော့ ဒီအခြေအကြောင်းကို ကောင်းကောင်းသိနေတာပေါ့၊ ငါ့ညီမတို့လည်း ကြည့်ပြီးတာနဲ့ ပြန်ကြပေတော့၊ ဒီနေရာက သိပ်ပြီးအကြောင်း နေလို့ မသင့်တော်ဘူးကွယ့်"

ဟု ပြောဆိုကာ လာလမ်းအတိုင်း နောက်ဖက်သို့ပြန် လှည့်သွားလေတော့သည်။

"သူ့ကို အရင်က တွေ့ဖူးသလားဟင်"





"ဟင့်အင်း . . . တစ်ခါမှ မတွေ့ဖူးဘူး၊ ဒီနေရာတဝိုက်မှာ ရှိတဲ့ ကရင်ရွာတစ်ရွာရွာက ဖြစ်မှာပေါ့"

ဟု မြနှင်းဖြူက ခပ်ပေါ့ပေါ့နှင့်ပင် ပြောသည်။

"ဘယ်တွေ့ဖူးမှာလဲ မြနှင်းဖြူရဲ့၊ သူက လူသားတစ်ယောက်မှ မဟုတ်ဘဲကိုး"

"ဟင် . ."

"ဟုတ်တယ် . . . ဒီနေရာတဝိုက်မှာ ရှိနေတဲ့ ပရလောကသားတစ်ယောက်က အစ်ကိုတို့နှစ်ယောက်ကို လာပြီး သတိပေးသွားတာပါ၊ ဒါပေမယ့် ကြောက်စရာတော့ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲဟင်"

"သူတို့က ရန်ပြုချင်တယ်ဆိုရင် အခုလို လာပြီးသတိပေးနေမှာ မဟုတ်ဘူး၊ တစ်ခါတည်း ထွက်လာပြီး ရန်ပြုမှာပေါ့"

"အို . . . ဘာပဲဖြစ်ဖြစ် ပရလောကသားဆိုမှတော့ ကြောက်စရာကြီး နေမှာပေါ့"

မြနှင်းဖြူစကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ရယ်လိုက်သည်။

"ပရလောကသားဆိုတိုင်း ကြောက်စရာတွေချည်း ဟုတ်ပါဘူး မြနှင်းဖြူရဲ့၊ ပရလောကဆိုတာလည်း လူ့လောကလိုလည်း အဆင့်အတန်းအမျိုးမျိုး ရှိတာပါပဲ၊

သရဲသဘက်၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ မှင်စာ၊ ဘီလူး၊ ဟုတ် စတဲ့ ရုပ်ဆင်းအင်္ဂါ မတင့်တယ်တဲ့ ပရလောကသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသလို အသူရကာယ်ဘုံသားတွေ၊ ဘုမ္မိယသိုက်နန်းမှာ နေရတဲ့ သူတွေ၊ ဝမ္ပန်းသူယောင်မယ်တွေဆိုရင် သူတို့မှာ ဖန်ဆင်းနိုင်တဲ့ စွမ်းအင်တွေ ရှိကြလေတော့ လူတွေထက်တောင် ပိုပြီးချောမောလှပ ကြသေးတယ်"

မြနှင်းဖြူက တအံ့တသြဖြင့် မော့ကြည့်သည်။

"အစ်ကိုက သူတို့ကို တွေ့ဖူးလို့လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

"တွေ့ဖူးတာပေါ့. . . စောစောကတောင် တွေ့လိုက်ရ သေးတယ်လေ၊ ကရင်မလေး မချောဘူးလား"

"ချောတော့ ချောတာပေါ့၊ ဒါပေမယ့် ကြောက်ပါတယ်၊ ဒါထက် သူတို့က ကျွန်မတို့ကို ဘာကြောင့် လာပြီးသတိပေးတာ လဲဟင်"

"ပဋ္ဌာန်းဆက် တစ်ခုခု ရှိလို့ဖြစ်မှာပေါ့"

"ပဋ္ဌာန်းဆက်ဆိုတာ ဘယ်လိုဟာမျိုးလဲဟင်"

"ပဋ္ဌာန်းဆက်ဆိုတာ ရှေးဘဝက ရှိခဲ့တဲ့ ပါရမီရေစက် ကံအကြောင်းဆက်ကို ပြောတာပါ၊ သူတို့နဲ့ ကံအကြောင်းဆက် ပါလို့သာ အခုလို လာပြီးသတိပေးတာဖြစ်မှာပါ"

ထိုစကားကြားသောအခါ မြနှင်းဖြူ၏မျက်နှာအမူ အယာမှာ စောစောကကဲ့သို့ မဟုတ်တော့ဘဲ တွေတွေကလေး ဖြစ်သွားလေသည်။

"အစ်ကိုပြောမှ သတိထားမိတော့တယ်၊ ကျွန်မ သူ့ကို မြင်လိုက်စက စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်၊ နောက်ပြီး တော





နေရာရာမှာ ရင်းရင်းနှီးနှီး မြင်နေရသလိုလည်း ခံစားရတယ်၊ အဲဒါ အစ်ကိုပြောတဲ့ ပဋ္ဌာန်းဆက်ပဲလားဟင်"

"ဖြစ်နိုင်ပါတယ်. . . အတိတ်ဘဝက ကံအကြောင်း ဆက် ရှိနေလို့သာ လူက မသိပေမယ့် အတွင်းအရှုတ္တစိတ်က သိနေတာ ဖြစ်မှာပေါ့၊ အချို့ ဘဝတွေ သိပ်ခြားသွားပြီးမှ ပြန် တွေ့ရင်သာ မမှတ်မိနိုင်ပေမယ့် ဘဝတူး နီးတဲ့လူတွေ ဘဝကူး တာ မြန်တဲ့သူတွေ အချင်းချင်းဆိုရင် ချက်ချင်းမှတ်မိနိုင်ကြ တယ်"

"ဒါဖြင့် သူတို့က ဘာကြောင့် ရန်မမူတာလဲဟင်"

"အစ်ကိုတို့က ဒီနေရာကို လာပေမယ့် သူတို့ မကြိုက် တာတွေ မလုပ်တဲ့အပြင် ဒီနေရာရောက်ကတည်းက စိတ်ထဲက နေ မေတ္တာပို့ပေးထားတာကြောင့် ရန်သူတွေ အနှောင့်အယှက် ပေးမယ့်သူတွေ မဟုတ်မှန်း သိလို့ ရန်မပြုတာပါ"

ဟု ပြောရင်းဆိုရင်းနှင့်ပင် နှစ်ယောက်သား ခရေပင် အောက်ထိုးအောက်မှ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ရောက်တော့ မြနှင်းဖြူက ပြောလေသည်။

"အစ်ကိုပြောပြမှပဲ ဘဝရဲ့ဆန်းကြယ်မှုတွေကို သိတန် သလောက် သိရတော့တယ်၊ အစ်ကိုနဲ့ကျွန်မတို့လည်း ရှေးဘဝ က ကံအကြောင်းဆက် ပါလာလို့ အခုလို ဆုံစည်းကြရတာ ဖြစ်မှာပေါ့နော်"

"ဒီလိုတွေးရင်လည်း မှန်နိုင်ပါတယ်၊ ဒါပေမယ့် အစ်ကို ကတော့ အဲသည်လို မတွေးမိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ဘယ်လိုတွေးမိလို့လဲ"

"ရှေးဘဝက ရေစက်ပါတာထက် နောက်ဘဝအတွက် ရေစက်ဆုံဖို့ တွေ့ကြတယ်လို့ ထင်ပါတယ်"

ထိုစကားကြောင့် မြနှင်းဖြူ၏ဖြူဖွေးသောမျက်နှာပေါ်မှာ မန်းနုရောင်သမ်းသွားလေသည်။

"ဟင်. . . အစ်ကို့စကားကလည်း ဘယ်လိုအဓိပ္ပါယ်ကြီးလဲ မသိဘူး"

"အစ်ကိုပြောတဲ့အဓိပ္ပါယ်က နောက်ဘဝအတွက် ရေစက်ဆုံဖို့ ဒီဘဝမှာကတည်းက ပန္နက်ချဖို့ လိုတယ်လို့ ပြောတာပါ"

ထိုစကားကြားသောအခါ မြနှင်းဖြူက တစ်ချက်မော့ကြည့်လေသည်။

"အစ်ကို ကျွန်မကို ရည်းစားစကား ပြောနေတာလားဟင်"

"ရည်းစားစကား ပြောနေတာ မဟုတ်ပါဘူး၊ ရင်ထဲကရှိတဲ့ ချစ်တဲ့စကားတွေကို ပြောနေတာပါ"

"အို. . . အစ်ကိုကလည်း၊ တွေ့ကြတာဖြင့် သိပ်မကြာသေးဘူး၊ နောက်ပြီး တစ်ယောက်အကြောင်းလည်း တစ်ယောက်က ဘာမှ သိကြသေးတာလည်း မဟုတ်သေးဘဲနဲ့ မမြန်လွန်းဘူးလား"

"ကိုယ့်ဘက်က သေချာနေပြီဆိုတော့ အခွင့်သာတုန်း ပြောစရာရှိတာ ပြောထားတာပါ။ ကိုယ့်သဘောကို သိရပြီဆိုမှ





မြနှင်းဖြူဘက်က စဉ်းစားချိန် ရမှာပေါ့၊ အေးအေးဆေးဆေး စဉ်းစားပေါ့"

"ကျွန်မဘက်က စဉ်းစားတာကတော့ ဟုတ်ပါပြီ၊ အစ်ကိုတို့က အလုပ်ကိစ္စပြီးလို့ ပြန်သွားရင် ကျွန်မ ဘယ်လိုလုပ်ရမလဲ"

ဟု စိတ်ပူပန်စွာ မေးလေသည်။

"အစ်ကိုတို့လည်း ဒီမှာ တစ်ပတ်လောက်တော့ ကြာဦးမှာပါ။ ဒီတော့လည်း အစ်ကိုတို့ မပြန်ခင် အဖြေပေးပေါ့ မြနှင်းဖြူရယ်၊ ဒါမှ စီစဉ်စရာ စီစဉ်လို့ရမှာပေါ့"

ဟု ပြောရာ မြနှင်းဖြူက ပြုံးယောင်သမ်းနေသော နှုတ်ခမ်းကို တမင်စူထားရင်း မျက်စောင်းတစ်ချက် ထိုးလေသည်။

မည်သို့ပင်ရှိစေ. . .။

သူတို့နှစ်ယောက်အတွက်ကတော့ စိတ်လှုပ်ရှားဖွယ်ရာ အခြေအနေတစ်ခုကို အစပျိုးမိခဲ့ကြပေပြီ. . .။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၅)

# သမုတ်ပလ္လင်အတွင်းမှ တချင်မောင်နှမ

ထိုနေ့သည် (၁၃၁၁)ခုနှစ်၊ ကဆုန်လပြည့်နေ့ (၁၉၄၉) ခုနှစ်၊ မေလ(၁၁)ရက်၊ ဗုဒ္ဓဟူးနေ့ညပင်ဖြစ်ပေသည်။

ဆရာကြီးသူရဇ္ဇ၊ ဒေါက်တာမင်းထင်ကျော်၊ ကျွန်ုပ် (စာရေးဆရာ အောင်မင်းအောင်)၊ မောင်ထွန်းမြတ်၊ မြနှင်းဖြူတို့ မောင်နှမနှစ်ယောက် အပါအဝင် အားလုံးငါးယောက်တို့သည် ခရေပင်ဖောက်ထိုး ရှိရာနှင့် မနီးမဝေးနေရာသို့ ရောက်နေကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးသူရရှင်က အားလုံးကို သဘောပေါက်စေရန် ထပ်မံရှင်းပြလေသည်။

"အခု ကျုပ်တို့ လုပ်ရမယ့်အလုပ်ကိစ္စအတွက် နောက်ဆုံးအခြေအနေကို ရောက်နေပြီ၊ ကျုပ်တို့အခုလုပ်မှာက ရတနာပစ္စည်းတွေကို လိုချင်တပ်မက်လို့ လုပ်ကြတာ မဟုတ်ဘူးဆိုတာတော့ အားလုံးသိကြပြီမဟုတ်လား"

"သိပါတယ် ဆရာကြီး"

"သိုက်တူးတာ မဟုတ်တဲ့အတွက် တကယ်လို့ ရတနာပစ္စည်းတွေ တွေ့တာနဲ့ တပ်မက်စိတ်၊ လောဘစိတ် မဖြစ်ကြစေဖို့ အားလုံးစောင့်ထိန်းကြဖို့ အရေးကြီးတယ်"

"ကျွန်တော်တို့ အထူးသတိထားပါ့မယ် ဆရာကြီး"

မောင်ထွန်းမြတ်နှင့် မြနှင်းဖြူတို့မောင်နှမကလည်း အတန်တန် ကတိပေးကြလေသည်။

"ကျုပ်တို့ အဓိက လုပ်ရမယ့်ကိစ္စက မြေအောက်ခန်းအတွင်းမှာ ဆရာတော်ကြီးဦးဇာဂရ စီရင်ထားခဲ့တဲ့ ဓါတ်ပေါင်းစုံဘုရားကို ဖူးကြရမယ်၊ နောက်တစ်ချက်က ထွက်ရပ်ပေါက်ဆရာတော်ကြီးဦးဇာဂရ ထားခဲ့တဲ့ ထွက်ရပ်ပေါက်ကျမ်းတွေ၊ သိဒ္ဓိပေါက်နည်းတွေကို လေ့လာမှတ်သားကြရမယ်၊ ဒါဟာ အရေးကြီးဆုံးပဲ"

"မှန်ပါတယ် ဆရာကြီး"

"နောက်တစ်ချက်က ဆရာတော်ကြီး ထားခဲ့တဲ့ ရသာယန ဓါတ်ပြာတွေ့ရင် နည်းနည်းစီ စားခွင့်ရကြမယ်၊





များများစားဖို့မလိုဘူး၊ လျှာပေါ်ကို ကွမ်းစေ့တစ်စိတ်စာလောက် ရောက်ရင်တောင် တစ်သက်စာ လုံလောက်ပါတယ်"

ထိုစကားကြားသောအခါ အားလုံးမှာ များစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားကြလေသည်။

"ကျွန်တော်တို့ကတော့ တခြားဘာမှမလိုချင်ပါဘူး ဆရာကြီး၊ ဆရာတော်ကြီး စီရင်ထားခဲ့တဲ့ ဓါတ်ပေါင်းစုံဘုရားကို ဖူးတွေ့ခွင့်ရဖို့နဲ့ ရသာယနဓါတ်ပြာ စားရရင် ကျေနပ်ပါပြီ"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ရွှေငွေ၊ ကျောက်သံပတ္တမြားတွေ၊ သိဒ္ဓိရှိနေတဲ့ ဓါတ်လုံးတွေ အများကြီး တွေ့ရပေလိမ့်ဦးမယ်၊ ဒါတွေက အရေးမကြီးပါဘူး၊ ရွှေပုရပိုဒ်တွေထဲမှာ လုပ်နည်းတွေအားလုံး ပါနေပြီဆိုတော့ တကယ်လို့သာ ရွှေပုရပိုဒ်ထဲက မှတ်တမ်းတွေအားလုံး ကူးယူခွင့် ရခဲ့မယ်ဆိုရင် သိဒ္ဓိဆယ်ပါးထဲက လိုတဲ့သိဒ္ဓိကို စီရင်ယူလို့ ရနိုင်မှာ မုချပဲကွယ့်"

ဆရာကြီးသူရရှင်စကားကြားသောအခါ ကျွန်ုပ်တို့တတွေမှာ အားလုံးဝမ်းသာသွားကြလေသည်။

"ဒါထက် ကျွန်တော်တို့အားလုံး အထဲကို ဝင်ခွင့်ရကြမှာလား ဆရာကြီး"

မောင်ထွန်းမြတ်က မေးလိုက်သည်။

"သိဒ္ဓိရှိတဲ့နေရာမို့ မိန်းကလေးကတော့ ဝင်ခွင့်ရမှာမဟုတ်ဘူး"

ဟု ပြောသောအခါ မောင်ထွန်းမြတ်မှာ စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတန်ရှိလေသည်။

"ဒါဖြင့် သူတို့ ဘယ်လိုလုပ်မှာလဲ ဆရာကြီး၊ အိမ်ပြန်ပို့ပေးလိုက်ရမလားဟင်"

"မပို့ပါနဲ့ကွယ်. . အချိန်လည်း မရှိတော့ပါဘူး၊ နောက်ပြီး ဒီနေရာတဝိုက်မှာလည်း သူနဲ့ ပတ်သက်တာတွေ ရှိနေသေးတော့ သူ့ကို အသုံးချတန် ချရဦးမှာမို့ပါ"

"ဘယ်လိုအသုံးချမှာလဲ ဆရာကြီး"

"လူတွေအားလုံးက ခရေပင်ဇောက်ထိုးကို 'သိုက်' တစ်ခုလို့ ထင်နေကြတယ်၊ ဒါပေမယ့် သူတို့ထင်သလိုတော့ ဥစ္စာသိုက် မဟုတ်ဘူး၊ ထွက်ရပ်ပေါက်ဆရာတော်ကြီး စီမံထားခဲ့တဲ့ ပညာသိုက်တစ်ခုပဲ"

ထိုအခါ မောင်ထွန်းမြတ်က ပြောသည်။

"အရင်က ဒီနေရာကို သိုက်တူးတဲ့ သိုက်ဆရာတွေ မကြာခဏ လာပြီး သိုက်တူးကြတယ်လို့ သတင်းကြားရတယ်၊ ဒါဖြင့် ဥစ္စာသိုက် မရှိဘဲ တူးနေကြတာ ဖြစ်မှာပေါ့နော်"

"ဒီနေရာမှာ ဥစ္စာသိုက်တစ်ခုတော့ ရှိပါတယ်၊ ဒါပေမယ့် ခရေပင်ဇောက်ထိုး ရှိတဲ့နေရာမှာ မဟုတ်ဘူး"

"ဘယ်နေရာမှာ ရှိတာလဲ ဆရာကြီး"

"ခရေပင်ဇောက်ထိုး ရှိတဲ့နေရာရဲ့ အနောက်တောင်ထောင့်နေရာမှာ စေတီပျက်ကလေးတစ်ဆူ ရှိတယ်၊ အဲဒီနေရာက အဓိကနေရာပဲ"

"ဘယ်လိုအဓိကလဲ ဆရာကြီး"





"အဲဒီနေရာမှာ ကာရင်မောင်နှမ စောင့်တဲ့ သိုက်တစ်ခုရှိတယ်၊ ဒီနေရာကို သိုက်ဆရာတွေ ရောက်လာရင် ခရေပင်ဇောက်ထိုး ရှိတဲ့ ပညာသိုက်ကို ရောက်ဖို့ဝေးရော. . . သူတို့နဲ့တွေ့ပြီး ပြန်ပြေးရတာချည်းပေါ့ကွယ်၊

ဒီအကြောင်းတွေကို ဆရာတော်ဦးသုန္ဒ ပေးလိုက်တဲ့ ပုရပိုဒ်သုံးဆူနဲ့ ကျုံကဒွန်းအရိုးဂူထဲက ရလာတဲ့ပုရပိုဒ်ထဲမှာ အကြောင်းစုံ ဖော်ပြထားတယ်"

ထိုအခါမှ သဘောပေါက်ကြရပေတော့သည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမှာလဲ ဆရာကြီး"

"သူတို့ကို ခေါ်ပြီး အကျိုးအကြောင်း ပြောပြပြီး မေတ္တာရပ်ခံရမှာပေါ့"

ဟု ပြောလေသည်။

ထို့နောက်တွင် ခရေပင်ဇောက်ထိုး ရှိသောနေရာကို ဗဟိုပြုပြီး ပတ်ဝန်းကျင်မှာ ဝန်းရံနေသောနေရာများကို မြေပုံအကြမ်း ရေးကြည့်ကြသည်။

ထိုသို့ရေးရာမှာတော့ ဖျာပုံမြို့သားစစ်စစ်လည်းဖြစ်၊ ထိုနေရာနှင့် မနီးမဝေးမှာ နေသော မောင်ထွန်းမြတ်ကပင် အသေးစိတ် ပြောပြလေသည်။

"ခရေပင်ဇောက်ထိုးရဲ့ အရှေ့ဘက်မှာ ကျောက်တိုင်တစ်တိုင်ရှိတယ် ဆရာကြီး"

မြေပုံပေါ်တွင် အမှတ်အသားတစ်ခုပြထားလိုက်သည်။

"ခရေပင်ဇောက်ထိုး ရှိတဲ့နေရာရဲ့ တောင်ဘက်မှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလို့ ခေါ်တဲ့ ဘုန်းကြီးကျောင်းရှိပါတယ်”

ထိုကျောင်းမှာ ဆရာတော်ကြီးဦးဇာဂရနှင့် ဦးသုန္ဒတို့ သီတင်းသုံးသွားခဲ့သော ကျောင်းဖြစ်သည်။

“မြောက်ဘက်မှာ ဘုရားနဲ့ သိမ်တွေရှိပါတယ်၊ အရှေ့နဲ့ အနောက် မနီးမဝေးမှာတော့ ရေကန်တစ်ကန်ရှိပါတယ်”

“အဲဒီရေကန်ရဲ့ ထူးခြားမှုတွေကိုရော မောင်ထွန်းမြတ် ဘာတွေသိသေးလဲကွယ့်”

“ကျွန်တော်တို့ငယ်ငယ်ကတော့ အဲဒီရေကန်နေရာမှာ ဆော့ကစားနေကျပါပဲ၊ တခြားတော့ ဘာမှမသိပါဘူး ဆရာကြီး”

ထို့နောက်တွင် ဆရာကြီးသူရဿက မောင်ထွန်းမြတ်အား ဘာမှဆက်မမေးတော့ဘဲ စဉ်းစားနေလေသည်။

ကံဆုန်လပြည့်နေ့ညတွင် ထွန်းလင်းနေသောလရောင်က ပတ်ဝန်းကျင်တစ်ခုလုံး ဖြန့်ခင်းထားသကဲ့သို့ ရှိလေသည်။

“ကဲ. . . အနောက်တောင်ထောင့်ဘက်မှာ ရှိတဲ့ စေတီပျက်ကလေးကို အရင်ရှာကြရအောင်”

“ကျွန်တော် စေတီရှိတဲ့နေရာကို သိတယ် ဆရာကြီး”

ဟု ပြောဆိုကာ မောင်ထွန်းမြတ်ကပင် ရှေ့မှ လမ်းပြပေးရာ အလွယ်တကူပင် ရှာတွေ့လေသည်။

စေတီလေးနှင့် ဘုရားသိမ် အလယ်နေရာလောက်တွင် သမုတ်ပလ္လင်နှင့် တူသောအရာတစ်ခုကို တွေ့ရလေသည်။

ဆရာကြီးက သမုတ်ပလ္လင်ဂူပေါက်ဝကို အတန်ကြာအောင် ကြည့်ပြီး လေးလေးနက်နက် စဉ်းစားနေသည်။





“ကဲ. . . နောက်ကို ဆုတ်နေကြ၊ ဘယ်လိုအန္တရာယ်မျိုးနဲ့ပဲတွေ့တွေ့ ဘာမှမကြောက်ကြနဲ့၊ နာနာဘာဝတွေ အစောင့်ဘီလူးတွေ ထွက်လာရင်လည်း တိုယ့်ကို ဘာမှမလုပ်နိုင်ဘူး”

ဟု ပြောကာ မြနှင်းဖြူလည်ပင်းကို ပရိတ်ကြိုးတစ်ခု ရှပ်ပေးထားလိုက်သည်။

“ကျန်တဲ့သုံးယောက်မှာတော့ ကျုပ်ပေးထားတဲ့ခါတ်လုံးရှိကြရဲ့မဟုတ်လား”

“ရှိပါတယ် ဆရာကြီး”

“ဒီဓါတ်လုံး ရှိနေရင် ရန်မူဖို့ အသာထားတော့ အနားကိုတောင် မကပ်နိုင်ဘူး၊ ကဲ. . . အတွင်းဝင်ပြီး သက်ဆိုင်သူတွေနဲ့ တွေ့လိုက်ဦးမယ်”

ဟု ပြောကာ သမုတ်ပလ္လင်ပေါ်မှာ ဖယောင်းတိုင်သုံးတိုင်ထွန်းထားခဲ့ပြီးနောက် သမုတ်ပလ္လင်ဂူပေါက်အတွင်းသို့ တစ်ယောက်တည်း ဝင်သွားလေသည်။

ကျွန်ုပ်တို့တတွေမှာ အသက်ရှူရန်ပင် မေ့နေသည့်အလား ရင်တထိတ်ထိတ်နှင့် ဆရာကြီး ဝင်သွားသော ဂူပေါက်ဝရှိရာသို့ မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

ပတ်ဝန်းကျင်တဝိုက်မှာလည်း ထူးထူးခြားခြား ငြိမ်သက်နေလေသည်။

ကောင်းကင်ပေါ်မှာ လရောင်ရှိသော်လည်း မိုးသားမှိုင်းရိပ်အချို့ ရှိနေသောကြောင့် လင်းတစ်ခါ မှောင်တစ်လှည့်ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ ဂူအတွင်းပိုင်းဆီမှ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဆူဆူညံညံအသံများ ပေါ်ထွက်လာလေသည်။

ထိုအသံများကြောင့် ဆရာကြီးသူရရှအတွက် စိုးရိမ်သွားကြသော်လည်း ကျွန်ုပ်တို့အနေဖြင့်လည်း ဘာမှမတတ်နိုင်ကြပေ။

အတန်ကြာသောအခါ ဆူဆူညံညံအသံများ ငြိမ်ကျသွားပြီး ဆရာကြီးသူရရှ ပြန်ထွက်လာသည်။

ထိုအခါမှပင် ကျွန်ုပ်တို့မှာ စိတ်သက်သာရာ ရသွားကြလေသည်။

"သက်ဆိုင်သူတွေ လာလိမ့်မယ်၊ သူတို့ထွက်လာရင် မိန်းကလေးကိုယ်တိုင်သွားပြီး အကျိုးအကြောင်း ပြောပြလိုက်ပါ"

ဟု ပြောသဖြင့် မြနှင်းဖြူမှာ အထိတ်တလန့် အမူအယာဖြင့် မျက်လုံးပြူးသွားလေသည်။

"ကျ . . ကျွန်မက ဘာတွေပြောရမှာလဲဟင်၊ ဘယ်သူတွေကို ပြောရမှာလဲ ဆရာကြီး"

"မကြောက်ပါနဲ့ မိန်းကလေး၊ အခုလာမယ့်သူတွေက မင်းကြောက်ရမယ့်သူတွေ မဟုတ်ပါဘူး၊ မင်းနဲ့ အဆက်အနွယ်ရှိတဲ့သူတွေပါပဲ"

"ဘယ်သူတွေလဲဟင်"

"တခြားမဟုတ်ပါဘူး . . . ခရေပင်ဇောက်ထိုး ပညာသိုက်ကြီးကို နှံဘေးနားက စောင့်ရှောက်ပေးနေကြတဲ့ ကရင်မောင်နှမနှစ်ယောက်ပါပဲ"

မြနှင်းဖြူမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"ကျ . . ကျွန်မက ဘာတွေပြော . . ပြောရမှာလဲဟင်"

"တခြားထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွယ်၊ အခုလာကြတာ သူတို့မောင်နှမ စောင့်နေတဲ့ ကရင်မောင်နှမသိုက်က ဥစ္စာပစ္စည်းတွေကိုလည်း ဘာတစ်ခုမှ မယူဘူးဆိုတဲ့အကြောင်းနဲ့ ခရေပင်ဇောက်ထိုး ပညာသိုက်ထဲက ရွှေ ရုပ်ဒ်တွေနဲ့ တခြားပစ္စည်းတွေကိုလည်း ဖျက်ဆီးဖို့ လာတာ မဟုတ်တဲ့အကြောင်း ပြောပေးရုံပါပဲ"

"ဒါပဲ ပြောရမှာလားဟင်"

"နောက်တစ်ချက်က အခု ဒီနေရာကို လာတာဟာလည်း ကိုယ့်သဘောနဲ့ကိုယ် လာတာ မဟုတ်ဘဲ မူလပစ္စည်းပိုင်ရှင် ဆရာတော်ကြီးတွေရဲ့လမ်းညွှန်ခွင့်ပြုချက် ပေးလိုက်လို့ လာခဲ့တာ ဖြစ်တဲ့အကြောင်းကိုသာ ပြောပြပေးရုံပါပဲ"

ထိုစကားကြားသောအခါမှ မြနှင်းဖြူမှာ အနည်းငယ် စိတ်သက်သာသွားဟန်ရှိလေသည်။

မောင်ထွန်းမြတ်ကတော့ နှမဖြစ်သူအတွက် စိုးရိမ်နေဟန် ရှိလေသည်။

ထို့နောက် ဆရာကြီးသူရရှက မြနှင်းဖြူလည်ပင်းမှာ ဆွဲထားသော ပရိတ်ကြိုးကလေးကို ပြန်ဖြုတ်ယူလိုက်သည်။

ထိုအခိုက်မှာပင် လေပြင်းတစ်ချက် ဝေ့ကနဲ တိုက်ခိုက်သိုက်ရာ သမုတ်ပလ္လင်ပေါ်မှာ ထွန်းထားသော ဖယောင်းတိုင်







www.burmeseclassic.com

www.burmeseclassic.com



သုံးတိုင်မှာ 'တုတ်' ကနဲ မီးငြိမ်းသွားလေတော့သည်။

လရောင်ကလည်း တိမ်ကြားထဲ ရောက်နေသောအချိန် ဖြစ်နေသည်နှင့် ကြိုကြိုက်နေရာ ပတ်ဝန်းကျင်တဝိုက်မှာ မည်းမှောင်သွားလေတော့သည်။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းသွားသောအချိန်တွင် ဘုရားပျက်ကြား၊ သိမ်ကြား၊ သမုတ်ပလ္လင်အနောက်ဖက်နေရာများမှ မည်းမည်းသဏ္ဌာန်များ တရွေ့ရွေ့ထွက်လာသည်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

ပုံသဏ္ဌာန်များကို သဲကွဲစွာ မမြင်ရသော်လည်း ပုပုကွကွများ၊ ထန်းပင်တမျှ မြင့်သောအရပ်အမောင်းများ၊ သေးကွေးသော ခန္ဓာကိုယ်များ၊ ပုတ်လောက် ကြီးသော ကိုယ်ခန္ဓာများလည်း ပါလေသည်။

ဎင်းတို့သည် အမှောင်ရိပ်များအတွင်းမှသာ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လှုပ်ရှားနေကြသော်လည်း ကျွန်ုပ်တို့ ရှိနေသောပတ်ဝန်းကျင်ကိုတော့ မလာကြပေ။

"ဒါတွေက အပြင်မှာ စောင့်ရတဲ့ သရဲသဘက်တွေပါ။ ငါတို့ကို ဘာမှမလုပ်နိုင်ပါဘူး၊ သူတို့စည်းထဲ ဝင်မှာစိုးလို့သာ ခြောက်လှန့်နေကြတာပါ၊ မကြာခင် သက်ဆိုင်ရာပုဂ္ဂိုလ်တွေ လာလိမ့်မယ်"

ဟု ပြောနေစဉ်မှာ မြင်နေရသော မည်းမည်းသဏ္ဌာန်များမှာ အမှောင်ရိပ်အတွင်းသို့ အလျှိုအလျှို ပြန်ဝင်သွားကြသည်ကို လှမ်းမြင်လိုက်ရသည်။





အတန်ကြာသောအခါ သမုတ်ပလ္လင်အတွင်းဘက် မည်းမည်းသဏ္ဌာန်နှစ်ယောက် ထွက်လာသည်။

အပေါက်ဝရောက်လာတော့မှ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ဖြစ်မှန်း သဲကွဲသွားပြီး တရင်အမျိုးသား၊ အမျိုးသမီးများ ဝတ်ဆင်လေ့ရှိသော ရိုးရာဝတ်စုံတို့ကို ဝတ်ဆင်ထားကြသည်။

ဎင်းတို့နှစ်ယောက်သည် သမုတ်ပလ္လင်အပေါက်ဝရောက်သောအခါ ရှေ့ဆက်မလာတော့ဘဲ ရပ်တန့်နေကြသည်။

"အဲဒါ ကရင်မောင်နှမပဲ၊ မိန်းကလေးနဲ့ အရင်ဘဝကဘဝဆက် ရှိခဲ့ကြသူတွေပဲ၊ ကျုပ်ပြောတဲ့အတိုင်းသာ မိန်းကလေးက ပြောပြလိုက်ပါ"

ဟု ဆရာကြီးသူရန္တက ပြောသောအခါ မြနှင်းဖြူမှာ ပထမတော့ ကြောက်ရွံ့နေဟန်ရှိသော်လည်း နောက်တော့လည်း ဆရာကြီး စေခိုင်းသည့်အတိုင်း ကရင်မောင်နှမ ရှိရာသို့ တည်တည်ငြိမ်ငြိမ်နှင့်ပင် လျှောက်သွားလေသည်။

မြနှင်းဖြူ၏အမူအယာမှာ သတိမေ့နေသူတစ်ယောက်ကဲ့သို့ ရှိနေလေသည်။

အနီးရောက်သောအခါ တည်ငြိမ်သောအသံဖြင့် ပြောသည်။

"ကျွန်မလာတာ အစ်ကိုတော် အစ်မတော်တို့ကို ပြောပြစရာ ရှိလို့ပါ"

"......"



www.burmeseclassic.com

www.burmeseclassic.com



"တခြားမဟုတ်ပါဘူး. . . အခုလာတဲ့ဆရာကြီးတ ထွက်ရပ်ဝေါ်တ် ဆရာတော်ကြီးနှစ်ပါးဖြစ်တဲ့ ဆရာတော်ကြီး ဇာဝရရဲ့စေခိုင်းခွင့်ပြုချက်ကြောင့် လာကြတာ ဖြစ်ပါတယ်။ အေးစွန်ပါရွှေစေတီမှာ ဆရာတော်ကြီးနဲ့လည်း တွေ့ပြီးပါပြီ"

"ငါတို့ သိပါတယ်"

"အခု ဒီကိုလာတာ အစ်ကိုတော် အစ်မတော်တို့ စောင့် ရှောက်ပေးနေရတဲ့ ရွှေငွေရတနာတွေကို ဘာတစ်ခုမှ ယူငင် ဖျက်ဆီးခြင်း မပြုပါ"

"....."

"ဒါ့အပြင် ခရေပင်ဇောက်ထိုးမှာ ရှိတဲ့ ပညာသိုက် အတွင်းကို ရောက်ရင်လည်း ဆရာတော်ကြီး ထားခဲ့တဲ့ပစ္စည်း တွေကို ယူငင်ဖျက်ဆီးခြင်း မပြုပါဘူးလို့ ကတိပေးပါ့မယ်၊ အစ်ကိုတော် အစ်မတော်တို့ အနှောင့်အယှက် အန္တရာယ်များ မပေးဖို့ တောင်းပန်ပါတယ်"

"ဒီလိုဆိုတော့လည်း သူတို့ကို နှောင့်ယှက်ဖျက်ဆီးစရာ အကြောင်းမရှိတော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ပြောလိုက်ဦး မယ်၊ ခရေပင်ဇောက်ထိုးသိုက်က အထိကရနေရာတစ်ခုပဲ၊

အစောင့်ဘီလူးကလည်း ငါတို့ထက် ပိုပြီးသိဒ္ဓိမြင့်တယ်၊ မူလပိုင်ရှင်ဆရာတော်ကြီးရဲ့ခွင့်ပြုချက်ကြောင့် ဝင်လို့ရတယ် ဆိုပေမယ့် အနှောင့်အယှက်တွေကတော့ ရှိမှာပဲ၊ ငါတို့လည်း တားဆီးပေးဖို့ မတတ်နိုင်ဘူး၊ ဒီတော့ သတိနဲ့သာ လုပ်ကြပါ၊ စည်းတစ်ခုခု ပေါက်တာနဲ့ အန္တရာယ်နဲ့ တွေ့မှာ မုချပဲ၊





ငါတို့လည်း ဒီလောက်ပဲ ပြောခွင့်ရှိတယ်"

ဟု ပြောဆိုပြီးနောက် ကရင်မောင်နှမနှစ်ယောက်တို့မှာ သမုတ်ပလ္လင်အတွင်းဘက်သို့ ပြန်ဝင်သွားကြလေသည်။

ထိုအခါ ဆရာကြီးသူရရွှေက စောစောက မီးငြိမ်းသွား သော ဖယောင်းတိုင်သုံးတိုင်တို့ကို မီးပြန်ထွန်းလိုက်ရာ အလင်း ရောင်များ ပြန်ရလာလေသည်။

မြနှင်းဖြူက အနားပြန်ရောက်လာသောအခါ အကျိုး အကြောင်း ပြန်ပြောပြရာ ဆရာကြီးသူရရွှေက ခေါင်းတညိတ် ညိတ်ဖြင့် နားထောင်နေပြီးမှ...

"အနှောင့်အယှက် အဖျက်အဆီးဆိုတာကတော့ ဒီ နေရာမှာမှ မဟုတ်ပါဘူး၊ နေရာတိုင်းမှာ ရှိနေတာပါပဲ၊ ကိုယ့် ဖျက်စိနဲ့သာ မြင်ရရင် ခြေနင်းစရာနေရာတောင် မရှိဘူး၊

အကူအညီပေးရမယ့်ကိစ္စဆိုရင်သာ ဝင်ပြီးမကူညီ ရှိရ မယ်၊ အနှောင့်အယှက်ပေးရမယ်၊ အဖျက်အဆီး လုပ်ရမယ် ဆိုရင်တော့ သက်ဆိုင်တာတွေရော မသက်ဆိုင်ဘဲနဲ့ နံဘေးပတ် ဝန်းကျင်တဝိုက်မှာ ရှိနေတာတွေကပါ အားလုံးဝင်ပြီး အနှောင့် အယှက်ပေးကြတယ်"

ဟု ပြောပြသည်။

"ဒါထက် ဆရာကြီး. . . ကရင်မောင်နှမက ခရေပင် ဇောက်ထိုးသိုက်နဲ့ ဘယ်လိုပတ်သက်နေလို့လဲဟင်"

"သူတို့နဲ့ကတော့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ဒါပေ မယ့် ခရေပင်ဇောက်ထိုးသိုက်ကို ဖော်နိုင်ခဲ့ရင် သူတို့[illegible]သိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ အဖော်ခံရမှာစိုးလို့ လာသမျှဆရာတွေကို သူတို့က ဆီးပြီးဒုက္ခပေးတဲ့သဘောပါပဲ"

"အခု သူတို့ကို ပြောပြထားပြီဆိုတော့ အနှောင့်အယှက်ပေးတော့မယ် မထင်ဘူး"

"သူတို့ကတော့ အနှောင့်အယှက်မပေးပေမယ့် ပတ်ဝန်းကျင်မှာ ရှိနေသေးတဲ့ ပရလောကသားတွေကတော့ နည်းအမျိုးမျိုး သုံးပြီး နှောင့်ယှက်ကြဦးမှာပဲ၊ သူတို့ရဲ့မာယာကျော့ကွင်းထဲကို မဝင်မိအောင်တော့ ဂရုပြုကြရမှာပဲ"

ဟု ပြောပြလေရာ အားလုံးမှာ သက်ပြင်းချရှုသာ တတ်နိုင်ကြလေတော့သည်။





## အခန်း(၁၆)

# ခရေပင်ဖောက်ထိုးနှင့် ပရလောက မာယာညှတ်ကွင်း

ထိုနေ့က အစီအမံများ ပြုလုပ်ခဲ့ပြီးနောက် ကဆုန်လပြည့်ကျော်(၁)ရက်နေ့ ရောက်သောအခါ ခရေပင်ဖောက်ထိုးရှိရာသို့ တစ်ကျော့ပြန်သွားကြသည်။

ထိုနေ့ညမှာလည်း ပတ်ဝန်းကျင်မှာ ရှိသော အနှောင့်အယှက်များ၏ခြောက်လှန့်မှုများကို ခံကြရလေသည်။

ပထမတော့ စိုးရိမ်မိသော်လည်း တကယ်တမ်း အနား



www.burmeseclassic.com

www.burmeseclassic.com



မတပ်ဝံ့မှန်း သိသောအခါ များစွာစိတ်သက်သာရာ ရသွားကြပြီး ကြောက်လန့်မှုများလည်း မရှိကြတော့ပေ။

"ကျုပ်တို့တတွေ ဒီကနေ့ည လမွန်းမတည့်မီအချိန်မှာ ခရေပင်အောက်ထိုးရဲ့ဝင်ပေါက်ကို တွေ့အောင်ရှာကြရမယ်"

"အပေါက်ဝက ဘယ်နေရာမှာလဲ ဆရာကြီး"

"ကျုပ်လည်း အသေအချာတော့ မသိရသေးဘူး၊ ပုရပိုဒ်ထဲမှာတော့ လျှို့ဝှက်စာအညွှန်း ပါတယ်"

"ဘယ်လိုတဲ့လဲ ဆရာကြီး၊ ဝိုင်းကူပြီးစဉ်းစားပေးတန် စဉ်းစားရအောင်လို့ ကျွန်တော်တို့ကိုလည်း အသိပေးလို့ရရင် ပေးပါ"

"ရပါတယ်. . . ပုရပိုဒ်အညွှန်းထဲမှာ ပါတဲ့စာက (ကျား နှစ်စီးရှိရာ တွေ့အောင်ရှာ၊ ကျားကြီးရှိရာဝင်ပေါက်မှာ ဘီလူး ထွက်၍ရပ်လတ္တံ့၊

အသားစားကြူး၊ ထိုဘီလူးကို၊ လက်ဦးခဏ၊ နှိမ်နှင်းမှ၊ ကိစ္စပြုဖွယ် ပြီးစီးလွယ်မည်၊ ပညာခဏ်းဖြင့် ရှာကြလော့) လို့ ရေးထားတယ်"

ထိုစကားကြားသောအခါ မောင်ထွန်းမြတ်က သူ့ အထင်ကို ပြောလေသည်။

"အညွှန်းထဲမှာ ကျားနှစ်စီးကို တွေ့အောင်ရှာလို့ ပြော တော့ ဒီနေရာမှာ ကျားအရှင်တော့ ဘယ်နည်းနဲ့မှ မရှိနိုင်ဘူး၊ ကျားရုပ်ကိုပဲ ရှာရမှာပဲ၊ ဒါပေမယ့် ကျွန်တော်တို့က ငယ်ငယ် ကတည်းက ဒီနေရာတဝိုက်မှာ ဆော့ကစားလာကြတာဆိုတော့





မရောက်ဖူးတဲ့နေရာ မရှိသလောက်ပါပဲ၊ ဒီနေရာတဝိုက်မှာ ဆရာကြီး ပြောတဲ့ ကျားရုပ်တော့ မတွေ့မိဘူး"

"ဒါဖြင့် ဘာရှိသလဲ"

"သိမ်ပေါက်ဝမှာတော့ ခြင်္သေ့ရုပ်နှစ်ကောင်တော့ ရှိ တယ် ဆရာကြီး၊ အဲဒီခြင်္သေ့ကိုများ ကျားလို့ ရေးထားခဲ့သလား မသိဘူး"

ဟု ပြောလေရာ ဆရာကြီးသူရဿတ တစ်ချက်ပြုံးလိုက် လေသည်။

"ခြင်္သေ့နဲ့ကျားက တောတိရစ္ဆာန်ချင်း တူပေမယ့် နေ့နံ ချင်း မတူဘူး မောင်ထွန်းမြတ်ရဲ့၊ ရှေးက လူတွေက တစ်ခုံတစ်ခု ကို ညွှန်းတော့မယ်ဆိုရင် ဘယ်တော့မှ ထင်ထင်ပေါ်ပေါ် ရေး လေ့မရှိဘူး၊

နေ့နံတွေ သုံးပြီး လျှို့ဝှက်စွာ ရေးလေ့ရှိကြတယ်၊ ဒီ တော့ ဒီနေရာမှာ တောထဲက ကျားမရှိဘူးဆိုတော့ ကျားရုပ် သင်္ကေတ ရှိတဲ့ တနင်္လာနံပစ္စည်းကိုပဲ ရှာရတော့မှာပေါ့"

ထိုသို့ပြောပြီး ပတ်ဝန်းကျင်တဝိုက်သို့ စေ့စေ့စပ်စပ် လိုက်လံရှာဖွေကြရာ ဒေါက်တာမင်းထင်ကျော်က သစ်ချုံများ ဖုံးနေသောနေရာအောက်မှ တစ်စုံတစ်ခုကို တွေ့သွားလေ သည်။

"ဒီမှာ ဆရာကြီး. . . ဒါဖြစ်မယ်ထင်တယ်"

ဟု လှမ်းပြောရာ ချုံနွယ်များအောက်တွင် ထူးခြားသော ကျောက်တုံးကြီးတစ်တုံးကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာက ခရေပင်ဇောက်ထိုး ရှိတဲ့နေရာရဲ့အရှေ့ဘက်အရပ်ဆိုတော့ တနင်္လာနံကျားပဲ၊ ကျောက်ကလည်း တနင်္လာနံ ကျားဆိုတော့ ကျားနှစ်ကောင်ပဲ မဟုတ်လား"

ထိုစကားကြားသောအခါ ဆရာကြီးသူရှူမျက်နှာပေါ်မှာ တျေနပ်မှုကြောင့် ပီတိအရိပ်အယောင်များ ပေါ်လာသည်။

"တော်ပါပေတယ် မောင်ထင်ကျော်ရယ်၊ ဒီယူဆချက်ကတော့ ကျုပ်တောင် သတိမမူမိတဲ့အချက်ပဲ၊ မောင်ထင်ကျော်ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဆရာကြီးရယ်၊ ဒီပညာတွေက ဆရာကြီးသင်ပေးထားတဲ့ပညာတွေပါပဲ၊ ဒါဖြင့် ဒီနေရာဟာ ဝင်ပေါက်ဖြစ်ဖို့ သေချာလောက်ပြီပေါ့"

"သေချာပါတယ်"

"ဒါဖြင့် ကျောက်တုံးကို ဖယ်လိုက်ရမလား ဆရာကြီး"

"အရမ်းမလုပ်နဲ့ မောင်ထင်ကျော်၊ ပုရိုဒ်အညွှန်းထဲမှာ ဝင်ပေါက်စောင့်တဲ့ဘီလူး ရှိသေးတယ်၊ သူနဲ့ တွေ့ရလိမ့်ဦးမယ်၊ နောက်ဖက်ကို ဆုတ်နေကြ"

ဟု ပြောဆိုကာ ဆရာကြီးသူရှူက တစ်စုံတစ်ခုကို တိုင်တည်ပြီးနောက် ကျောက်တုံးပေါ်တွင် ဖယောင်းတိုင်သုံးတိုင် ထွန်းလိုက်လေသည်။

ထိုသို့မီးထွန်းပြီး ဆရာကြီးသူရှူပါ နောက်သို့ အနည်းငယ် ဆုတ်ပေးလိုက်လေသည်။

ခဏကြာတော့ ကျောက်တုံးပေါ်မှာ ထွန်းထားသော





ဖယောင်းတိုင်များကို တစ်စုံတစ်ယောက်က မှုတ်လိုက်သကဲ့သို့ တစ်တိုင်ပြီးတစ်တိုင် ငြိမ်းသွားကာ မီးခိုးငွေ့များ တက်လာလေတော့သည်။

ကြည့်နေရင်းမှာပင် မီးခိုးငွေ့များက တဖြည်းဖြည်း များလာသည်။ ဖယောင်းတိုင်သုံးတိုင်မှ ထွက်နေခြင်းနှင့် မတူဘဲ မီးဖိုတစ်ခုပေါ်သို့ ရေလောင်းလိုက်သကဲ့သို့ ဝုန်းကနဲ ထွက်လာခြင်းဖြစ်သည်။

ထိုမီးခိုးငွေ့များမှာ အတန်ကြာအောင် ဝေ့ဝဲနေပြီးမှ အတန်ကြာတော့ ပါးသွားလေသည်။

ထိုအခါမှ ကျောက်တုံးပေါ်မှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့မြင်ကြရတော့သည်။

ပုံပန်းသဏ္ဌာန် သဲကွဲစွာ မမြင်ရသော်လည်း အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် ကြီးမားကာ တစ်ကိုယ်လုံး အမွေးအမျှင်များ ဖုံးလွှမ်းလျက်ရှိပေသည်။

အမှောင်ရိပ်ထဲမှာပင် နီရဲလျက်ရှိသော မျက်လုံးနှစ်လုံးနှင့် ဖြူဖွေးနေသောအစွယ်များကို မြင်ရသောကြောင့် ဘီလူးတစ်ကောင်ဖြစ်ရမည်ဟုတော့ ခန့်မှန်းမိလေသည်။

ထိုသတ္တဝါကြီးကို မြင်ရသောအခါ အခြားသူများထက် မိန်းမသားဖြစ်သော မြနှင်းဖြူမှာ ကြောက်လွန်းသောကြောင့် အစ်ကိုဖြစ်သူ မောင်ထွန်းမြတ်နောက်ဘက်တွင် ပုနေလေသည်။

ထိုအခါ ဆရာကြီးက လှမ်းပြောလေသည်။

"အစောင့်ဘီလူး သင်ရှိမှန်း ငါတို့သိပြီးဖြစ်သည်၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သည် ဤနေရာကို နှောင့်ယှက်ဖျက်ဆီးရန် လာရောက်ခြင်း မဟုတ်ပေ၊

မူလပိုင်ရှင်ဆရာတော်ကြီးတို့၏ခွင့်ပြုချက်ဖြင့် ပညာရပ်များကို လေ့လာရန်အတွက် လာရောက်ကြခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့အား မနှောင့်ယှက်ဘဲ ဝင်ပေါက်သာ ပြပေတော့"

ဟု လှမ်းပြောလိုက်သောအခါ မတုန်မလှုပ်ဖြင့် ရပ်မြဲရပ်နေလေသည်။

နံဘေးနားမှာ ငြိမ်သက်စွာ ရှိနေသော ကျွန်ုပ်တို့တတွေမှာ 'အခြေအနေမှ ကောင်းပါ့မလား' ဟု စိုးရိမ်စိတ်ဖြင့် စောင့်ကြည့်နေကြလေသည်။

"အစောင့်ဘီလူး . . . ငါတို့သည် ဆရာတော်ကြီး၏ အလိုဆန္ဒအတိုင်း ဤနေရာသို့ လာရောက်ခြင်းဖြစ်ပေသည်၊

အတွင်းမှာ ရှိသော ပစ္စည်းများကို ဘာတစ်ခုမှ ဖျက်ဆီးယူငင်ခြင်းမပြုပါဟု သစ္စာပြုပါ၏၊

သင်မယုံကြည်က ဆရာတော်ကြီးချီးမြှင့်ပေးလိုက်သော ပုရပိုဒ်သုံးဆူကို ကြည့်လော့"

ဟု ပြောကာ လွယ်အိတ်အတွင်းမှ ပုရပိုဒ်သုံးဆူကို ထုတ်၍ မြှောက်ပြလိုက်သောအခါ ကျောက်တုံးပေါ်မှာ မတ်တတ်ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးမှာ ရပ်နေရာမှ ထိုင်ကျသွားလေသည်။

"သင်ယုံကြည်ပြီဆိုက ဝင်ပေါက်ကို ဖွင့်ပေးလော့"





ထိုအခါ မည်းမည်းသဏ္ဍာန်ကြီးက ကောင်းကင်ပေါ်သို့ လက်ညှိုးထိုးပြသည်။

ဆရာကြီးက အပေါ်သို့ မော့ကြည့်ပြီးနောက် အခြေအနေကို သဘောပေါက်သွားလေသည်။

ကောင်းကင်ပေါ်၌ လမွန်းမတည့်သေးချေ။

ညွှန်းစာအရ လမွန်းတည့်ချိန် ရောက်သောအခါမှ အတွင်းသို့ ဝင်ခွင့်ရကြပေမည်။

သို့ကြောင့် လမွန်းတည့်ချိန် ရောက်သည်အထိ စောင့်ကြရသည်။

မကြာမီ လမွန်းတည့်တော့မည်ဖြစ်သော်လည်း သို့သို့ စောင့်နေရသောအချိန်၌ပင် စိတ်ပင်ပန်းမှုကြီးစွာ ဖြစ်ကြရပေသည်။

မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအချိန်ကလေးအတွင်း နောက်ထပ် ဘယ်လိုများဖြစ်မည်လဲဟု တွေးတောပူပန်ကြရသည်။

သို့သော်လည်း ဘာမှ ထူးထူးခြားခြားတော့ မဖြစ်ပေ။

လမွန်းတည့်ချိန် ရောက်သည်နှင့် အစောင့်ဘီလူးက အောက်သို့ ဆင်းပြီး ကျောက်တုံးကြီးကို 'ဝုန်း'ကနဲ ဆွဲလှန်လိုက်လေသည်။

ထိုသို့လှန်ပြီးသည်နှင့် ထိုနေရာသို့ လက်ညှိုးထိုးပြပြီးနောက် အမှောင်ရိပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

"ဝင်ဖို့ အချိန်ကျပြီ၊ မောင်ထွန်းမြတ်တို့မောင်နှံတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီနေရာတဲ စောင့်နေကြပါ၊ မင်းတို့မောင်နှမအတွက် အထားအတွယ်တွေ စီမံပေးထားခဲ့ပြီးသားမို့ ဘယ်လိုအန္တရာယ်မျိုးမှ အနှောင့်အယှက်ပေးနိုင်ပါဘူး။

တစ်ခုပဲ အရေးကြီးတာက ဒီနေရာကနေ ဘယ်ကိုမှ ထွက်မသွားဖို့ လိုတယ်၊ ဘယ်လိုအကြောင်းကိစ္စပဲပေါ်ပေါ် ကျုပ်တို့ ပြန်ထွက်မလာမချင်း အပြင်ကို မထွက်ကြပါနဲ့"

ဟု မှာကြားကာ ၎င်းတို့မောင်နှမနှစ်ယောက် ရှိသောနေရာကို စည်းဝိုင်း,ဝိုင်းပေးထားခဲ့လေသည်။

မောင်နှမနှစ်ယောက်မှာ ဘာမှပြန်မပြောကြသော်လည်း များစွာကြောက်ရွံ့ထိတ်လန့်သော အမူအယာဖြင့် ကျန်ခဲ့ကြလေသည်။

ထို့နောက်. . .

ကျွန်ုပ်တို့သုံးယောက်သည် အလင်းရောင်အချို့ ဖြာထွက်နေသော အပေါက်ဝ ရှိရာသို့ ခပ်သုတ်သုတ် သွားကြလေသည်။

ထိုနေရာရောက်သောအခါ ပထမ ကျောက်တုံးတစ်တုံးကို လှန်ထားပြီးဖြစ်သော်လည်း နောက်ထပ်ကျောက်ပြားတစ်ချပ်ကို ထပ်မံတွေ့ကြရပြန်သဖြင့် ထပ်မံ၍ဆွဲလှန်လိုက်သောအခါ အောက်ဘက်သို့ ဆင်းနိုင်သော ရေတွင်းကဲ့သို့ တွင်းတစ်တွင်းကို တွေ့ရသည်။

အနက်ကတော့ သိပ်မရှိလှပေ။

သို့ကြောင့် တစ်ယောက်ပြီးတစ်ယောက် အောက်သို့





ဆင်းလိုက်ကြသည်။

အတွင်းရောက်သောအခါ ဥမင်လမ်းကြောင်းတစ်ခုကို တွေ့ရသဖြင့် ထိုလမ်းအတိုင်း သွားသောအခါ အလင်းရောင်များ ဖြာထွက်နေသော အခန်းတစ်ခုသို့ ရောက်သွားလေသည်။

ထိုအခန်းမှာ အခြားမဟုတ်ပေ။

ထွက်ရပ်ပေါက်ဆရာတော်ကြီး ဦးဇာဂရ စီရင်ထားခဲ့သော ပညာသိုက်များ ထားသည့်အခန်းပင် ဖြစ်ပေတော့သည်။ အဝင်နေရာလောက်တွင် ဉာဏ်တော်တစ်ပေခန့် ရှိသော ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။

ဝင်းလက်သောအရောင်မျိုးစုံတို့မှာ ထိုရုပ်ပွားတော်မှ ဖြာထွက်နေခြင်းဖြစ်၏။

ထွက်ရပ်ပေါက်ဆရာတော်ကြီး အရှင်ဇာဂရ ထွက်ရပ်ပေါက် လမ်းစဉ်တလျှောက်လုံး အောင်မြင်ပြီးခဲ့သော သိဒ္ဓိပေါက်ဓါတ်လုံးများကို စုပေါင်း၍ ရုပ်ပွားတော် ပြုလုပ်ထားခဲ့သော 'ဓါတ်ပေါင်းစုံဘုရား' ပင်ဖြစ်ပေတော့သည်။

ဆရာကြီးသူရဇ္ဇက ရုပ်ပွားတော်ရှေ့မှာ ရှိသေစွာ ထိုင်ပြီး ကန်တော့လေရာ ကျွန်ုပ်တို့နှစ်ယောက်လည်း တစ်သက်တစ်ခါ ကြုံကြိုက်ခဲလှသော ရုပ်ပွားတော်ကို ရိုသေစွာ ကန်တော့လိုက်ကြလေသည်။

ရုပ်ပွားတော်မှာ သိဒ္ဓိပေါက်ပြီးသား ပြဒါး၊ သွပ်၊ သံ အစရှိသော သိဒ္ဓိပေါက်ပြီးသား ဓါတ်လုံးများ စုပေါင်း၍ ပြုလုပ်ထားသောကြောင့် ရောင်ခြည်တော်များ လွှတ်နေသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အရောင်မျိုးစုံတို့ ပြာထွက်နေခြင်းဖြစ်သည်။

သုံးယောက်သား ဓါတ်ပေါင်းစုံ ရုပ်ပွားတော်ကို ကျေနပ်လောက်အောင် ဖူးမြင်ပြီးနောက် အခြားတစ်နေရာသို့ လျှောက်ကြည့်ရာ ကလပ်တစ်ခုပေါ်မှာ တင်ထားသော ဓါတ်လုံးတစ်လုံးကို တွေ့ရပြန်သည်။

ဓါတ်လုံးမှာ အတန်ငယ် ကြီးပြီး ကလပ်ပေါ်မှာ တင်ထားသည်ဆိုသော်လည်း ကလပ်နှင့် မထိဘဲ ကြွတက်နေသည်။ ဆရာကြီးသူရဿက တစ်စုံတစ်ခုကို တိုင်တည်ရွတ်ဆိုပြီးနောက် ကလပ်ပေါ်မှ ဓါတ်လုံးကို လှမ်းယူလိုက်ရာ လက်ထဲသို့ ပါလာသည်။

သို့ကြောင့် ဦးခေါင်းပေါ် တင်ပြီးနောက်. . .

"တပည့်တော်သည် ဆရာတော်ကြီး၏အောင်ဓါတ်ဖြစ်သော ဤဓါတ်လုံးကို ကိုင်တွယ်ရသဖြင့် တပည့်တော် ဆောင်ရွက်မည့် သာသနာပြုလုပ်ငန်းများ အောင်မြင်မှု ရပါစေသား"

ဟု ဆုတောင်းလိုက်လေသည်။

ထို့နောက်. . .

ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့ ဦးခေါင်းပေါ်သို့ ဓါတ်လုံးတင်ပေးပြီး လိုရာဆု တောင်းခိုင်းသောကြောင့် အလိုရှိသောဆုများ အသီးသီး တောင်းလိုက်ကြလေသည်။

ပြီးသောအခါမှ ပြဒါးရှင်ဓါတ်လုံးကို ရွှေကလပ်ပေါ်သို့ ပြန်တင်ထားလိုက်လေသည်။

ထိုကဲ့သို့ ပြုလုပ်ခွင့် ရလိုက်သဖြင့် ကျွန်ုပ်စိတ်ထဲမှာ





ထူးထူးခြားခြား ကြည်နူးမှုများဖြစ်ပေါ်လာလေသည်။

နောက်တစ်နေရာမှာတော့ ကလပ်တစ်ခုပေါ်မှာ တင်ထားသော ပုရပိုဒ်သုံးဆူကို တွေ့ရသဖြင့် ဆရာကြီးသူရဿက ရှိသေစွာ ကန်တော့ပြီးနောက် ခွင့်ပန်ကာ ပုရပိုဒ်သုံးဆူကို လှမ်းယူလိုက်လေသည်။

ပုရပိုဒ်များမှာ ရွှေသားဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး တစ်ဆူမှာ လောကီဆိုင်ရာ(ကာယသိဒ္ဓိ၊ ဗီယသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ဓနသိဒ္ဓိ) သိဒ္ဓိလမ်းစဉ်နည်းများ ပါသည်။

နောက်တစ်ဆူမှာ ထွက်ရပ်လမ်း ကြွမြန်းနိုင်သောနည်းများ ပါသည်။

နောက်တစ်ဆူကတော့ နိဗ္ဗာန်လမ်းအထိ ကူးနိုင်သော ကျင့်စဉ်များ ပါရှိလေသည်။

ထိုပုရပိုဒ်များကို လှန်လှော၍ကြည့်ရှုသာ ကြည့်နိုင်ပြီးနောက် ပုရပိုဒ်များကို ကလပ်ပေါ်သို့ ပြန်တင်ထားလိုက်လေသည်။

နောက်တစ်နေရာမှာတော့ ကွမ်းအစ်တစ်လုံးကို တွေ့ရသဖြင့် ဖွင့်ကြည့်လိုက်သောအခါ အတွင်းအံ၌ ရသာယနပြာမှုန့်များကို တွေ့ရလေသည်။

နောက်တစ်နေရာမှာတော့ အဂ္ဂိရတ်ထိုးသော ပစ္စည်းများကို တွေ့ရပြီး မီးဖိုအတွင်းမှာ မီးခဲများပင် ရှိနေသေးပြီး မီးခိုးတလူလူပင် ထွက်နေသေးသည်။

နောက်မှ ဆရာကြီးက ပြောပြသည်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ကျွန်ုပ်တို့ ဝင်မလာမီအချိန်က ဝိဇ္ဇာဖော်ဆိုးတစ်ပါးပါး ဖိုထိုးနေဟန်ရှိပြီး ကျွန်ုပ်တို့ ဝင်လာတော့မှ ထွက်သွားခဲ့ကြောင်း သိရလေသည်။

ထိုနေရာတဝိုက်မှာတော့ ဖိုဆွဲရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများအပြင် နံဘေးနားမှာလည်း ကြေးမချွတ်ရသေးသော ရွှေတုံးအမြောက်အမြားကို တွေ့ရသည်။

ရွှေတုံးအကြီးအသေးများမှာ မီးသွေးတုံးများကဲ့သို့ အကြီးအသေး ကြမ်းပြင်ပေါ်၌ ပြန့်ကျဲနေလေသည်။

တစ်နေရာမှာတော့ နံရံပေါ်မှာ ရေးသားထားသော စာတစ်ကြောင်းကို တွေ့ရလေသည်။

"လောဘစိတ်ကို ပိတ်ပင်. . . သီလကို ဖြူစင်စေ"

ဟူသော သတိပေးစာပင်ဖြစ်သည်။

ဆရာကြီးသူရဋ္ဌနှင့် ကျွန်ုပ်တို့သည် ထွက်ရပ်ပေါက် ဆရာတော်ကြီး ဦးဇာဂရ ထားခဲ့သောပစ္စည်းများကို ပြည့်စုံအောင် ကြည့်ရှုပြီးနောက် ဆရာကြီးသူရဋ္ဌက ပုရပိုဒ်များအတွင်းမှ ညွှန်ပြထားသောနည်းများထဲမှ အလိုရှိသောနည်းများကို ထုတ်ယူရန် ပြင်နေလေသည်။

သည်နေရာတွင် အပြင်၌ ကျန်ခဲ့သော မောင်ထွန်းမြတ်နှင့် မြနှင်းဖြူတို့ မောင်နှမနှစ်ယောက်အကြောင်းကိုလည်း ဖော်ပြရန် ရှိပေသည်။

၎င်းတို့မောင်နှမှာ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက် အတွင်းသို့ ဝင်သွားသောအခါ ကြောက်ရွံ့ထိတ်လန့်မှု





ဖြင့် ကျန်ခဲ့ကြလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသော်လည်း မမြင်ရသောမျက်လုံးများက ဝိုင်းဝန်းကြည့်ရှုနေသကဲ့သို့ စိတ်ထဲမှာ ထင်နေလေသည်။

ထို့ထက် အမှောင်ထဲမှာ မြင်နေရသော သာမန်အရာဝတ္ထုများကိုပင် မကောင်းဆိုးဝါးများ ထိုင်ကြည့်နေသည်ဟု ထင်နေမိတာ များစွာကြောက်ရွံ့လျက်ရှိနေကြသည်။

"အစ်ကို. . . ကျွန်မတို့ချည်း ကျန်ခဲ့တာ ဖြစ်ပါ့မလား၊ ဆရာကြီးတို့ မရှိတုန်း သရဲသဘက်တွေ ရောက်လာခဲ့ရင် ဘယ်လိုလုပ်မှာလဲဟင်"

"အို. . . မလာပါဘူး ညီမလေးရဲ့၊ ဆရာကြီး ပေးခဲ့တဲ့ ခါတ်လုံးနဲ့ ပရိတ်ချည်တွေ ရှိတာပဲ၊ မကောင်းဆိုးဝါးတွေ အနားမလာဝံ့ပါဘူး"

"ဆရာကြီးတို့ကလည်း အတွင်းဝင်သွားတာ အတော်ကြာပြီနော်၊ တစ်ခုခု အန္တရာယ်နဲ့ တွေ့ရင်တော့ ဒုက္ခပါပဲ"

"အိုး. . . ဒီလိုတော့ ဖြစ်မယ်မထင်ပါဘူး၊ သူတို့ကိစ္စ မပြီးသေးလို့ ကြာနေတာ ဖြစ်မှာပါ"

မောင်ထွန်းမြတ်က နှစ်သိမ့်စကားပြောသော်လည်း မြနှင်းဖြူကတော့ ဒေါက်တာမင်းထင်ကျော်တို့ ဝင်သွားသော အပေါက်ဝဘက်သို့ တမျှော်မျှော်နှင့် ရှိနေလေသည်။

ထိုအချိန်မှာပင် ၎င်းတို့ မနီးမဝေး နေရာတဝိုက်တွင် သွပ်ရှားသွားလာနေသော မည်းမည်းသဏ္ဌာန်များကို ပုံပန်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်အမျိုးမျိုးနှင့် လှုပ်ရှားမြင်နေရသည်။

ယခုတဲ့သို့ ညအချိန်မျိုးတွင် ဒီလိုနေရာမျိုးကို မည်သူကမှ မလာဝံ့သောကြောင့် ယခုမြင်တွေ့နေရသောသဏ္ဍာန်များမှာ မကောင်းဆိုးဝါးများ ဖြစ်ရမည်ဟုတော့ ထင်မိကြသည်။

"အစ်ကို. . ဟို. . . ဟိုမှာ. ."

"မကြောက်ပါနဲ့ ညီမလေးရဲ့၊ သူတို့ အဝေးကသာ နေနိုင်တာပါ၊ အနားကို မလာဝံ့ကြပါဘူး"

ထိုသို့ပြောနေစဉ် သူတို့ရှိရာသို့ လျှောက်လာသော သဏ္ဍာန်တစ်ခုကို တွေ့ရလေသည်။

"ဟိုမှာ လာနေပြီ"

"အသာကြည့်နေပါ. . . မိန်းမတစ်ယောက် ဖြစ်မယ် ထင်တယ်"

ကသုတ်ကရက်နှင့် လာနေသော ထိုမိန်းမက သူတို့ရှိနေရာနှင့် မနီးမဝေး ရောက်သောအခါ ရပ်တန့်သွားသည်။

"ငါ့ညီမတို့မှာ အဖော်တွေ ပါသေးတယ် မဟုတ်လား"

ဟု လှမ်းမေးလိုက်ရာ မြနှင်းဖြူက ခေါင်းညိတ်ပြရုံ ညိတ်ပြလိုက်သည်။

"သူတို့ အတွင်းကို ဝင်သွားကြတယ်မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်တို့ ဝင်သွားသော တွင်းပေါက်ဘက်သို့ လက်ညှိုးထိုးကာ မေးသောကြောင့် ထပ်မံ၍ ခေါင်းညိတ်ပြလိုက်ပြန်သည်။

"အဲဒီဂူက ဘယ်သူမှ မဝင်ရဘူး၊ ဝင်တဲ့သူတိုင်း သေကြ





တာပဲ၊ သူတို့လည်း အတွင်းမှာ ဒုက္ခရောက်နေကြပြီ၊ အဲဒါ လာပြောတာပါ"

ထိုသို့လာပြောသော်လည်း မြနှင်းဖြူတို့မောင်နှမက မယုံကြည်ကြပေ။

"ငါ့ညီမတို့က မမ စေတနာနဲ့ လာပြောတာကို မယုံကြဘဲတိုး၊ နားစွင့်ကြည့်လိုက်. . . မကြာခင် သူတို့ အော်သံဟစ်သံတွေ ကြားရလိမ့်မယ်၊ တကယ်လို့ သူတို့အော်သံကြားတဲ့အခါ အပြင်မှာ ကျန်တဲ့လူက သွားကယ်မှပဲ လွတ်ကြမှာ"

ဟု ပြော၍ ပြန်လှည့်ထွက်သွားလေရာ စောစောက မယုံသော မောင်ထွန်းမြတ်ပင် ဇဝေဇဝါဖြစ်သွားလေသည်။

ထိုမိန်းမ ပြန်ထွက်သွားပြီး မကြာခင်မှာပင် ဂူအတွင်းမှ အော်သံဟစ်သံများ ပေါ်ထွက်လာလေတော့သည်။

"အား. . . ကယ်ကြပါဦး"

"သေပါပြီဗျ. . . အပြင်ကလူတွေ ကယ်ပေးကြပါဦး"

"မောင်ထွန်းမြတ်ရေ. . . မြနှင်းဖြူတို့မောင်နှမရေ ဂူထဲမှာ ပိတ်မိနေလို့ အပြင်ဘက်က ဖွင့်ပေးကြပါဦးဟေ့"

ဝင်သွားသူများ၏ အော်ဟစ်အကူအညီတောင်းသံများက အဆက်မပြတ် ပေါ်လာသောအခါ မြနှင်းဖြူတို့မှာ ဘယ်လိုလုပ်ရမှန်း မသိအောင်ဖြစ်သွားကြလေသည်။

"ဟိုအထဲဝင်သွားသူတွေတော့ ဒုက္ခတွေ့နေကြပြီ ဘယ်လိုလုပ်မလဲ အစ်ကို"

"အို. . . ဘာစဉ်းစားနေစရာ လိုသေးလဲ၊ ယခုကမှ



www.burmeseclassic.com

www.burmeseclassic.com



သေရေး၊ သွားကယ်ကြရှုံ့ ရှိတော့တယ်”

ဟု ပြောဆိုကာ တစ်ယောက်လက် တစ်ယောက်ဆွဲကိုင်ကာ ဒေါက်တာမင်းထင်ကျော်တို့ ဝင်သွားသောအပေါက်ရှိရာသို့ ပြေးကြလေပြီ။

စည်းပေါက်သွားခဲ့ချေပြီ။

ထိုအချိန်၌ ဆရာကြီးသူရရှေ့အပါအဝင် ကျွန်ုပ်တို့သုံးယောက်မှာ ကွမ်းအစ်အတွင်းမှ ရသာယနပြာများကို စားရန် ပြင်ဆင်နေကြဆဲရှိသေးသည်။

ထိုသို့ပြင်ဆင်နေချိန်မှာ တစ်နေရာမှ လှမ်းပြောလိုက်သော အသံကြီးတစ်သံ ပေါ်ထွက်လာလေတော့သည်။

“အပြင်စည်း ပေါက်သွားပြီ၊ သိုက်တံခါးပိတ်တော့မယ်၊ အမြန်ပြန်ထွက်ကြတော့”

ထိုအသံကြားသည်နှင့် အခြားဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အပေါက်ဝရှိရာသို့ အလျင်အမြန် ပြန်ထွက်ကြရလေသည်။

အခန်းတွင်းမှာလည်း အလင်းရောင်များ ကွယ်ပျောက်သွားပြီး မြေလျှင်လှုပ်သကဲ့သို့ မြေအောက်ခန်းတစ်ခုလုံး သိမ့်သိမ့်တုန်နေလေသည်။

နေရာအနှံ့မှ မီးခိုးငွေ့များ ထွက်လာပြီး ဘယ်နေရာမှ ပေါ်လာမှန်း မသိသော အော်သံဟစ်သံများကိုလည်း ကြားရလေသည်။

“မြန်မြန်လာကြဟေ့. . . အချိန်မရှိတော့ဘူး၊ သိုက်





တံခါးပြန်ပိတ်နေပြီ”

သုံးယောက်သား လာလမ်းအတိုင်း ပြန်ထွက်ကြရာ နောက်ဆုံး ကျောက်ပြားနှင့် ပိတ်ထားသောထွက်ပေါက်ဝသို့ ရောက်လာကြသည်။

ကျောက်ပြားမှာ တအိအိနှင့် ပိတ်နေရာ လူတစ်ကိုယ် ထွက်သာရုံပင် အပေါက်ဝ ကျန်တော့သည်။

သို့ကြောင့်. . .

ထိုအပေါက်ဝမှ တစ်ယောက်ပြီးတစ်ယောက် အပြင်သို့ ပြန်ထွက်လိုက်ကြလေသည်။

အားလုံး အပြင်သို့ ရောက်သည်နှင့် ကျောက်ပြားချပ်ကြီးမှာလည်း လုံးဝပိတ်သွားခဲ့လေပြီ။

ထိုအချိန်မှာပင် အစောင့်ဘီလူး ပြန်ရောက်လာပြီးနောက် ကျောက်ပြားပေါ်သို့ မှုလဖယ်ထားသော ကျောက်တုံးကြီးနှင့် ပြန်ဖိပိတ်ပြီးနောက် အမှောင်ရိပ်အတွင်းမှာ ဝေ့ဝါး ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှပင် စောစောက ဆူဆူညံညံ ပေါ်ထွက်နေသောအသံများလည်း ပြန်လည်တိတ်ဆိတ်သွားလေသည်။

မနီးမဝေးမှာတော့ စိုးရိမ်သောမျက်နှာနှင့် ကြည့်နေကြသည့် မောင်ထွန်းမြတ်တို့မောင်နှမနှစ်ယောက်ကို တွေ့ရလေသည်။

ထိုအခါမှပင် ဆရာကြီးသူရရှေ့မှာ အခြေအနေအမှန်ကို သဘောပေါက်သွားကာ သက်ပြင်းတစ်ချက် ချလိုက်လေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

မေ့သောတသားတို့ ပရိယာယ်ကို နားမလည်သော ချောင်း ငုံးတို့မာယာကျော့ကွင်းသို့ တိုးဝင်မိသောအဖြစ်များ မည်သာ အခန်းအတွေ့အကြုံ မရှိသောသူများအတွက် ထူးဆန်း သည်တော့ မဟုတ်တော့ပေ။







အခန်း(၃၇)

# သေနတ်ပေါ်သော်လည်း အချစ်ပါလာခဲ့သူ

အိမ်သို့ ပြန်ရောက်ကြပြီး အကြောင်းစုံ သိရသောအခါ မောင်ထွန်းမြတ်တို့ မောင်နှမက စိတ်မကောင်းစွာဖြင့် တောင်းပန်ကြလေသည်။

"ကျွန်တော်တို့မောင်နှမ မိုက်မဲမှုကြောင့် ဆရာတို့ ကြိုးစားခဲ့ရသမျှတွေ သဲထဲရေသွန်သလို ဖြစ်သွားခဲ့ရတာ တောင်းပန်ပါတယ် ဆရာကြီးရယ်"

"ရပါတယ် မောင်ထွန်းမြတ်ရယ်၊ တောင်းပန်စရာ မလို



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ မောင်ထွန်းမြတ်တို့က ဒီလိုကိစ္စမျိုးတွေကို ကျွမ်းကျင်ကြတာ မဟုတ်လေတော့ ဒီလောက်အကူအညီ ရတာကိုပဲ ကျေနပ်လှပါပြီ"

ဆရာကြီး သူရဇ္ဇက ထိုသို့ ပြောသော်လည်း မောင်ထွန်းမြတ်ရော မြနှင်းဖြူပါ မျက်နှာမကောင်းစွာ ရှိနေကြသည်။

"အခု ကျုပ်တို့ ကြိုးစားခဲ့တာတွေကလည်း အရာမထင်ဖြစ်ခဲ့တာ မဟုတ်ပါဘူး၊ ခရေပင်ဇောက်ထိုးနဲ့ ပတ်သက်လို့ အဓိက ပြုလုပ်ချင်တဲ့ ဆရာတော်ကြီး ဦးဇာဂရ စီမံထားခဲ့ရတဲ့ ဓါတ်ပေါင်းစုံဘုရားကိုလည်း ကျေနပ်လောက်အောင် ဖူးခဲ့ရပါတယ်၊

နောက်တစ်ခုက ကျုပ်လိုချင်တဲ့ ပညာရပ်တွေနဲ့ ပတ်သက်တာတွေ ရွှေပုရပိုဒ်တွေက ကြည့်ရှုခွင့် ရခဲ့တာနဲ့တင် ရခဲ့တဲ့ အကျိုးကျေးဇူးက တန်ဖိုးဖြတ်လို့ မရနိုင်ပါဘူးကွယ်"

ဟု ပြောပြတော့မှ မောင်ထွန်းမြတ်တို့ မောင်နှမနှစ်ယောက်မှာ စိတ်သက်သာရာ ရသွားဟန် ရှိလေတော့သည်။

"ဒါ. . . ဒါဖြင့် နောက်တစ်ခါ ဝင်ဖို့ ကြိုးစားရဦးမှာပေါ့နော်"

"ဒါကတော့ အခါအခွင့် သင့်တော့လည်း ထပ်ပြီးကြိုးစားကြရဦးမှာပေါ့၊ ဒါပေမယ့် အချိန်အခါတော့ စောင့်ရဦးမှာပေါ့လေ"

ဆရာကြီးသူရဇ္ဇက အေးအေးဆေးဆေးပင် ပြောပြလေသည်။ ကျွန်ုပ်အတွက်ကတော့ ဆန်းကြယ်လှသော ဇာတ်





လမ်းတစ်ခုကို ရခဲ့သည်ဆိုသော်လည်း အာယုသိဒ္ဓိပြီးစေသော ရသာယန ဆေးပြာများနှင့် လက်တစ်ကမ်း ရောက်ပြီးမှ မစားခဲ့ရသဖြင့် စိတ်ထဲမှာ မချင့်မရဲ ဖြစ်နေမိသည်။

ကိစ္စများ ပြီး၍ ရန်ကုန်ပြန်ကြရန် စီစဉ်သော်လည်း သင်္ဘောမရှိသေးသောကြောင့် မောင်ထွန်းမြတ်တို့အိမ်မှာပင် တည်းခိုနေထိုင်ရင်း သင်္ဘောစောင့်ကြရသည်။ ထိုရက်များအတွင်းမှာ ဆရာကြီးသူရဇ္ဇက ရင်းစီမံပြုလုပ်ထားသော ရွှေတုံးတစ်တုံးကို ဒေါ်မင်းဇာကို ပေးရုံမက မောင်ထွန်းမြတ်အတွက်လည်း ကာယသိဒ္ဓိပြီးစေသော ဓါတ်လုံးတစ်လုံးကို ပေးလေရာ များစွာဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။

ထိုရက်များအတွင်းမှာ ဆရာကြီးသူရဇ္ဇက ရွှေပုရပိုဒ်မှ မှတ်ယူလာသော ပညာရပ်များကို အခြားပုရပိုဒ်တစ်ခုထဲသို့ ကူးမှတ်နေသလို ကျွန်ုပ်အတွက်လည်း မှတ်သားထားသော အချက်အလက်များကို စာမူအကြမ်း ပြန်လည်ရေးသားနေချိန်မှာ ကျွန်ုပ်တို့ ဇာတ်လိုက်ကျော်ကြီး ဒေါက်တာမင်းထင်ကျော်ကတော့ မြနှင်းဖြူနှင့် စကားလက်ဆုံ ပြောမကုန်အောင် ရှိနေကြတော့သည်။

"ကဲ. . . အစ်ကိုတို့လည်း အလုပ်ကိစ္စတွေ ပြီးပြီ ဆိုတော့ သင်္ဘောရှိတာနဲ့ ရန်ကုန်ကို ပြန်ကြရတော့မယ်၊ မြနှင်းဖြူဆီက အဖြေလည်း မရသေးဘူး"

"ကျွန်မက အဖြေပေးတာတော့ ဟုတ်ပါပြီ၊ အစ်ကိုတို့က ရန်ကုန်ပြန်သွားတော့ ဘယ်လိုလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဒါတော့ လွယ်ပါတယ်၊ မြနှင်းဖြူကသာ ကိုယ့်မေတ္တာကို လက်ခံမယ်ဆိုရင် မပြန်ခင် လူကြီးတွေကို တစ်ခါတည်း ဖွင့်ပြောပြီးတော့ လက်ထပ်မယ်လေ၊ ပြီးတော့ ရန်ကုန်ကို တစ်ခါတည်း ခေါ်သွားမှာပေါ့ . . . မကောင်းဘူးလား"

"အခုလို ချက်ချင်းကြီး စီစဉ်ရတာဆိုတော့ မမြန်လွန်းဘူးလား အစ်ကိုရယ်"

"အို . . . ခေတ်ကာလကြီးက သိပ်ကောင်းတာ မဟုတ်ဘူး၊ အခွင့်သာတုန်း ခပ်မြန်မြန်လေး စီစဉ်လိုက်တာ အသေချာဆုံးပဲ"

ထိုစကားကြားသောအခါ မြနှင်းဖြူ မျက်နှာပေါ်မှာ အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေသည်။

"အစ်ကို ဒီလောက်မြန်မြန် စီစဉ်တယ်ဆိုရင်လည်း အစ်ကိုသဘောအတိုင်းသာ စီစဉ်ပါတော့၊ ကျွန်မ အစ်ကို့ရဲ့ မေတ္တာကို လက်ခံပါတယ်"

"ကိုယ် ဝမ်းသာလိုက်တာ မြလေးရယ်၊ အခုမှပဲ စိတ်အေးရတော့တယ်"

ဟု ပြောကာ မြနှင်းဖြူ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်လေသည်။

၎င်းတို့နှစ်ယောက်၏အခြေအနေကို ရိပ်မိသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် နှစ်ယောက်ချင်း တွေ့သောအခါ မေးကြည့်ရသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ အခုတစ်ခေါက်က





အမိဌာန်ခရီး ထွက်လာကြတာဆိုတော့ သေနတ်တော့ ယူမလာခဲ့ဘူး၊ ဒါပေမယ့် အချစ်တော့ ပါလာတယ်ပေါ့လေ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က ပြုံးလိုက်လေသည်။

"ဆရာကလည်း စာရေးဆရာမို့လို့ မပြောရဘူး၊ စကားလုံးတွေ တကယ်လည်း ထိတာပဲ၊ အချစ်က ကျွန်တော်က တကူးတက သယ်လာခဲ့တာ မဟုတ်ပါဘူး၊ သူ့သဘောနဲ့သူ အသည်းနှလုံးထဲမှာ ပုန်းပြီး လိုက်လာခဲ့တာပါ"

ဟု ပြန်ပြောရာ နှစ်ယောက်သား သဘောကျစွာဖြင့် ရယ်လိုက်ကြလေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (အထိကရပညာသမီး)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာမောက္ခ သုခိအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။(၂၀၀၃)ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်၊ သောကြာနေ့ မွန်းလွဲ(၁၁)နာရီ



www.burmeseclassic.com